# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


### အနှစ်ရှိသောတရားကိုရနိုင်

အနှစ်ရှိသောတရားကိုလည်း အနှစ်ရှိသောတရားဟူ၍၊ အနှစ်မရှိသော တရားကိုလည်း အနှစ်မရှိသောတရားဟူ၍ သိကြကုန်သောကြောင့် ထိုသူတို့သည် မှန်ကန်သော ကြံစည်မှုလျှင် အာရုံရှိကုန်ရကား အနှစ်ရှိသော တရားကို ရနိုင်ကြကုန်၏။

ယမကဝဂ်(ဓမ္မပဒ-၁၂)


၁၃၈၀ ပြည့်နှစ်၊ ပထမဝါဆိုလပြည့်ကျော် ၁၀ ရက် | ၂၀၁၈ ခုနှစ်၊ ဇူလိုင် ၇ ရက်၊ စနေနေ့ | အတွဲ (၅၇)၊ အမှတ် (၂၇၈)


# ဒုတိယသမ္မတ ဦးမြင့်ဆွေ ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကော်မတီနှင့် မြန်မာ့စီးပွားရေးလုပ်ငန်းရှင်များ၏ (၁၈)ကြိမ်မြောက် ပုံမှန်တွေ့ဆုံပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြား




ဒုတိယသမ္မတ ဦးမြင့်ဆွေ မြန်မာ့စီးပွားရေးလုပ်ငန်းရှင်များနှင့် (၁၈)ကြိမ်မြောက် ပုံမှန်တွေ့ဆုံပွဲတွင် အမှာစကားပြောကြားစဉ်။ သတင်းစဉ်

**ရန်ကုန် ဇူလိုင် ၆**

ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီနှင့် မြန်မာ့စီးပွားရေးလုပ်ငန်းရှင်များ၏ (၁၈)ကြိမ်မြောက် ပုံမှန်တွေ့ဆုံပွဲ အခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းရှိ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် အစည်းအဝေးခန်းမ၌ကျင်းပရာ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးမြင့်ဆွေ တက်ရောက်အမှာစကားပြောကြားသည်။

တွေ့ဆုံဆွေးနွေးပွဲသို့ ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဒုတိယဥက္ကဋ္ဌ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ ဒုတိယဝန်ကြီးများ ဖြစ်ကြသည့် ဦးအောင်ထူး၊ ဦးဝင်းမော်ထွန်းနှင့်


*စာမျက်နှာ ၃ ကော်လံ ၁* ❍


## ကိုယ့်နိုင်ငံရဲ့ ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းတွေ၊ အားသာချက်တွေကို ပြည်ပရင်းနှီးမြှုပ်နှံသူတွေ ပိုမိုသိရှိနားလည်အောင် နိုင်ငံတကာမှာ ထိတွေ့ကြိုးပမ်းဆောင်ရွက်သွားမှာဖြစ်


*တွေ့ဆုံမေးမြန်း- စာမျက်နှာ - ၅*


## ဂူအတွင်းပိတ်မိနေသည့် ထိုင်းဘောလုံးသမားလေးများကို ကမ္ဘာ့ဖလားဗိုလ်လုပွဲသို့ ဖီဖာဥက္ကဋ္ဌဖိတ်ကြား


*နိုင်ငံတကာသတင်း- စာမျက်နှာ - ၁၄*





# စိတ်ချရမှု၊ ဂုဏ်သိက္ခာနှင့် ဘဝမြင့်မားမှု

အပြည်ပြည်ဆိုင်ရာရေကြောင်းအဖွဲ့ (International Maritime Organization-IMO) သည် ကုလသမဂ္ဂ၏ နိုင်ငံတကာရေကြောင်းသွားလာရေး စနစ်တကျကြီးကြပ်ရသော အထူးအေဂျင်စီဖြစ်ပါသည်။ အပြည်ပြည်ဆိုင်ရာ ရေကြောင်းအဖွဲ့ (IMO) ကို ၁၉၅၈ ခုနှစ်၌ စတင်ထူထောင်ခဲ့ပြီး ရုံးချုပ်ကို ဗြိတိန်နိုင်ငံ လန်ဒန်မြို့၌ ထားရှိပါသည်။ အပြည်ပြည်ဆိုင်ရာရေကြောင်းအဖွဲ့ (IMO) က ၁၉၇၈ ခုနှစ်၌ ပြဋ္ဌာန်းခဲ့ပြီး ၁၉၈၄ ခုနှစ်၌ အသက်ဝင်လာခဲ့သော The International Convention on Standards of Training, Certification and Watchkeeping for Seafarers-STCW အရ အပြည်ပြည်ရေကြောင်းသွားလာရေး၌ တာဝန်ယူဆောင်ရွက်ရသည့် ပုဂ္ဂိုလ်တို့၏ အနိမ့်ဆုံးစံအရည်အသွေးတို့ကို သတ်မှတ်ပြဋ္ဌာန်းခဲ့ပါသည်။ ၁၉၉၅ ခုနှစ်၌ ပြင်ဆင်ပြဋ္ဌာန်းခဲ့သော စံအရည်အသွေးတို့ (STCW- 95)နှင့် ညီညွတ်သော နိုင်ငံတို့ကို စိတ်ချရသောနိုင်ငံစာရင်း (The White List)တွင် ထည့်သွင်းပေးပါသည်။

အပြည်ပြည်ဆိုင်ရာရေကြောင်းအဖွဲ့ (IMO) ၏ တာဝန်ရှိပုဂ္ဂိုလ်တို့သည် မြန်မာနိုင်ငံရှိ သင်တန်းကျောင်းများနှင့် တက္ကသိုလ်တို့က ၁၉၉၅ ခုနှစ် အပြည်ပြည်ရေကြောင်းသွားလာရေးဆိုင်ရာ ပုဂ္ဂိုလ်တို့၏ အနိမ့်ဆုံးစံသတ်မှတ်ချက်များနှင့် ကိုက်ညီမှု ရှိ/မရှိကို လာရောက်စစ်ဆေးခဲ့ပါသည်။ အဆိုပါ စစ်ဆေးတွေ့ရှိချက်တို့အပေါ်အခြေခံ၍ အပြည်ပြည်ဆိုင်ရာရေကြောင်းအဖွဲ့ (IMO)က မြန်မာနိုင်ငံကို စိတ်ချရသောနိုင်ငံများစာရင်း (White List) တွင် ထည့်သွင်းပေးခဲ့ပါသည်။ ဤကဲ့သို့ စိတ်ချရသောနိုင်ငံများစာရင်း (White List) တွင် မြန်မာနိုင်ငံ ပါဝင်လာခြင်းကြောင့် မြန်မာနိုင်ငံ၏ ရေကြောင်းဘက်ဆိုင်ရာ လေ့ကျင့်သင်ကြားခြင်း၊ လက်မှတ်ထုတ်ပေးခြင်းနှင့် တာဝန်ထမ်းဆောင်ခြင်းတို့သည် ၁၉၉၅ ခုနှစ်၊ အပြည်ပြည်ရေကြောင်းသွားလာရေးဆိုင်ရာ ပုဂ္ဂိုလ်တို့၏ အနိမ့်ဆုံးစံသတ်မှတ်ချက်နှင့် ညီညွတ်ကြောင်း အာမခံချက် ရရှိသွားပြီ ဖြစ်ပါသည်။ အပြည်ပြည်ဆိုင်ရာရေကြောင်းအဖွဲ့ (IMO)က စိတ်ချရသော နိုင်ငံများ ဟုတ်/မဟုတ် စစ်ဆေးခြင်းကို ငါးနှစ်တစ်ကြိမ်စစ်ဆေးပါသည်။

သို့ဖြစ်ပါ၍ မြန်မာနိုင်ငံသည် စိတ်ချရသော နိုင်ငံများစာရင်း (White List) တွင် ၂၀၁၇ ခုနှစ်မှစတင်၍ ၂၀၂၂ ခုနှစ်အထိ ပါဝင်နေမည် ဖြစ်ပါသည်။ ဤအချက်က မြန်မာနိုင်ငံ၏ လက်ရှိသင်္ဘောသားများနှင့် အနာဂတ်သင်္ဘောသားတို့၏ ဘဝအာမခံချက်ကို ထပ်ဆင့်ခိုင်မာစေမည် ဖြစ်ပါသည်။ သယ်ယူပို့ဆောင်ရေးဝန်ကြီးဌာနအောက်ရှိ မြန်မာနိုင်ငံ သင်္ဘောသား အလုပ်အကိုင်အခွင့်အလမ်း ကြီးကြပ်ရေးဌာန၏ ထုတ်ပြန်ချက်အရ သင်္ဘောသားများက နိုင်ငံအတွင်းသို့ ပြန်လည်လွှဲပြောင်းပေးပို့သော ငွေကြေးတို့အပေါ် ကောက်ခံရရှိသော နိုင်ငံတော်အခွန်ဘဏ္ဍာငွေသည် ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်တွင် အမေရိကန်ဒေါ်လာ ၂၅ သန်းရှိပါသည်။ နိဂုံးချုပ်အနေဖြင့် အပြည်ပြည်ဆိုင်ရာရေကြောင်းအဖွဲ့ (IMO) က မြန်မာနိုင်ငံအား စိတ်ချရသောနိုင်ငံများစာရင်း (White List) တွင် ဤကဲ့သို့ ထည့်သွင်းခဲ့ခြင်းကြောင့် သင်္ဘောသားတို့၏ ဘဝအာမခံချက် မြင့်မားလာခြင်းနှင့်အတူ နိုင်ငံတော်၏အခွန်ဘဏ္ဍာငွေများ တိုးမြှင့်ရရှိတော့မည်ဖြစ်၍ ကြိုဆိုဂုဏ်ပြုပါကြောင်း လေးစားစွာ တင်ပြအပ်ပါသည်။ ။

## မိုးလေဝသခန့်မှန်းချက်

**နေပြည်တော် ဇူလိုင် ၆**

နေပြည်တော်နှင့် ရန်ကုန်မြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်း ရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း၈၀ ဖြစ်သည်။

မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ မုတ်သုံလေအား အသင့်အတင့်ရှိမည်။

မိုး/ဇလ

# ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ တတိယအစည်းအဝေး၌ သတင်းရယူကြမည့် ပြည်တွင်း/ပြည်ပ မီဒီယာသမားများမှတ်ပုံတင်ခြင်း ဆောင်ရွက်နိုင်

**နေပြည်တော် ဇူလိုင် ၆**

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ - (၂၁) ရာစုပင်လုံ တတိယအစည်းအဝေးကို ဇူလိုင်လ ၁၁ ရက်နေ့မှ ၁၆ ရက်နေ့အထိ နေပြည်တော်ရှိ အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (၂) ၌ ကျင်းပမည် ဖြစ်သည်။

အဆိုပါ အခမ်းအနားသို့ တက်ရောက်သတင်းရယူလိုသည့် ပြည်တွင်း/ပြည်ပ သတင်းထောက်များအနေဖြင့် ပြန်ကြားရေးဝန်ကြီးဌာန၊ Website ဖြစ်သော www.moi.gov.mm တွင် Union Peace Conference – 21st Century Panglong (Third Session) ကို နှိပ်ကာ MEDIA REGISTRATION FORM တွင် ပြည့်စုံစွာ ဖြည့်စွက်ပြီး မှတ်ပုံတင်ပြုလုပ်ခြင်းကို ဇူလိုင်လ ၉ ရက်နေ့ ညနေ ၄ နာရီ နောက်ဆုံးထားဆောင်ရွက်ရန်နှင့် ဝင်/ထွက်ခွင့်ကတ်များကို ဇူလိုင်လ ၁၀ ရက်နေ့တွင် နံနက် ၁၀ နာရီမှ ညနေ ၄ နာရီအထိ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံး ၌ ထုတ်ပေးမည်ဖြစ်သည်။

နိုင်ငံတကာသတင်းထောက်များအနေဖြင့် နီးစပ်ရာသံရုံးများမှတစ်ဆင့် ဗီဇာလျှောက်ထားကြရမည်ဖြစ်ပြီး ပြည်တွင်း/ပြည်ပ အခြေစိုက် နိုင်ငံခြားသတင်းဌာနများနှင့် ပြည်တွင်းသတင်းထောက်များ ဝင်/ထွက်ခွင့် ရရှိရေးအတွက် သိရှိလိုပါက သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဖုန်း ၀၆၇-၃၄၁၂၁၂၅ နှင့် ၀၆၇-၃၄၁၂၁၂၆ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါကြောင်း ဖော်ပြအပ်ပါသည်။

**သတင်းစဉ်**

# ရန်ကုန်တက္ကသိုလ်နှင့် Yunnan Normal University တို့ပူးပေါင်း၍ မီဒီယာဆိုင်ရာထူးချွန်သူများ မွေးထုတ်မည်



ကူမင်းမြို့ရှိ ယူနန်ရုပ်မြင်သံကြားစက်ရုံသို့ မြန်မာသတင်းမီဒီယာအဖွဲ့ သွားရောက်လေ့လာစဉ်။ ဓာတ်ပုံ- မင်းထက်

**ကူမင်း ဇူလိုင် ၆**

တရုတ်- မြန်မာနှစ်နိုင်ငံကြား ချစ်ကြည်ရင်းနှီးမှု ပိုမိုမြင့်မားစေရန်နှင့် နှစ်နိုင်ငံကြား မီဒီယာကဏ္ဍဖွံ့ဖြိုး တိုးတက်စေရန် ရည်ရွယ်၍ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် ကူမင်းမြို့ရှိ Yunnan Normal University နှင့် ရန်ကုန်တက္ကသိုလ်တို့ ပူးပေါင်း၍ မီဒီယာဆိုင်ရာ ထူးချွန်သူများ မွေးမြူပေးသွားမည်ဖြစ်ကြောင်း Yunnan Normal University မှ အုပ်ချုပ်ရေးမှူး Mr. Xiong Yongxiang က ပြောသည်။

ကူမင်းမြို့၌ရောက်ရှိနေသော မြန်မာသတင်းမီဒီယာအဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် အသစ်ထပ်မံတိုးချဲ့ဖွင့်လှစ်လိုက်သော Yunnan Normal University သို့ရောက်ရှိရာ ယင်းတက္ကသိုလ်မှ အုပ်ချုပ်ရေးမှူးက အထက်ပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်သည်။

အဆိုပါတက္ကသိုလ်သည် ၁၉၈၄ ခုနှစ်တွင် ဆရာအတတ်သင်ကောလိပ်မှ Yunnan Normal University အဖြစ် ပြောင်းလဲဖွင့်လှစ်ခဲ့သော တက္ကသိုလ်တစ်ခုဖြစ်ပြီး တရုတ်နိုင်ငံတွင် အဆင့် ၃ ၌ ရပ်တည်နေသော တက္ကသိုလ်တစ်ခုဖြစ်သည်။ စတင်တည်ထောင်ခဲ့သောကာလမှ ယခု နှစ် ၈၀ ကျော်အတွင်း ကျောင်းသားခြောက်သောင်းကျော် မွေးထုတ်ပေးခဲ့သော တက္ကသိုလ်တစ်ခုဖြစ်သည်။ အထူးသဖြင့် ဆရာအတတ်သင်များကိုသာ မွေးထုတ်ပေးလျက်ရှိရာ ပြီးခဲ့သောမတ်လမှ စတင်ကာ သတင်းမီဒီယာဖွံ့ဖြိုးမှုအတွက် နိုင်ငံတကာသတင်းဆိုင်ရာ ကောလိပ်ကို တိုးချဲ့ဖွင့်လှစ်ပေးခဲ့သည်။

ထိုသို့ဖွင့်လှစ်ပေးသည့်အပြင် အရှေ့တောင်အာရှ၊ တောင်အာရှနိုင်ငံများရှိ စာနယ်ဇင်းသမားများကိုလည်း ရေတို၊ ရေရှည် မွမ်းမံသင်တန်းများ တိုးချဲ့လုပ်ဆောင်ပေးသွားမည့်အပြင် ဘီအေနှင့် ဘွဲ့လွန် မီဒီယာသမားများကိုလည်း မွေးမြူပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့ ဒီကျောင်းမှာ နိုင်ငံတကာသတင်းဆိုင်ရာ ကောလိပ်ကို ပြီးခဲ့တဲ့မတ်လက စတင်တိုးချဲ့ဖွင့်လှစ်ခဲ့တာပါ။ ဒီမှာ နိုင်ငံတော်အဆင့် သတင်းဆိုင်ရာသင်ကြားရေးစခန်းရှိသလို ယူနန်ဆိုင်ရာ သတင်းအချက်အလက်စခန်းလည်း ထားရှိပါတယ်။ အရှေ့တောင်အာရှ- တောင်အာရှ နိုင်ငံပေါင်း ၁၈ နိုင်ငံက ကျောင်းသားတွေကို နှစ်ဘာသာကျွမ်းကျင်အောင် ဆောင်ရွက်သွားမှာဖြစ်သလို မြန်မာနိုင်ငံက ရန်ကုန်တက္ကသိုလ်နဲ့လည်း ပူးပေါင်းပြီး မီဒီယာဆိုင်ရာ ထူးချွန်သူတွေ မွေးမြူပေးသွားမှာဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့ဆီက ဆရာ ဆရာမတွေနဲ့ ကျောင်းသား ကျောင်းသူတွေ ဒီနှစ်က စပြီး ရန်ကုန်တက္ကသိုလ်ကို သွားရောက်လေ့လာမှာဖြစ်ပါတယ်" ဟု အဆိုပါ တက္ကသိုလ်မှ အုပ်ချုပ်ရေးမှူးက ပြောသည်။

ကူမင်းမြို့ရှိ အသစ်ထပ်မံတိုးချဲ့ဖွင့်လှစ်လိုက်သော Yunnan Normal University ၏ သတင်းဆိုင်ရာကောလိပ်၌ ရိုးရိုးဘီအေဘွဲ့အတွက် မေဂျာ ခြောက်ခုထားရှိပြီး ဘွဲ့လွန်ကျောင်းသားများအတွက် မေဂျာသုံးခု ထပ်မံတိုးချဲ့သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မောင်စိန်လွင် (မြန်မာ့အလင်း)**

*ထင်သာမြင်သာပြုပြင်စရာ*

# ပန်းထိမ်းမန်းချောင်း၌ ခိုင်ခံ့သည့်တံတားထိုးပေးရန် မြစ်ဖျားကျေးရွာဒေသခံများ မျှော်လင့်နေ

မကွေးတိုင်းဒေသကြီး ငဖဲမြို့နယ် မြစ်ဖျားကျေးရွာအနီး ရွာ၏ ဆက်သွယ်ရေးလမ်းကြောင်းပေါ်ရှိ ပန်းထိမ်းမန်းချောင်း အကျယ်မှာ ပေ ၃၀၀ နီးပါးရှိပြီး ဇွန် ၂၆ ရက်က ကိုယ့်အားကိုယ်ကိုး သစ်သားတံတားတစ်စင်း ထိုးပြီးခဲ့သော်လည်း တံတားမှာ ခိုင်ခံ့မှုနည်းသည့်အတွက် တံတားပေါ်ဖြတ်သန်းရာတွင် စိုးရိမ်စွာဖြင့် ဖြတ်သန်းသွားလာနေရသည်။

အဆိုပါ ကျေးရွာသည် အိမ်ထောင်စု ၃၆၄ စု၊ အိမ်ခြေ ၃၂၆ အိမ်ရှိပြီး လူဦးရေပေါင်း ၁၃၀၀ ကျော် နေထိုင်လျက်ရှိသော ကျေးရွာတစ်ရွာဖြစ်သည်။

"ရွာမှာဖြစ်တဲ့ ကျန်းမာရေးအရေးပေါ်အခြေအနေတွေမှာ လူနာပို့ဆောင်ဖို့အတွက် အခက်အခဲတွေ ရှိခဲ့ပါတယ်။ ကျွန်တော်တို့ငယ်စဉ်ကတည်းက ဒီချောင်းရေပြင်ကိုဖြတ်ပြီး ပဒါန်းကို ပညာသွားရောက်သင်ကြားရတာပါ။ ရွာက တစ်နှစ်တစ်ခါ ကိုယ့်အားကိုယ်ကိုးတံတားလေးတွေ တည်ဆောက်ခဲ့ပေမယ့်လည်း ရေလာလိုက် ပါသွားလိုက်နဲ့ တစ်နှစ်ကို တံတားငါးစင်းလောက် ထိုးရလေ့ရှိပါတယ်။ ဒီနှစ်လည်း လတ်တလော တံတားတစ်စင်းတော့ ထိုးထားပါတယ်" ဟု ဒေသခံ ဦးမြသိန်းက ပြောသည်။



ယင်းကျေးရွာဒေသခံများအနေဖြင့် ကျန်းမာရေး၊ ပညာရေးနှင့် စီးပွားရေးပိုင်းတွင် နှောင့်နှေးကြန့်ကြာလျက်ရှိပြီး ကျောင်းသား ကျောင်းသူများ၊ ဒေသခံပြည်သူများ သွားလာမှုအဆင်ပြေစေရေး သက်ဆိုင်ရာမှ ခိုင်ခံ့သည့်တံတားတစ်စင်း အမြန်ဆုံးတည်ဆောက်ပေးရန် ဒေသခံများက လိုလားလျက်ရှိကြောင်း သိရသည်။ **ဇော်ဇော် (မြို့သစ်)**

# ဒီမိုကရေစီဝါဒကို ခေတ်စားအောင် လုပ်ရမယ်

**ဒီမိုကရေစီဝါဒကိုသာ ခေတ်စားအောင် လုပ်ရမယ်။ အဲဒီဝါဒမျိုးအရသာ လွတ်လပ်တဲ့ ဗမာနိုင်ငံထူထောင်နိုင်အောင် ကြိုးစားရမယ်။ ဒီမိုကရေစီဝါဒသာ လွတ်လပ်ရေးနဲ့ ဆီလျော်တယ်။ ဒီဝါဒသာ ငြိမ်းချမ်းရေးကို အားပေးတယ်။ အဲဒါကြောင့် (ဒီမိုကရေစီ)ဝါဒကို ကျွန်တော်တို့ ရည်ရွယ်ရမယ်။**

(၁၉၄၅ ခုနှစ် သြဂုတ်လ စတုတ္ထအကြိမ် နိုင်ငံ့ခေါင်းဆောင်များ အစည်းအဝေးတွင် ပြောကြားသည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)



## ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးသည် နိုင်ငံ၏စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက်သာမက ပြည်သူများ၏ လူမှုစီးပွားတိုးတက်ရေးအတွက်ပါ အဓိကကျသည့်အတွက် ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကို အလေးထား

❍ ရှေ့ဖုံးမှ

ဦးမောင်မောင်ဝင်း၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးများ၊ လုပ်ငန်းကော်မတီ (၅)ရပ်မှ တာဝန်ရှိသူများ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ ဦးဇော်မင်းဝင်း၊ ဒုတိယဥက္ကဋ္ဌများနှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ အမြဲတမ်းအတွင်းဝန်များနှင့် ညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာနိုင်ငံ လက်လီရောင်းချသူများအသင်း၊ မကွေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းနှင့် မြန်မာနိုင်ငံ လက်မှုအနုပညာအသင်းတို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

### (၇)ကြိမ်မြောက် ကျင်းပ

ရှေးဦးစွာ ဒုတိယသမ္မတ ဦးမြင့်ဆွေက အမှာစကားပြောကြားရာတွင် ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး မူဘောင်ပါကိစ္စရပ်များ ပိုမိုထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်စေရန်အတွက် ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီကို နိုင်ငံတော်သမ္မတရုံးမှ ၂၀၁၆ ခုနှစ် အောက်တိုဘာ ၂၄ ရက်တွင် စတင်ဖွဲ့စည်းခဲ့သည့်အတွက် သက်တမ်းတစ်နှစ်ခွဲကျော်ရှိပြီ ဖြစ်ပါကြောင်း၊ ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးသည် နိုင်ငံ၏စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက်သာမက ပြည်သူများ၏ လူမှုစီးပွားတိုးတက်ရေးအတွက်ပါ အဓိကကျသည့်အတွက် ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကို အလေးထားဆောင်ရွက်လျက်ရှိပါကြောင်း၊ ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးမူဘောင်ပါကိစ္စရပ်များကို ဆောင်ရွက်နိုင်ရန်အတွက် ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ အစည်းအဝေးကို နှစ်လတစ်ကြိမ် ကျင်းပပြုလုပ်လျက်ရှိရာ (၇)ကြိမ်မြောက်အထိ ကျင်းပခဲ့ပြီးဖြစ်ပါကြောင်း။

### အထူးအဖွဲ့များ ဖွဲ့စည်း

နယ်စပ်မှ တရားမဝင်ကုန်ပစ္စည်းများ ဝင်ရောက်လာမှုကြောင့် ပြည်တွင်းအသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ရပ်တည်ရန်ခက်ခဲခြင်း၊ တရားမဝင်ကုန်ပစ္စည်းများသည် နိုင်ငံတော်သို့ အခွန်ပေးဆောင်ခြင်းမရှိသည့်အတွက် ပြည်ပရင်းနှီးမြှုပ်နှံသူများအနေဖြင့် နည်းပညာနှင့် ဈေးကွက်ယှဉ်ပြိုင်မှုအခက်အခဲဖြစ်ပေါ်နေခြင်းတို့ကြောင့် တရားမဝင်ကုန်သွယ်မှုများကို တားဆီးထိန်းချုပ်နိုင်ရေးအတွက် ရေပူနှင့် မရမ်းချောင်ကုန်ပစ္စည်း စစ်ဆေးရေးစခန်းများတွင်သာမက နယ်စပ်ဒေသနှင့် ထိစပ်လျက်ရှိသည့် တိုင်းဒေသကြီး / ပြည်နယ်များတွင် အထူးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါကြောင်း။

### အကြံပြုချက် အချက် ၂၅၀ ရှိ

ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အထောက်အကူပြုနိုင်ရန်အတွက် စီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံ၍ အစုအဖွဲ့အလိုက်၊ လုပ်ငန်းကဏ္ဍများအလိုက် အခက်အခဲများကို ၂၀၁၆ ခုနှစ် ဒီဇင်ဘာလမှစတင်၍ ဖြေရှင်းပေးလျက်ရှိရာ ပြီးခဲ့သည့် မေလအထိ တွေ့ဆုံ ဆွေးနွေးမှုအကြိမ်ပေါင်း (၁၇)ကြိမ် ဆောင်ရွက်ခဲ့ပြီး အကြံပြုတင်ပြချက် စုစုပေါင်း အချက် ၂၅၀ ရှိခဲ့ပါကြောင်း၊ အဆိုပါအချက်များ အားလုံးကို သက်ဆိုင်ရာ စီးပွားရေးလုပ်ငန်းရှင်များထံသို့ အကြောင်းပြန်ကြားပေးပြီး ဖြစ်ပါကြောင်း။

### ပြီးပြတ်သည်အထိ ဖြေရှင်းပေး

အချို့ကိစ္စရပ်များသည် မပြီးပြတ်သေးဘဲ ဆက်လက်ဖြေရှင်းဆောင်ရွက်ပေးရမည့်လုပ်ငန်းများ ဖြစ်နေသည့်အတွက် လုပ်ငန်းကော်မတီ (၅)ရပ်အနေဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များ တွေ့ဆုံပြီး ဆွေးနွေးပွဲ (Public - Private Dialogue) များကို ပြုလုပ်၍ ပြီးပြတ်သည်အထိ ဖြေရှင်းဆောင်ရွက်ပေးလျက် ရှိပါကြောင်း။

### ပိုမိုတိုးတက်ဆောင်ရွက်နိုင်

ပြည်ပကုန်သွယ်မှု အခြေအနေကိုကြည့်လျှင် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် အမေရိကန်ဒေါ်လာ ၃၃ ဒသမ ၅၂ ဘီလီယံအထိ ဆောင်ရွက်နိုင်ခဲ့ပြီး ပုဂ္ဂလိကကဏ္ဍအနေဖြင့် အမေရိကန်ဒေါ်လာ ၂၇ ဒသမ ၂၄ ဘီလီယံရှိပြီး ရာခိုင်နှုန်းအားဖြင့် ၈၁ ရာခိုင်နှုန်းအထိ ဆောင်ရွက်နိုင်ခဲ့သည်ကို တွေ့ရှိရပါကြောင်း၊ ၂၀၁၈ ခုနှစ် ဇွန် ၂၂ ရက်အထိ ကိန်းဂဏန်းများအရ ကုန်သွယ်မှုပမာဏသည် အမေရိကန်ဒေါ်လာ ၇ ဒသမ ၉၁၃ ဘီလီယံအထိ ရရှိခဲ့ပြီး ယခင်နှစ် အလားတူ ကာလထက် အမေရိကန်ဒေါ်လာ ၉၇၇ သန်း ပိုမိုဆောင်ရွက်နိုင်ခဲ့ပြီး ကုန်သွယ်မှုအနေဖြင့် ပုဂ္ဂလိကကဏ္ဍမှ အမေရိကန်ဒေါ်လာ ၆ ဒသမ ၉၂၄ ဘီလီယံ ပါဝင်သည့်အတွက် ရာခိုင်နှုန်းအားဖြင့် ၈၇ ရာခိုင်နှုန်းအထိ ပိုမိုတိုးတက်ဆောင်ရွက်နိုင်သည်ကို တွေ့ရှိရပါကြောင်း။

### စနစ်တကျဖြေကြားရန်လို

စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် လွယ်ကူမှုရှိ၊ မရှိကို ကမ္ဘာ့ဘဏ်က နှစ်စဉ်ထုတ်ပြန်သည့် Ease of Doing Business အစီရင်ခံစာတွင် မြန်မာနိုင်ငံ၏ အဆင့်တိုးတက်လာအောင် ဆောင်ရွက်နိုင်ရန်အတွက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဆောင်သော Ease of Doing Business Ranking တိုးတက်ရေးလုပ်ငန်းအဖွဲ့ အနေဖြင့် ကမ္ဘာ့ဘဏ်မှ တာဝန်ရှိသူများနှင့် ပေါင်းစပ်၍ ကြိုးစားအကောင်အထည်ဖော်ဆောင်ရွက်နေသည်ကို တွေ့ရှိရသဖြင့် ယခင်ကထက် အမှတ်ကောင်းလာနိုင်မည်ဟု ယုံကြည်ပါကြောင်း၊ မေးမြန်းသည်များကို ဌာနဆိုင်ရာအပိုင်းနှင့် ပုဂ္ဂလိကအပိုင်းတို့အနေဖြင့် စိတ်ရှည်စွာဖြင့် စနစ်တကျဖြေကြားကြရန် လိုအပ်ပါကြောင်း။

### ပွင့်ပွင့်လင်းလင်းဆွေးနွေး

ယနေ့ဆွေးနွေးပွဲတွင် ပါဝင်ဆွေးနွေးမည့် အသင်းအဖွဲ့များအနေဖြင့် မိမိတို့အသင်းအဖွဲ့များ၏ တွေ့ကြုံနေရသော အခက်အခဲများကို ပွင့်ပွင့်လင်းလင်းဆွေးနွေးတင်ပြကြရန် လိုပါကြောင်း ဖြင့်ပြောကြားသည်။

ဆက်လက်၍ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်က ပို့ကုန်သွင်းကုန်လုပ်ငန်းများနှင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍများတွင် အကောင်အထည်ဖော် ဆောင်ရွက်နေမှုအခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

### စီးပွားရေးကဏ္ဍ ရှင်းလင်း

ထို့နောက် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ရန်ကုန်တိုင်းဒေသကြီးအတွင်း စီးပွားရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့် သက်မွေးပညာသင်တန်းကျောင်းများ ဖွင့်လှစ်ဆောင်ရွက်သွားမည့် အခြေအနေတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် ရှင်းလင်းပြောကြားစဉ်။
သတင်းစဉ်



ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း ရှင်းလင်းပြောကြားစဉ်။
သတင်းစဉ်



မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ ဦးဇော်မင်းဝင်း ရှင်းလင်းတင်ပြစဉ်။

ဆက်လက်၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ ဦးဇော်မင်းဝင်းက ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကဏ္ဍအလိုက်လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

### ကြုံတွေ့နေရသည့် အခက်အခဲများ

ထို့နောက် မြန်မာနိုင်ငံ လက်လီရောင်းချသူများအသင်း ဒုတိယဥက္ကဋ္ဌ ဦးမျိုးမင်းအောင်၊ မကွေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးစိန်အေးမောင်နှင့် မြန်မာနိုင်ငံ လက်မှုအနုပညာအသင်းဥက္ကဋ္ဌ ဦးသာခုတို့က သက်ဆိုင်ရာလုပ်ငန်းကဏ္ဍများအလိုက် ကြုံတွေ့နေရသည့် အခက်အခဲများအပေါ် ရှင်းလင်းဆွေးနွေးတင်ပြကြသည်။

ယင်းနောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်မှ ဒုတိယဥက္ကဋ္ဌ ဦးဝေဖြိုးက B4B Insights Forum မှ အကြံပြုချက်နှင့် စပ်လျဉ်း၍ လည်းကောင်း၊ ဒုတိယဥက္ကဋ္ဌ ဦးရဲမင်းအောင်က အခွန်၊ အကောက်ခွန်နှင့် စံချိန်စံညွှန်းပိုင်းဆိုင်ရာများနှင့် စပ်လျဉ်း၍ လည်းကောင်း၊ မြန်မာနိုင်ငံဆေးနှင့် ဆေးပစ္စည်းကုန်သည်များနှင့် လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးဇော်မိုးခိုင်က ဆေးနှင့် ဆေးပစ္စည်းများ တင်သွင်းမှုအခြေအနေနှင့် စပ်လျဉ်း၍ လည်းကောင်း အကြံပြုတင်ပြကြသည်။

အကြံပြုတင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယသမ္မတ၊ ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ပေါင်းစပ်ညှိနှိုင်းဖြေရှင်းပေးသည်။

ယင်းနောက် ဒုတိယသမ္မတက နိဂုံးချုပ်အမှာစကားပြောကြားပြီး တွေ့ဆုံပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

**သတင်းစဉ်**

## မြန်မာနိုင်ငံပြန်တမ်း

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် စက်မှုဝန်ကြီးဌာန၊ မြန်မာ့ဆေးဝါးလုပ်ငန်း ဦးဆောင် ညွှန်ကြားရေးမှူး ဦးကိုကိုအောင် ကို အစမ်းခန့်ကာလ (၁)နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

## မဲဆန္ဒရှင်ပြည်သူများသို့ မေတ္တာရပ်ခံချက်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၃ ရက်တွင်ကျင်းပမည့် ကြားဖြတ်ရွေးကောက်ပွဲအတွက် လစ်လပ်မဲဆန္ဒနယ်များတွင် ပါဝင်သည့် မြို့နယ်များ၌ ပြည့်စုံမှန်ကန်သော မဲဆန္ဒရှင်စာရင်းရရှိရေးအတွက် ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲ မဲဆန္ဒရှင်စာရင်းကိုအခြေခံ၍ သက်ဆိုင်ရာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများတွင် ပြုစုစိစစ်ခဲ့ပြီး ဖြစ်ပါသည်။

၂။ အဆိုပါ မဲဆန္ဒရှင်စာရင်းများကို **၉-၇-၂၀၁၈** ရက်နေ့မှ **၂၂-၇-၂၀၁၈** ရက်နေ့အထိ ၁၄ ရက်ကြာ သက်ဆိုင်ရာ ရပ်ကွက် / ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများနှင့် ကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာများတွင် ပထမအကြိမ်အဖြစ် ကပ်ထားကြေညာမည်ဖြစ်ပါသည်။ မဲဆန္ဒရှင်စာရင်းများ ကပ်ထားကြေညာစဉ် မဲဆန္ဒရှင်များက မဲစာရင်း လာရောက်ကြည့်ရှုမှသာ ပြည့်စုံမှန်ကန်သော မဲစာရင်းရရှိနိုင်မည် ဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ မဲဆန္ဒရှင်များအနေဖြင့် မဲဆန္ဒရှင်စာရင်းကို လာရောက်ကြည့်ရှုပြီး မိမိအမည် မဲစာရင်းတွင် မပါဝင်ပါက ပုံစံ (၃) ဖြင့် မဲစာရင်းတွင် အမည်ထည့်သွင်းပေးရန် တောင်းဆိုခြင်း၊ မပါဝင်သင့်သူများပါဝင်နေပါက ပုံစံ (၄) ဖြင့်ကန့်ကွက်ခြင်း၊ မဲစာရင်းပါအချက်အလက်များ မှားယွင်းနေပါက ပုံစံ (၄-က) ဖြင့် ပြင်ဆင်လွှာတင်သွင်းခြင်းတို့ကို ဆောင်ရွက်စေလိုပါသည်။ လိုအပ်သောပုံစံများကိုလည်း ရပ်ကွက် / ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများတွင် အခမဲ့ (အခမဲ့) ရယူနိုင်ပါသည်။ ထိုသို့ ဖြည့်စွက်ခြင်း၊ ပယ်ဖျက်ခြင်း၊ ပြင်ဆင်ခြင်းတို့ ဆောင်ရွက်ပြီးပါက ကြားဖြတ်ရွေးကောက်ပွဲအတွက် မဲဆန္ဒရှင်စာရင်းကို ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလအတွင်းတွင် နောက်ဆုံးအကြိမ်အဖြစ် ၁၄ ရက်ကြာ ထပ်မံကပ်ထားကြေညာမည်ဖြစ်ပါသည်။ မဲဆန္ဒရှင်များအနေဖြင့်လည်း လိုအပ်သော တောင်းဆိုမှု၊ ပြင်ဆင်မှု၊ ကန့်ကွက်မှုများ ထပ်မံဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။

၄။ ပြည့်စုံမှန်ကန်သော မဲဆန္ဒရှင်စာရင်းရရှိရန်အတွက် မဲဆန္ဒရှင်ပြည်သူများအနေဖြင့် အိမ်ထောင်စုတစ်စုလျှင် အနည်းဆုံး တစ်ဦး (မပျက်မကွက်) လာရောက်ကြည့်ရှုခြင်းဖြင့် ပူးပေါင်းကူညီဆောင်ရွက်ပေးကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးလှသိန်း ရုရှားသံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇူလိုင် ၆**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းသည် မြန်မာနိုင်ငံဆိုင်ရာ ရုရှားသံအမတ်ကြီး H.E. Dr. Nikolay Listopadov အား ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌရုံး ဧည့်တွေ့ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ၂၀၁၈ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲနှင့် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲများအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်မှု၊ ရွေးကောက်ပွဲလုပ်ငန်းစဉ်များတွင် ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဘက်မလိုက်ဘဲ တရားမျှတစွာဆောင်ရွက်မှု၊ ရွေးကောက်ပွဲကန့်ကွက်လွှာများအား စစ်ဆေးဆောင်ရွက်ခြင်း၊ နိုင်ငံပြင်ပရောက် မဲဆန္ဒရှင်များ ကြိုတင်ဆန္ဒမဲပေးခြင်းစသည့် လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ အမြင်ချင်း ဖလှယ်ခဲ့ကြပြီး မြန်မာနိုင်ငံ၏ ရွေးကောက်ပွဲလုပ်ငန်းများတွင် ရုရှားနိုင်ငံအနေဖြင့် ပူးပေါင်းကူညီဆောင်ရွက်နိုင်မည့် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**



**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်း မြန်မာနိုင်ငံဆိုင်ရာ ရုရှားသံအမတ်ကြီး H.E. Dr. Nikolay Listopadov အား လက်ခံတွေ့ဆုံစဉ်။**
သတင်းစဉ်

# ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင် မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇူလိုင် ၆**

ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်သည် မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံသံအမတ်ကြီး H.E. Mr. Ichiro MARUYA-MA အား ယနေ့ နံနက် ၁၀ နာရီခွဲတွင် နေပြည်တော်ရှိ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**



တွေ့ဆုံစဉ် ဂျပန်ခရီးသွားဧည့်သည်များအား ဗီဇာဖြေလျှော့မှုပေးမည့်ကိစ္စ၊ မြန်မာ-ဂျပန် ချစ်ကြည်ရင်းနှီးမှု၊ ချယ်ရီပန်းစိုက်ပျိုးပွဲတော်ကျင်းပမည့် အစီအစဉ်များ၊ လူငယ်များ အလုပ်အကိုင်အခွင့်အလမ်း ပိုမိုတိုးပွားရေးအတွက် အသက်မွေးဝမ်းကျောင်း ပညာရပ်များနှင့် ဟိုတယ်စီမံခန့်ခွဲမှု ဘာသာရပ်များ သင်ကြားရေးအတွက် ဂျပန်နိုင်ငံမှ သင်တန်းကျောင်းများ လာရောက်ဖွင့်လှစ်မည့် ကိစ္စ၊ ၂၀၁၈ ခုနှစ် ဂျပန်ခရီးသွားပြပွဲ (JATA 2018) ၌ မြန်မာနိုင်ငံမှ ပါဝင်ပြသမည့်အစီအစဉ်များ၊ နှစ်နိုင်ငံအကြား ခရီးသွားလုပ်ငန်း ပိုမိုပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## (၁၅)ကြိမ်မြောက် တရုတ်-အာဆီယံကုန်စည်ပြပွဲနှင့် (၁၅)ကြိမ်မြောက် တရုတ်-အာဆီယံ ရင်းနှီးမြှုပ်နှံမှုထိပ်သီးအစည်းအဝေးကျင်းပမည်

**နေပြည်တော် ဇူလိုင် ၆**

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့သည် ပို့ကုန်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံတကာကုန်သွယ်မှုမြှင့်တင်ရေး ဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ နိုင်ငံတကာကုန်စည်ပြပွဲများသို့ သွားရောက်ပြသနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိသည်။

(၁၅) ကြိမ်မြောက် တရုတ်-အာဆီယံကုန်စည်ပြပွဲ (The 15th China-ASEAN Expo) နှင့် (၁၅) ကြိမ်မြောက် တရုတ်-အာဆီယံ ရင်းနှီးမြှုပ်နှံမှု ထိပ်သီးအစည်းအဝေး (The 15th China-ASEAN Business and Investment Summit) ကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ရှီးပြည်နယ် နန်နင်းမြို့တွင် စက်တင်ဘာ ၁၂ ရက်မှ ၁၅ ရက်အထိ ကျင်းပမည်ဖြစ်ရာ မြန်မာနိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များ ပါဝင်ပြသနိုင်ရန် ဖိတ်ခေါ်ထားသည်။

ပြပွဲနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ နေပြည်တော် ဖုန်း ၀၆၇-၄၃၀၄၄၆၊ ၄၃၀၄၄၇၊ ဖက်(စ်) ၀၆၇-၄၃၀၁၂၈၊ email: moctradefair@gmail.com နှင့် မြန်မာကုန်သွယ်မှုဗဟိုဌာန (ရန်ကုန်) ဖုန်း ၀၁-၂၅၄၀၂၄၊ email:itpic.moc@gmail.com တို့သို့ ဆက်သွယ်စုံစမ်း မေးမြန်းနိုင်ကြောင်း သိရသည်။ **သတင်းစဉ်**

# ဗဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်) အဆင့်မြင့်အရာထမ်းစီမံခန့်ခွဲမှုသင်တန်း အမှတ်စဉ်(၃)သင်တန်းဆင်း

**နေပြည်တော် ဇူလိုင် ၆**

ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) အဆင့်မြင့်အရာထမ်း စီမံခန့်ခွဲမှုသင်တန်း အမှတ်စဉ်(၃) သင်တန်းဆင်းပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် နဝရတ်ခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**



သင်တန်းဆင်းပွဲသို့ ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာဝင်းသိမ်း၊ အဖွဲ့ဝင် ဦးဝင်းမော်၊ အဖွဲ့ဝင် ဦးစောဗယ်လင်တိုင်း၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်စိုး၊ ဒုတိယအမြဲတမ်းအတွင်းဝန် ဦးမြင့်ဆွေ၊ ပါမောက္ခချုပ် ဦးညီညီစံ၊ ဒုတိယပါမောက္ခချုပ်၊ ပါမောက္ခဆရာဆရာမများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာဝင်းသိမ်းက သင်တန်းသား သင်တန်းသူများသည် ဝန်ကြီးဌာန၊ အဖွဲ့အစည်းများ၏ ရည်မှန်းချက်၊ ရည်ရွယ်ချက်များ အောင်မြင်ရန် အဓိကကျသော စီမံခန့်ခွဲမှုအခန်းကဏ္ဍမှ ဆောင်ရွက်နေသူများဖြစ်သည့်အတွက် စီမံခန့်ခွဲ အုပ်ချုပ်မှု စွမ်းရည်များနှင့် နည်းပညာ၊ အတတ်ပညာ၊ ဗဟုသုတများကိုလည်း အမြဲလေ့လာနေရန်လိုကြောင်း၊ Global Literacy ဆိုတဲ့ ကမ္ဘာလုံးဆိုင်ရာ စာတတ်မြောက်မှု တစ်နည်းအားဖြင့် စာတတ်ပေတတ်ဆိုသည်မှာ Language Literacy , Computer Literacy နဲ့ Digital Literacy ဆိုသော အတတ်ပညာသုံးခုကို တတ်မြောက်မှသာလျှင် Global Literacy ဟု သတ်မှတ်နိုင်မည်ဖြစ်သဖြင့် အဆိုပါ အတတ်ပညာရပ်များကို ဆည်းပူးတတ်မြောက်ထားရန် လိုအပ်ပါကြောင်း၊ သို့မှသာ လက်အောက်ဝန်ထမ်းများကို မှန်ကန်သော ဦးဆောင်လမ်းညွှန်မှုများ ချမှတ်ပေးနိုင်ပြီး အထက်အဆင့်များကိုလည်း တာဝန်ခံမှု၊ တာဝန်ယူမှုများဖြင့် အထောက်အကူပြုပေးနိုင်သည့် အရည်အသွေးနှင့် စွမ်းဆောင်ရည်ပြည့်ဝသူများ ဖြစ်လာမည် ဖြစ်ပါကြောင်း။

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အစိုးရအနေဖြင့် အဘက်ဘက်က အားထုတ်ကြိုးပမ်းဆောင်ရွက်လျက်ရှိရာတွင် နိုင်ငံတော်သမ္မတကြီး၏ ပြည်ထောင်စုလွှတ်တော်တွင် ပြုလုပ်သည့် ကတိသစ္စာပြုပွဲအခမ်းအနား၌ ပြောကြားသည့် အမှာစကားတွင် ဒီနေ့၊ ဒီအချိန်အခါဟာ ဒီမိုကရေစီကျင့်စဉ်နှင့်အညီ ခေတ်ပြောင်း၊ စနစ်ပြောင်းကာလဖြစ်ပါတယ်၊ ဒီမိုကရေစီ အသွင်ကူးပြောင်းရေးကာလရဲ့ အစပဲ ရှိပါသေးတယ်။ ဒီပြောင်းလဲမှုဖြစ်စဉ်ကြီး အောင်မြင်ချောမွေ့စေရန် ပြည်သူ၊ ပြည်သားများနှင့်အညီ နိုင်ငံ့ဝန်ထမ်းများ၊ ပြည်သူ့ဝန်ထမ်းများ အားလုံးရဲ့ ပုံစံကျနေတဲ့ အတွေးအမြင်တွေ၊ ပုံသေကားကျ အလေ့အထတွေအားလုံးကို ပြုပြင်ပြောင်းလဲပေးကြရန် အထူးလိုအပ်လှပါကြောင်း၊ ပြည်သူတွေအတွက် ဝန်ထုပ်ဝန်ပိုးဖြစ်စေတဲ့ ကြိုးနီစနစ်တွေ၊ လူ့အဖွဲ့အစည်းအတွင်း လှိုက်စားနေတဲ့ အဂတိလိုက်စားမှုတွေကို စနစ်တကျ တိုက်ဖျက်သွားပြီး နိုင်ငံသူ၊ နိုင်ငံသားတွေရဲ့ စာရိတ္တမဏ္ဍိုင်ကို ခိုင်မာအောင် ကြိုးပမ်းဆောင်ရွက်သွားကြရမှာဖြစ်သည်ဟု လမ်းညွှန်ခဲ့ပါကြောင်း။

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် စီးပွားရေးလုပ်ငန်းရှင်များ ပထမအကြိမ်တွေ့ဆုံပွဲတွင် “ခေတ်သစ်တစ်ခုကို အကောင်အထည်ဖော်ရာတွင် ပညာ၊စေတနာ၊ သတ္တိဆိုတဲ့အရာ သုံးမျိုးလိုအပ်ကြောင်း၊ ပညာရှိမှသာမှန်ကန်တဲ့ လမ်းမှန်ကို ရွေးတတ်ပြီး လမ်းမှန်ပေါ် ရောက်ရှိမည်ဖြစ်ကြောင်း၊ လမ်းမှန်ကိုသိသော်လည်း သွားချင်တဲ့စေတနာရှိဖို့လိုကြောင်း၊ မိမိအကျိုးစီးပွား၊ အဖွဲ့အစည်း အကျိုးစီးပွားသာမက နိုင်ငံ့အကျိုးစီးပွားအတွက် ဆောင်ရွက်ပေးလိုတဲ့ စေတနာရှိမှသာ လမ်းမှန်ကို လျှောက်လှမ်းနိုင်မည်ဖြစ်ကြောင်း၊ သတ္တိရှိစွာဖြင့် လမ်းသစ်ကို လျှောက်လှမ်းရန်လည်း လိုကြောင်း၊ ဒီ့အပြင် ခေါင်းဆောင်မှုအတတ်ပညာသင်တန်းများ တက်ရောက်ထားကြရန် လိုအပ်ကြောင်း၊ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး စသည့်ကဏ္ဍများတွင် ခေါင်းဆောင်မှုကို မည်သို့ပေးရမည်၊ ခေါင်းဆောင်မှုကို မည်သို့ရယူရမည်တို့ကို သင်ယူကြရမည်ဖြစ်သလို နောက်လိုက်ကောင်းဖြစ်အောင်သင်ယူရန်လိုကြောင်း”နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က လမ်းညွှန်မှာကြားခဲ့ပါကြောင်း၊ ယင်းလမ်းညွှန်မှာကြားချက်များကို အလေးထားလိုက်နာ ဆောင်ရွက်စေလိုပါကြောင်း။

နိုင်ငံတော်အစိုးရကိုယ်စား ပြည်ထောင်စုရာထူးဝန်အဖွဲ့က ဝန်ကြီးဌာန၊ အဖွဲ့အစည်းများရှိ အဆင့်မြင့်အရာရှိကြီးများအား စွမ်းရည်မြှင့်သင်တန်းများ ဖွင့်လှစ်လေ့ကျင့်ပေးခြင်းဖြင့် တစ်ဦးချင်းစီ၏ အရည်အသွေး ဖွံ့ဖြိုးတိုးတက်မှုမှသည် အဖွဲ့အစည်းတစ်ခုလုံး၏ အရည်အသွေး ဖွံ့ဖြိုးတိုးတက်မှုကို ရရှိလာမည်ဖြစ်ပါကြောင်း၊ နိုင်ငံ့ဝန်ထမ်းများကို Skill ၊ Knowledge ၊ Expertise တိုးတက်လာစေရန် လေ့ကျင့်ပေးလျက်ရှိရာ သင်တန်းသူ သင်တန်းသားများကလည်း Return of Investment အနေဖြင့် မိမိရာထူးအဆင့်နှင့် လျော်ညီသော အရည်အသွေးနှင့် စွမ်းဆောင်ရည် တိုးတက်လာရန် အစဉ်လေ့လာသင်ယူပြီး နိုင်ငံတော်ကို ပြန်လည်အလုပ်အကျွေးပြုရန် လိုအပ်ပါကြောင်း။

သင်တန်းမှရရှိသော ဘာသာရပ်ဆိုင်ရာ ဗဟုသုတများနှင့် အတွေ့အကြုံများကို စနစ်တကျပေါင်းစပ်ပြီး အကျိုးရှိရှိအသုံးချကြရန်၊ မိမိတို့ သင်တန်းသား သင်တန်းသူများ အချင်းချင်း နှစ်လတာ တွေ့ဆုံရင်းနှီးခဲ့ကြမှုကို တန်ဖိုးထားပြီး အပြန်အလှန်ကူညီကြရန်နှင့် ဝန်ကြီးဌာနအဖွဲ့အစည်းအတွင်းမှာ တာဝန်ယူမှု၊ တာဝန်ခံမှုများနှင့် ပူးပေါင်းဆောင်ရွက်ကြရန်၊ နိုင်ငံတော်၏ တာဝန်များကို ကိုယ်ကျရာကဏ္ဍမှ စေတနာကောင်းများဖြင့် တာဝန်ကျေပွန်စွာ ဆောင်ရွက်နိုင်ရုံသာမက မိမိလုပ်ခဲ့သမျှကို ဂုဏ်ယူတတ်ရန်နှင့် ဂုဏ်ယူနိုင်အောင် ဆက်လက်ကြိုးစားကြရန်၊ ယနေ့ တိုင်းပြည်အပေါ်ဆောင်ရွက်ပေးသော ဝန်ဆောင်မှုနည်းနေမည်ဆိုလျှင် နောက်နေ့မှာ ထပ်ကြိုးစားပြီး ဖြည့်တင်းပေးကြရန်နှင့် လုပ်ငန်းတာဝန်များကို ထူးချွန်ပြောင်မြောက်စွာ ဆောင်ရွက်နိုင်စွမ်းရှိသူများအဖြစ် အစဉ်ကြိုးပမ်းထမ်းဆောင်ပြီး နိုင်ငံ့တာဝန်များကို ရာထူးများအဆင့်ဆင့် တိုးမြှင့်ခံစားကာ ထမ်းဆောင်နိုင်ကြပါစေဟု ပြောကြားသည်။

ထို့နောက် သင်တန်းသား သင်တန်းသူများကို သင်တန်းပြီးမြောက်ကြောင်း လက်မှတ်များပေးအပ်၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ သင်တန်းကို မေ ၁၄ ရက်မှ ဇူလိုင် ၆ ရက်အထိ ရှစ်ပတ်ကြာမြင့်ခဲ့ပြီး ဝန်ကြီးဌာန၊ အဖွဲ့အစည်း ၂၃ ခုမှ ညွှန်ကြားရေးမှူး အဆင့် အရာထမ်း ၄၁ ဦး တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ကိုယ့်နိုင်ငံရဲ့ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းတွေ၊ အားသာချက်တွေကို ပြည်ပရင်းနှီးမြှုပ်နှံသူတွေ ပိုမိုသိရှိနားလည်အောင် နိုင်ငံတကာမှာ ထိတွေ့ကြိုးပမ်းဆောင်ရွက်သွားမှာဖြစ်

**မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းသည် ဟောင်ကောင်တွင် ဇွန် ၂၇ ရက်မှ ၂၈ ရက်အထိ ကျင်းပခဲ့သည့် ရပ်ဝန်းနှင့် လမ်းကြောင်းညီလာခံ (Belt and Road Summit) ကို တက်ရောက်ခဲ့ပါသည်။ အဆိုပါ ညီလာခံမှတစ်ဆင့် ဟောင်ကောင်သည် မြန်မာနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုအခန်းကဏ္ဍ မြှင့်တင်ရေးအတွက် ပါဝင်လာမည့် အခြေအနေနှင့် မြန်မာနိုင်ငံစီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရင်းနှီးမြှုပ်နှံမှုအခန်းကဏ္ဍမှ ဆောင်ရွက်သွားမည့် အခြေအနေများနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင် ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းအား တွေ့ဆုံမေးမြန်းခဲ့ပါသည်။**

**မေး ။ ပြည်ထောင်စုဝန်ကြီးအနေနဲ့ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး ပြည်ထောင်စုဝန်ကြီး၊ အမျိုးသားလုံခြုံရေးဆိုင်ရာအကြံပေးပုဂ္ဂိုလ် တာဝန်တို့အပြင် ဇွန်လဆန်းကစပြီး နိုင်ငံစီးပွားရေးအတွက် အရေးအကြီးဆုံး ကဏ္ဍတစ်ခုဖြစ်တဲ့ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်ရဲ့ဥက္ကဋ္ဌအဖြစ် တာဝန်ပေးအပ်ခြင်းခံရတာကို တွေ့ရပါတယ်။ ကော်မရှင်ရဲ့ဥက္ကဋ္ဌတစ်ဦးအနေနဲ့ နိုင်ငံရဲ့ ရင်းနှီးမြှုပ်နှံမှု တိုးတက်လာစေဖို့ ဆောင်ရွက်သွားမယ့်အခြေအနေကို သိပါရစေ။**

ဖြေ ။ ပထမဆုံး ပြောချင်တာကတော့ အစိုးရအနေနဲ့ ရေရှည်တည်တံ့ခိုင်မြဲတဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု (sustainable economic development) ရရှိစေဖို့ အလေးထားဆောင်ရွက်နေပါတယ်။ ဒီလို စီးပွားရေးတိုးတက်ဖို့ကြိုးပမ်းတဲ့နေရာမှာ တာဝန်သိတဲ့ ရင်းနှီးမြှုပ်နှံမှုမျိုး (responsible investment) ပိုမိုတိုးတက်ဝင်ရောက်လာအောင် တွန်းအားပေး ဆောင်ရွက်သွားရမှာဖြစ်သလို စီးပွားရေးလုပ်ငန်းတွေကို မှန်ကန်တဲ့လမ်းကြောင်းအတိုင်း လုပ်ကိုင်ဆောင်ရွက်တတ်တဲ့ အလေ့အထ ပိုမိုထွန်းကားလာစေဖို့ ကြိုးပမ်းဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။




ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း

### အားသွန်ခွန်စိုက်ကြိုးစားရမှာဖြစ်

မြန်မာနိုင်ငံရဲ့ အခုလက်ရှိအနေအထားကို ကြည့်ရင် ရင်းနှီးမြှုပ်နှံမှုအပိုင်းမှာ အရင်နှစ်များနဲ့ယှဉ်ရင် အနည်းငယ်နှေးကွေးနေတာ တွေ့ရပါတယ်။ ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်စေဖို့ ပြုပြင်ပြောင်းလဲမှုတွေအများကြီး လုပ်ခဲ့ပေမယ့်လည်း World Bank က ထုတ်ပြန်ခဲ့တဲ့ Ease of Doing Business Ranking အရ ကျွန်တော်တို့နိုင်ငံက အဆင့် ၁၇၁ ဖြစ်နေပြီး အာရှ-ပစိဖိတ်ဒေသနိုင်ငံတွေထဲမှာ ဒုတိယအနိမ့်ဆုံး ဖြစ်နေပါတယ်။ ဒါ့ကြောင့် ကျွန်တော်တို့အနေနဲ့ ပိုမိုကောင်းမွန်တဲ့ ရင်းနှီးမြှုပ်နှံမှုဝန်းကျင်ရရှိအောင် အားသွန်ခွန်စိုက် ကြိုးစားရမှာဖြစ်ပါတယ်။

အခုပြဋ္ဌာန်းပြီးဖြစ်တဲ့ Myanmar Investment Law၊ Company Law အပါအဝင် ဥပဒေ၊ စည်းမျဉ်းပိုင်းတွေမှာ ရင်းနှီးမြှုပ်နှံသူတွေအတွက် အခွင့်အလမ်းအသစ်တွေ၊ ကာကွယ်မှုတွေ အများကြီးပေးထားတဲ့အတွက် ရင်းနှီးမြှုပ်နှံမှု ပြန်လည်တိုးတက်လာစေဖို့ အများကြီးအထောက်အကူဖြစ်ပါတယ်။ အထူးသဖြင့် Company Law သြဂုတ်လ ၁ ရက်နေ့က စတင်အသက်ဝင်တဲ့အခါ ရင်းနှီးမြှုပ်နှံမှုတွေ ပိုဆွဲဆောင်နိုင်မှာ ဖြစ်ပါတယ်။ ဒီဥပဒေအရ နိုင်ငံခြားကုမ္ပဏီတွေအနေနဲ့ ပြည်တွင်းကုမ္ပဏီတွေမှာ ၃၅ ရာခိုင်နှုန်းအထိ ရှယ်ယာပိုင်ဆိုင်ခွင့်ရရှိမှာဖြစ်ပါတယ်။ ဒါ့အပြင် Electronic registration လုပ်နိုင်တော့မှာ ဖြစ်တဲ့အတွက် Ease of Doing Business Ranking မှာလည်း အဆင့်ပြန်တက်လာနိုင်မှာဖြစ်ပါတယ်။

ဥပဒေစည်းမျဉ်းအပိုင်းတွေမှာ ပြုပြင်ပြောင်းလဲမှုတွေ လုပ်သလို လိုအပ်တဲ့ လုပ်ထုံးလုပ်နည်း၊ အဖွဲ့အစည်းပိုင်း ပြုပြင်ပြောင်းလဲမှု ဆက်လုပ်သွားဖို့ ရှိပါတယ်။

MIC ကိုလည်း စီမံခန့်ခွဲမှုပုံစံအသစ်နဲ့ ဆောင်ရွက်သွားပါမယ်။ MIC အနေနဲ့ ပိုပြီး အရည်အချင်းပြည့်ဝစွာနဲ့ ကြိုးပမ်းဆောင်ရွက်မှာဖြစ်သလို လုပ်ငန်းတွေကို ပွင့်လင်းမြင်သာမှုရှိစွာ ဆောင်ရွက်သွားပါမယ်။ ပွင့်လင်းမြင်သာမှု (transparency) ကတော့ အခု ဒီမိုကရေစီ အစိုးရလက်ထက်မှာ အရေးကြီးဆုံးပါပဲ။

ကိုယ့်ဆီလာတဲ့ ရင်းနှီးမြှုပ်နှံမှုကို လက်ခံရုံသာမက နိုင်ငံတကာမှာ နာမည်ကောင်းနဲ့ ထင်ရှားတဲ့လုပ်ငန်းကြီးတွေ ကိုယ့်နိုင်ငံကို လာရောက်ရင်းနှီးမြှုပ်နှံဖို့ ရွေးချယ်ခေါ်ယူသွားမယ့် proactive approach နဲ့လည်း ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

> ◆ **ကိုယ့်ဆီလာတဲ့ ရင်းနှီးမြှုပ်နှံမှုကို လက်ခံရုံသာမက နိုင်ငံတကာမှာ နာမည်ကောင်းနဲ့ ထင်ရှားတဲ့လုပ်ငန်းကြီးတွေ ကိုယ့်နိုင်ငံကို လာရောက်ရင်းနှီးမြှုပ်နှံဖို့ ရွေးချယ်ခေါ်ယူသွားမယ့် proactive approach နဲ့လည်း ဆောင်ရွက်သွားမှာဖြစ်**
>
> ◆ **လက်ရှိကျင့်သုံးနေတဲ့ လုပ်ထုံးလုပ်နည်းတွေမှာ မလိုအပ်ဘဲ နှောင့်နှေး ကြန့်ကြာစေတဲ့ အဆင့်တွေကို အမြန်ဆုံးရှာဖွေ ဖော်ထုတ်ပြုပြင်သွားမှာဖြစ်**

တစ်ဖက်မှာလည်း ကိုယ့်နိုင်ငံရဲ့ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းတွေ ၊ ကိုယ့်နိုင်ငံရဲ့အားသာချက်တွေကို ပြည်ပရင်းနှီးမြှုပ်နှံသူတွေပိုမိုသိရှိနားလည်အောင် နိုင်ငံတကာမှာ ထိတွေ့ကြိုးပမ်းဆောင်ရွက်သွားမှာဖြစ်သလို ကိုယ့်နိုင်ငံမှာ ရင်းနှီးမြှုပ်နှံချင်အောင်၊ ရင်းနှီးမြှုပ်နှံရင်လည်း investment ဖြစ်ရင် ပြီးရောမျိုးမဟုတ်ဘဲ မြန်မာပြည်သူတွေနဲ့ မြန်မာနိုင်ငံအတွက် ဘေးထွက်ဆိုးကျိုး နည်းစေမယ့်၊ ဘေးထွက်ဆိုးကျိုးဖြစ်ပေါ်မှုတွေကို တာဝန်သိစွာဆောင်ရွက်တဲ့ ရင်းနှီးမြှုပ်နှံမှုမျိုး responsible investment ဝင်ရောက်လာစေဖို့ ကြိုးပမ်းသွားမှာ ဖြစ်ပါတယ်။

MIC အနေနဲ့ ရင်းနှီးမြှုပ်နှံမှုတွေ ဒီ့ထက်စီးဝင်စေဖို့ reform process ကို အရှိန်မြှင့်ဆောင်ရွက်သလို ဒီ reform တွေအပေါ်မှာ ရင်းနှီးမြှုပ်နှံသူတွေရဲ့ယုံကြည်မှု ဆတက်ထမ်းပိုးတိုးတက်အောင် ကြိုးစားသွားပါမယ်။ ရင်းနှီးမြှုပ်နှံသူတွေရဲ့ confidence နဲ့ trust မရှိဘဲနဲ့ ရင်းနှီးမြှုပ်နှံမှုတိုးတက်လာမှာ မဟုတ်ပါဘူး။

လက်ရှိကျင့်သုံးနေတဲ့ လုပ်ထုံးလုပ်နည်းတွေမှာ မလိုအပ်ဘဲ နှောင့်နှေးကြန့်ကြာစေတဲ့ အဆင့်တွေကို အမြန်ဆုံးရှာဖွေဖော်ထုတ်ပြုပြင်သွားမှာဖြစ်ပါတယ်။ လုပ်ငန်းများပိုမိုလွယ်ကူလျင်မြန်စွာဆောင်ရွက်နိုင်ဖို့ သက်ဆိုင်ရာဝန်ကြီးဌာန၊ ပြည်နယ်နဲ့ တိုင်းဒေသကြီးအစိုးရအဖွဲ့အစည်းတွေနဲ့ ပိုမိုညှိနှိုင်းဆောင်ရွက်သွားပါမယ်။

### မှန်ကန်တဲ့ ရင်းနှီးမြှုပ်နှံမှု

ကျွန်တော်တို့နိုင်ငံရဲ့ ဦးစားပေးစီးပွားရေးလုပ်ငန်းတွေ ဥပမာ စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်းတွေ၊ အထည်ချုပ်လုပ်ငန်းလို လုပ်သားအခြေပြုလုပ်ငန်း၊ အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းတွေမှာ မှန်ကန်တဲ့ ရင်းနှီးမြှုပ်နှံမှုတွေ ဝင်ရောက်လာပြီး ကာလတိုအပိုင်းအခြားတစ်ခုစီအတွင်းမှာ မြင်သာတဲ့ရလဒ်နဲ့ တိုးတက်မှုရှိဖို့ ကြိုးပမ်းဆောင်ရွက်ရမှာ ဖြစ်တယ်။

နိုင်ငံတစ်နိုင်ငံရဲ့ စီးပွားရေးနဲ့ အမျိုးသားလုံခြုံရေးဟာ ဒွန်တွဲနေပါတယ်။ အမျိုးသားလုံခြုံရေး ရှုထောင့်က ပြောမယ်ဆိုရင် “Economic Security”ရှိမှ “National Security” ကို များစွာအထောက်အကူပြုမှာ ဖြစ်ပါတယ်။

ဒါ့ကြောင့် ကျွန်တော့်အနေနဲ့ ရင်းနှီးမြှုပ်နှံမှု တိုးတက်လာစေဖို့ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်ဥက္ကဋ္ဌအနေနဲ့ လိုအပ်တဲ့ ပြုပြင်ပြောင်းလဲမှုတွေ ဆောင်ရွက်သလို ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးအနေနဲ့ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့တွေနဲ့လည်း ညှိနှိုင်းဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

**မေး ။ အစိုးရအနေနဲ့ ကျောက်ဖြူရေနက်ဆိပ်ကမ်းစီမံကိန်းကို အကောင်အထည်ဖော်ဖို့ တရုတ်နိုင်ငံနဲ့ ညှိနှိုင်းဆောင်ရွက်နေကြောင်း သိရပါတယ်။ ကျောက်ဖြူရေနက်ဆိပ်ကမ်းစီမံကိန်းနဲ့ ပတ်သက်ပြီး ပြည်တွင်း ပြည်ပမှာ တရုတ်နိုင်ငံရဲ့ကြွေးမြီဝန်ပိမှာကို စိုးရိမ်ကြောင်း ဝေဖန်ပြောဆိုမှုလေးတွေ ထွက်ပေါ်နေပါတယ်။ ဒီကိစ္စနဲ့ပတ်သက်ပြီး ပြည်ထောင်စုဝန်ကြီးအနေနဲ့ ဘယ်လိုသုံးသပ်သလဲဆိုတာ သိပါရစေ။**

ဖြေ ။ ကျောက်ဖြူရေနက်ဆိပ်ကမ်း စီမံကိန်းနဲ့ ပတ်သက်လို့ ပြည်တွင်းပြည်ပက ဝေဖန်သူတွေက တရုတ်ကြွေးမြီဝန်ပိမှာ စိုးရိမ်မှုတွေ ဝေဖန်ထောက်ပြပြောကြားနေကြတာ ရှိပါတယ်။ တရုတ်နိုင်ငံရဲ့ ရပ်ဝန်းနဲ့လမ်းကြောင်း အစီအစဉ်နဲ့ ပတ်သက်ပြီး ပြည်တွင်းပြည်ပ ပညာရှင်တွေ အများအပြားကလည်း Debtbook Diplomacy၊ Debt trap စသည်ဖြင့် သုံးနှုန်းရေးသားထားတာလည်း အများကြီးရှိပါတယ်။

အစိုးရအနေနဲ့ ကျောက်ဖြူရေနက်ဆိပ်ကမ်းစီမံကိန်းကို ဆွေးနွေးညှိနှိုင်းနေတာ တိုးတက်မှု အတော်လေးရှိနေပါပြီ။ ဟောင်ကောင်ခရီးစဉ်အတွင်းမှာလည်း ပြောခဲ့ပါတယ်။ အခုအချိန်အထိ ကျောက်ဖြူစီမံကိန်းနဲ့ပတ်သက်ပြီး မြန်မာနိုင်ငံမှာ တရုတ်နိုင်ငံရဲ့ကြွေးမြီ ဝန်ပိမှာကို စိုးရိမ်ရတဲ့ကိစ္စမရှိသေးပါဘူးလို့ သုံးသပ်ပါတယ်။ အကြောင်းရင်းက သုံးချက်ရှိပါတယ်။ နံပါတ်တစ်က ကျောက်ဖြူရေနက်ဆိပ်ကမ်းစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်နေတဲ့ အနေအထားဟာ အမှန်တကယ် လိုအပ်ချက်ကို အခြေခံပြီး demand based ဆောင်ရွက်ထားတာဖြစ်ပါတယ်။ supply based လုပ်ထားတာ မဟုတ်ပါဘူး။ ဒုတိယအချက်ကတော့ project အရွယ်အစားပါ။ ဒါဟာလည်း မြန်မာနိုင်ငံအနေအထားနဲ့ လိုအပ်တဲ့ size ပဲ ဖြစ်ရပါမယ်။ နောက်အရေးကြီးတဲ့ အချက်တစ်ခုကတော့ မြန်မာအစိုးရအနေနဲ့ ဒီ့အတွက် လုံးဝချေးငွေရယူသွားမှာ မဟုတ်တဲ့အပြင် sovereign authority လည်း ပေးမှာမဟုတ်ပါဘူး။

သီရိလင်္ကာနိုင်ငံ Hambantota ဆိပ်ကမ်းကိစ္စမှာ လိုအပ်တာထက်ပိုတဲ့ စီမံကိန်းကြီးတွေ အများကြီးကို ချေးငွေတွေသုံးစွဲဆောင်ရွက်ခဲ့လို့ ဝင်ငွေပြန်လည်ပတ်နိုင်မှု (income generation) မရတဲ့အခါ အခက်အခဲဖြစ်သွားတာဖြစ်ပါတယ်။

မြန်မာအနေနဲ့ small scale နဲ့ စပြီး လိုအပ်သလောက်ပမာဏကိုပဲ လုပ်မှာဖြစ်တဲ့အတွက် သီရိလင်္ကာလို ဖြစ်စရာမရှိပါဘူး။ ဒါပေမယ့် ဒါကိုလည်း ကိုယ့်နိုင်ငံအတွက် သင်ခန်းစာတစ်ခုအနေနဲ့ လေ့လာထားရမှာ ဖြစ်ပါတယ်။

**မေး ။ ရင်းနှီးမြှုပ်နှံမှုကော်မရှင်ဥက္ကဋ္ဌဖြစ်ပြီး နောက်မကြာမီရက်ပိုင်းအတွင်း ဟောင်ကောင်ကို သွားရောက်ခဲ့ပြီး ဟောင်ကောင်အစိုးရအကြီးအကဲတွေနဲ့ တွေ့ဆုံခဲ့တာကို တွေ့ရပါတယ်။ ဟောင်ကောင်အစိုးရ website မှာလည်း ပြည်ထောင်စုဝန်ကြီးနဲ့ တွေ့ဆုံဆွေးနွေးခဲ့တာကို အလေးထားဖော်ပြထားသလို သတင်းတွေ facebook စာမျက်နှာတွေမှာလည်း ပြည်ထောင်စုဝန်ကြီးရဲ့ဆွေးနွေးချက်တွေကို ဖော်ပြပြောဆိုနေကြတာ တွေ့ရပါတယ်။ ဒီနှစ် မြန်မာနိုင်ငံအပေါ် စိတ်ဝင်စားမှုအရခဲ့ဆုံးလို့ သိရပါတယ်။ ပြည်ထောင်စုဝန်ကြီးအနေနဲ့ရော ဘာ့ကြောင့် ဒီခရီးစဉ် သွားရောက်ဖို့ ရွေးချယ်ခဲ့တယ်။ ဘယ်လိုအကျိုးကျေးဇူးရရှိခဲ့တယ်ဆိုတာကို ပြည်သူလူထုတွေ ပိုမိုသိရှိအောင်ရှင်းပြပေးပါ။**

ဖြေ ။ ဟုတ်ပါတယ်။ ဟောင်ကောင်မှာ ဇွန် ၂၇ ရက်ကနေ ၂၈ ရက်အထိ ကျင်းပခဲ့တဲ့ ရပ်ဝန်းနဲ့ လမ်းကြောင်း ညီလာခံ (Belt and Road Summit)ကို တက်ရောက်ခဲ့ပါတယ်။ ဒီခရီးစဉ်ကို ရွေးခဲ့တာဟာ ဟောင်ကောင်ဟာ မြန်မာနိုင်ငံရဲ့ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးအတွက် လက်ရှိမှာရော အနာဂတ်အတွက်ပါ အလွန်အရေးပါတဲ့ ဒေသတစ်ခုဖြစ်လို့ပါပဲ။

### ဟောင်ကောင်ရဲ့အခန်းကဏ္ဍ

ဟောင်ကောင်ဒေသဟာ ပြည်ပမှာ ရင်းနှီးမြှုပ်နှံမှု အများဆုံးလုပ်တဲ့ ဒေသတစ်ခုဖြစ်ပါတယ်။ ကမ္ဘာမှာ အလွတ်လပ်ဆုံး စီးပွားရေးမြို့ဖြစ်သလို တရုတ်နိုင်ငံရဲ့စီးပွားရေးအရဝင်ပေါက်တစ်ခုလည်းဖြစ်တယ်။ ဘဏ္ဍာရေးနဲ့ ငွေကြေးဆိုင်ရာအရရော၊ ကုန်စည်စီးဆင်းမှုအတွက်ရော ဗဟိုအချက်အချာကျတဲ့ နေရာတစ်ခုဖြစ်ပါတယ်။ ဟောင်ကောင်ဟာ တစ်နိုင်ငံ၊ စနစ် နှစ်မျိုး (One Country, Two Systems) အောက်မှာ တရုတ်နိုင်ငံ စီးပွားရေးဖွံ့ဖြိုးတိုးတက်ဖို့အတွက် အဓိက မောင်းနှင်အားတစ်ခုလည်း ဖြစ်ခဲ့ပါတယ်။ အခုဆိုရင် ရပ်ဝန်းနဲ့ လမ်းကြောင်းအစီအစဉ် အကောင်အထည်ပေါ်ရင် ဟောင်ကောင်ရဲ့အခန်းကဏ္ဍ ဒီ့ထက်ပိုအရေးပါလာမှာဖြစ်တဲ့အပြင် ဒီအစီအစဉ်အောက်ကနေ မြန်မာနိုင်ငံအတွက်လည်း ရင်းနှီးမြှုပ်နှံမှုတွေ အများကြီးဝင်ရောက်လာဖို့ အခွင့်အလမ်းတွေရှိပါတယ်။

ဒါ့အပြင် တရုတ်နိုင်ငံရဲ့မဟာကမ်းခြေဒေသအစီအစဉ် (Greater Bay Area) ဆိုတဲ့ ဟောင်ကောင်ဒေသ၊ ရှင်းကျန့်မြို့၊ ကွမ်ကျိုးမြို့များနဲ့ ကွမ်တုန်ဘက်က မကာအိုဒေသ အပါအဝင် အရေးပါတဲ့ မြို့ကြီး ရှစ်မြို့ စုစုပေါင်း ၁၁ မြို့ကို ပေါင်းပြီး အဓိကစီးပွားရေးရပ်ဝန်းကြီး တစ်ခုအဖြစ် ငါးနှစ် စီမံကိန်းနဲ့ ဆောင်ရွက်တည်ထောင်သွားမယ့် အစီအစဉ်မှာ ဟောင်ကောင်ရဲ့အခန်းကဏ္ဍဟာ ဒေသတွင်းမှာ ဒီ့ထက်ပိုပြီး အရေးပါလာဖို့ ရှိပါတယ်။

ဟောင်ကောင်စီးပွားရေးလုပ်ငန်း အများအပြားဟာ တရုတ်နိုင်ငံရဲ့ လုပ်အားခဈေးနှုန်း မြင့်တက်လာမှုကြောင့် ဒေသတွင်းနိုင်ငံတွေမှာ ရွှေ့ပြောင်းရင်းနှီးမြှုပ်နှံဖို့ ရှာဖွေနေတာဟာ မြန်မာနိုင်ငံအတွက် အခွင့်အလမ်းတစ်ခုဖြစ်ပါတယ်။ ဒါပေမယ့် ကိုယ့်နိုင်ငံကလည်း ရင်းနှီးမြှုပ်နှံမှုတွေကို လက်ခံဖို့ အဆင်သင့်ဖြစ်နေရမယ်။ ရင်းနှီးမြှုပ်နှံမှုကောင်းတွေအတွက် ကိုယ့်ဘက်ကလည်း ထင်သာမြင်သာမှုရှိပြီး တည်ငြိမ်တဲ့ transparent, stable and consistent ဖြစ်တဲ့ ရင်းနှီးမြှုပ်နှံမှုဝန်းကျင်ကို ဖန်တီးထားဖို့လိုပါတယ်။ နို့မို့ဆိုရင်တော့ ကိုယ်နဲ့ အလားတူနိုင်ငံတွေဘက်ကိုပဲ ရင်းနှီးမြှုပ်နှံမှုတွေ ရောက်သွားမှာဖြစ်ပါတယ်။

### ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်

ဟောင်ကောင်ဟာ လက်ရှိမြန်မာနိုင်ငံရဲ့ စတုတ္ထအများဆုံး ရင်းနှီးမြှုပ်နှံသူဖြစ်သလို အဓိကကုန်သွယ်ဖက်တစ်ဦးလည်း ဖြစ်ပါတယ်။ တကယ်တမ်းက မြန်မာနိုင်ငံနဲ့ ဟောင်ကောင်ကြားမှာ ရင်းနှီးမြှုပ်နှံမှု၊ ကုန်သွယ်မှုအပါအဝင် အခြားပညာရေးကဏ္ဍ၊ ငွေကြေးကဏ္ဍစသည်ဖြင့် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ဖို့ အခွင့်အလမ်းတွေ အများကြီးရှိနေပါတယ်။ ဒီအခွင့်အလမ်းတွေ အများကြီးရှိနေတယ်ဆိုတာကို ပြည်တွင်း ပြည်ပ ရင်းနှီးမြှုပ်နှံသူတွေ ပိုမိုသိရှိအောင် ဆောင်ရွက်ခဲ့တာ ဖြစ်ပါတယ်။

ဒါ့အပြင် မြန်မာနိုင်ငံမှာ ရင်းနှီးမြှုပ်နှံမှုနဲ့ ပတ်သက်ပြီး ဥပဒေပိုင်း၊ အဖွဲ့အစည်းပိုင်း၊ လုပ်ထုံးလုပ်နည်းပိုင်း ဘက်စုံထောင့်စုံက ပြုပြင်ပြောင်းလဲမှုတွေ လုပ်ထားပြီးပြီ၊ ဆက်ပြီးတော့လည်း လုပ်နေတယ်၊ ရင်းနှီးမြှုပ်နှံသူတွေအတွက် ဘယ်လိုအခွင့်အလမ်းတွေ အများကြီး ဖန်တီးပေးနေတယ်ဆိုတာ ဟောင်ကောင်ကတစ်ဆင့် ကမ္ဘာကို အသိပေးခဲ့တာ ဖြစ်ပါတယ်။

ဒါ့ကြောင့် ဟောင်ကောင်အထူးအုပ်ချုပ်ရေးဒေသ အစိုးရအကြီးအကဲပိုင်းတွေကို သွားရောက်တွေ့ဆုံပြီး ကိုယ့်နိုင်ငံရဲ့ ပြုပြင်ပြောင်းလဲမှုတွေ၊ ကိုယ့်နိုင်ငံအတွက် ဟောင်ကောင်ဟာ ဘယ်လောက်အရေးပါကြောင်း၊ ဟောင်ကောင်ဘက်က ရင်းနှီးမြှုပ်နှံမှု ပိုမိုဝင်ရောက်ဖို့နဲ့ နှစ်နိုင်ငံ အပြန်အလှန်အကျိုးရှိစေမယ် ဆိုတဲ့အကြောင်း အသိပေးပြောကြားခဲ့သလို နှစ်နိုင်ငံအကြားမှာ စီးပွားရေး၊ ပညာရေးစတဲ့ ကဏ္ဍတွေမှာလည်း ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးကိစ္စတွေကို ဆွေးနွေးခဲ့တာဖြစ်ပါတယ်။

**အခုလို ပြည်ပခရီးစဉ်တွေက ပြန်ရောက်ရောက်ချင်း ဖြေကြားပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။**

ဟုတ်ကဲ့။ ကျွန်တော်ကလည်း ကျေးဇူးတင်ပါတယ်။

**ရှင်မင်း**

# မရှိ၍ ရှိသော ဗိုလ်ချုပ်အောင်ဆန်း

**လယ်တွင်းသား စောချစ်**

၁၉၄၇ ခုနှစ် ဇူလိုင်လ ၁၉ ရက် နေ့ခင်းပိုင်းတွင် ရွာလယ်ပိုင်းမှ လှရွှေ ကျွန်တော်တို့အိမ်ရှေ့မှ ညောင်ပင်ကြီးအောက်ရောက်လာသည်။

"ဟေ့ကောင်တွေ... ရွာလယ်တိုက်ပျက်ကြီး ထဲမှာနေတဲ့စစ်သားတွေ...ငိုနေကြတယ်ကွ..."

သတင်းထူး၊ သတင်းဦးကို အမောတကော ပြေးလာပြောခြင်း ဖြစ်သည်။

"ဘာဖြစ်လို့ငိုတာလဲကွ..."

တအံ့တသြ မေးမိကြသောစကား။

"မသိဘူးကွ...၊ တချို့က တိုက်နံရံခေါင်းနဲ့ ဆောင့်ပြီး ငိုတာကွ...။ တချို့ကတော့ တိုက်နံရံကို လက်သီးနဲ့ထိုးပြီး ငိုတာကွ..."

"လာကွာ... သွားကြည့်ရအောင်..."

လှရွှေပြောသည်မှာ စိတ်ဝင်စားစရာမို့ ကျွန်တော်တို့ သွားကြည့်ကြသည်။ ဟုတ်ပါသည်။ တိုက်ပျက်ကြီးထဲမှာ စခန်းချနေကြသော စစ်သားတိုင်း ငိုနေကြသည်။ မငိုသူတစ်ယောက်မျှမရှိ။ ဘာကြောင့်ငိုသည်ကို ဘယ်သူမျှမသိ။ ဘယ်သူ့မှလည်းမေး၍မရ ကျွန်တော်အိမ်ပြန်လာသည်။ အမေ့ကို မေးမည်။

"အမေ...အမေ..."

အိမ်ထဲဝင်သွားတော့ အမေဝမ်းပန်းတနည်း ငိုနေသည်။ ဆွေထဲ၊ မျိုးထဲမှ ချစ်ခင်သူ တစ်ယောက်သေဆုံး၍ ဝမ်းပန်းတနည်း ငိုကြွေးနေသောပုံ။

"အမေ...ဘာဖြစ်လို့ငိုတာလဲ...ဘယ်သူသေလို့ ငိုတာလဲ..."

"ဗိုလ်ချုပ်အောင်ဆန်းသေပြီ ငါ့သားရဲ့"

"ဗိုလ်ချုပ်အောင်ဆန်းဆိုတာ ဘယ်သူလဲ အမေ..."

ထို့နေ့ညမှစပြီး အမေက ဗိုလ်ချုပ်အောင်ဆန်းအကြောင်း ပုံပြင်သဖွယ် ပြောပြသည်။

အမေက မြင်းခြံမြို့ နော်မန်ကျောင်းမှာ ၉ တန်းအထိ နေဖူးသည်။ ဗိုလ်ချုပ်ကို ချစ်ခင်လေးစား၍ ဗိုလ်ချုပ်အကြောင်း ကောင်းစွာ ပြောနိုင်ပါသည်။

နောင်ကြီးလာသောအခါ ဗိုလ်ချုပ်အောင်ဆန်းအကြောင်း စာအုပ်များမှာ ဖတ်၍ ပိုသိရသည်။

ဗိုလ်ချုပ်ကွယ်လွန်သောအခါ တစ်နိုင်ငံလုံး လှည်းနေ၊ လှေအောင်း၊ မြင်းဇောင်းမကျန် ဝမ်းနည်းပူဆွေး ငိုကြွေးကြသည်ဟု ဖတ်ရသောအခါ...

"ဟုတ်တယ်ဗျ... အညာကျေးက ကျွန်တော်တို့ရွာကလေးမှာလည်း ငိုကြတယ်ဗျ..."ဟု ထောက်ခံမိပါသည်။

ဗိုလ်ချုပ်ကို တစ်နိုင်ငံလုံး ချစ်ကြသည်။ လေးစားကြသည်။ အမြတ်တနိုးတန်ဖိုးထား ကြည်ညိုကြသည်။

ဘာကြောင့်ပါနည်း။

ဗိုလ်ချုပ်သည် တိုင်းပြည်နှင့်လူမျိုးကိုချစ်မြတ်နိုးသည်။ သူ့ကိုယ်ကျိုးထက် တိုင်းပြည်နှင့် လူမျိုးအကျိုးကို ပိုပြီးအလေးအမြတ် ထားသည်။ ဂျပန်ခေတ် ဂျပန်နိုင်ငံမှာ စစ်ပညာသင်ကြားစဉ် ဂျပန်များက နေ့စဉ်ပါးကိုရိုက်လွှန်း၍ တစ်ယောက်က မခံနိုင်တော့ကြောင်း ပြောသည်။ ဗိုလ်ချုပ်က သူတို့ကို ပြန်တော်လှန်မည်ဆိုလျှင် သူတို့ထံမှ စစ်ပညာကို တတ်မြောက်ရန်လိုကြောင်း ပါးတစ်ချက်အရိုက်ခံရတိုင်း လွတ်လပ်ရေးရဖို့ တစ်ရက်ပိုနီးသွားပြီဟု မှတ်ယူရန် ပြောဆိုသည်။ ထိုအချိန်က ဗိုလ်ချုပ်သည် အသက်ငယ်သေးသော်လည်း စိတ်ထားကြီးပေစွ။ တိုင်းပြည်လွတ်လပ်ရေးအပေါ်ထားသော စိတ်ဓာတ်ကြီးမြတ်ပေစွ။

ဗိုလ်ချုပ်သည် နိုင်ငံ့ခေါင်းဆောင်တစ်ယောက်၊ စစ်ဗိုလ်ချုပ်တစ်ယောက် ဖြစ်သော်လည်း ဗိုလ်ချုပ်မှာ ဘာမျှမရှိ။ တစ်ညနေမှာ အစည်းအဝေးမရှိ။ ချိန်းဆိုထားတာမရှိ၍ ပလေဒီယံ ရုပ်ရှင်ရုံမှာပြနေသော အင်္ဂလိပ်ဟာသကားကို ကြည့်ချင်သည်။

သူ၏ကိုယ်ရံတော်အပါးတော်မြဲ ဗိုလ်ထွန်းလှကို ပိုက်ဆံမည်မျှရှိသနည်းမေးသည်။ ဗိုလ်ထွန်းလှက နှစ်ကျပ်ရှိကြောင်း ပြောသည်။ ဗိုလ်ချုပ်က နှစ်ကျပ်ရှိလျှင် တစ်ကျပ်ကို ငါးမူးတန်းမှ နှစ်ယောက်ကြည့်၍ရကြောင်းပြောပြီး ဆရာတပည့်ရုပ်ရှင်သွားကြည့်ကြသည်။ ဆင်းရဲသားများ ကြည့်သောအတန်းဖြစ်သည်။ သူတို့ရှေ့မှာ တစ်မတ်တန်းသာရှိသည်။ သူတို့နောက်မှာ တစ်ကျပ်တန်း၊ နှစ်ကျပ်တန်း၊ အထူးတန်းများ ရှိသည်။

ငါးမူးတန်းရှေ့ဆုံးအတန်းမှာ ရုပ်ရှင်ထိုင်ကြည့်နေသော ဗိုလ်ချုပ်ကို တစ်မတ်တန်းမှ လူများတွေ့သွားကြသည်။ ဗိုလ်ချုပ်ရှိရာ နောက်သို့လည်ပြန်လှည့်ကြည့်ရင်း စိတ်မကောင်းဖြစ်ကြသည်။ ရုပ်ရှင်မကြည့်နိုင်။ နောက်တန်းများမှ လူများမှာလည်း တစ်မတ်တန်းက လူများ၏ ထူးခြားမှုကြောင့် ဗိုလ်ချုပ်ကိုတွေ့သွားကြသည်။ စိတ်မကောင်းဖြစ်ကြသည်။

"သြော်...ဗိုလ်ချုပ်ရယ်..."

ခံစားကြရသောစိတ်ကြောင့် ဟာသကားမှာလည်း မရယ်ရတော့ကြောင်း ဗိုလ်ထွန်းလှက ပြောပြသည်။

"ကြီးကျယ်ခမ်းနားလိုက်တာ ဗိုလ်ချုပ်ရယ်... လွမ်းစရာကောင်းလိုက်တာ" ဟု ခံစားမိရပါ၏။

လွတ်လပ်ရေးအတွက် ဘိလပ်ကို ဗိုလ်ချုပ်သွားသောအခါ ဝတ်စရာ အနွေးထည်မပါ။ လွတ်လပ်ရေးအတွက် ပြည့်စုံစွာ ပြောဆိုရန် ပြင်ဆင်သွားသော်လည်း ကိုယ့်အတွက်ဘာမျှ ပြင်ဆင်ခြင်းမရှိ။

အိန္ဒိယနိုင်ငံတွင် ခရီးတစ်ထောက်နားမှ မိတ်ဆွေကောင်း မစ္စတာနေရူးက ဘိလပ်မှာ အလွန်အေးနေကြောင်း သတိပေးပြောဆိုပြီး အနွေးထည်ချုပ်ပေးလိုက်ရသည်။

ထိုလောင်းကုတ်အင်္ကျီကြီးမှာ ဗိုလ်ချုပ်နှင့် ခန့်ညားစွာ လိုက်ဖက်လှပါ၏။ လောင်းကုတ်အင်္ကျီအိတ်ထောင်များတွင် လက်နှစ်ဖက် နှိုက်၍ ရိုက်ထားသောဓာတ်ပုံမှာ ကြည့်၍ကောင်းလေစွ။

"ဘိလပ်ကိုသွားတာ ဘာပါလဲမေးကြတယ်၊ လောင်းကုတ်အင်္ကျီတစ်ထည်ပါတယ်" ဗိုလ်ချုပ်က ဟာသစကားကြွားကြွားဝါဝါ ပြောခြင်းဖြစ်၏။

နွေရာသီအစည်းအဝေးတစ်ခုမှာ ဗိုလ်ချုပ်က လောင်းကုတ်အင်္ကျီကြီးဝတ်ထားသည်။ လူများက ပြုံးစိစိ။

နွေရာသီမှာပူ၍ လောင်းကုတ်အင်္ကျီကြီး ချွတ်ထားရန် အစည်းအဝေးမှ မိတ်ဆွေများက ပြောကြသည်။

"ကျုပ်နေမကောင်းလို့ဗျ..."

ရင်းနှီးသူတစ်ယောက်က ဗိုလ်ချုပ်နောက်ဘက်သို့သွားပြီး ...

"ဗိုလ်ချုပ်က နေမကောင်းဘူးသာဆိုတာ ချွေးတွေကလည်းရွှဲလို့... ကိုယ့်ချွေးနဲ့ကိုယ် အအေးပတ်နေပါဦးမယ်..."

ပြောပြောဆိုဆိုအင်္ကျီကို နောက်မှဆွဲချွတ်လိုက်သည်။ အင်္ကျီလက်ထဲပါလာသည်။ သို့သော် ချွတ်သူက ဆက်မချွတ်နိုင်။

ဗိုလ်ချုပ်ကျောမှာ အင်္ကျီကပြဲနေသည်။ ကျန်လူများလည်းလှမ်းမြင်၍ စိတ်မကောင်း ဖြစ်ကြသည်။

"ကဲဗျာ...ခုမှတော့ စိတ်မကောင်းဖြစ်မနေကြပါနဲ့ ဆက်ပြီးသာချွတ်လိုက်ပါ..."

ဗိုလ်ချုပ်က ဘာမျှမဖြစ်။ အစည်းအဝေး ဆက်ပြီး ဆွေးနွေးသည်။

"သြော် ဂုဏ်တင့်လိုက်တာ ဗိုလ်ချုပ်ရယ်... ကြည်ညိုစရာလေးစားစရာကောင်းလိုက်တာ..." မရှိ၍ ရှိခြင်းဖြစ်ပါ၏။ ၁၉၆၅ ခုနှစ်တွင် ကျွန်တော်တို့ တက္ကသိုလ် လူရည်ချွန်ကျောင်းသားဘဝက ဗိုလ်ချုပ်အောင်ဆန်းပြတိုက်ကို သွားလေ့လာရသည်။ လူမှု အသုံးအဆောင်ပစ္စည်းဆို၍ ခမ်းခမ်းနားနား ဘာမျှ မရှိပါ။ ဗိုလ်ချုပ်၏ အဝတ်ဗီရိုထဲမှာ ဝတ်စုံလေး သုံးလေးစုံသာရှိပါသည်။ ပြတိုက်မှ ရှင်းပြသူက-

"ဒီရွှေတောင်ပိုးလုံချည်လေးက ဗိုလ်ချုပ် အလွန်ကြိုက်ပါတယ်။ အခမ်းအနားသွားစရာ ရှိရင်... ဒီရွှေတောင်ပိုးလုံချည်လေးကိုပဲ ဝတ်လေ့ရှိပါတယ်..." ဟုပြောပြသည်။

"ဒီပိုးလုံချည် မဝတ်ရင်ရော... တခြားဝတ်စရာ လုံချည်ကောင်းကောင်းရှိသေးလို့လား..."



လူရည်ချွန် ကျောင်းသားတစ်ယောက်၏ မေးခွန်းဖြစ်သည်။

"မရှိပါဘူး..."

ရှင်းပြသူက ဖြေသည်။

မရှိသော ဗိုလ်ချုပ်ကို ချစ်ခင်လေးစားစွာ ဂုဏ်ယူကြရသည်။

လွန်ခဲ့သည့် ခြောက်နှစ်က ဗီယက်နမ်စာပေ အသင်းဥက္ကဋ္ဌ၏ ဖိတ်ကြားချက်အရ ဗီယက်နမ် နိုင်ငံသို့ ရောက်သည်။ နှစ်နိုင်ငံ စာရေးဆရာ အသင်းများ ချစ်ကြည်ရေး စာချုပ်လက်မှတ်ထိုး ကြသည်။

ဗီယက်နမ်သမ္မတကြီး ဟိုချီမင်းအကြောင်း စာအုပ်များစွာ ဖတ်ထား၍ သမ္မတကြီးဟိုချီမင်း ကို လေးစားသည်။ သမ္မတအိမ်ကို လိုက်ပြပါရန် ကျွန်တော်က တောင်းဆိုသည်။ ဗီယက်နမ် စာရေးဆရာများ လိုက်ပို့ကြပါသည်။ သမ္မတအိမ် ကို လူအများထူးခြားစွာ စိတ်ဝင်စားကြသည်။ နိုင်ငံခြားသားများစွာ လာချင်ကြသည်။

မိုးနှင်းများ တဖွဲဖွဲရွာနေစဉ်မှာ ထီးဆောင်း ထားသော လူတန်းကြီး တန်းစီနေကြသည်။

သစ်သားနှစ်ထပ်အိမ် မကြီးမသေးဖြစ်သည်။ လူတစ်ယောက် သင့်လျော်စွာ နေထိုင်နိုင်သော အိမ်ဖြစ်ပါသည်။ သမ္မတကြီး ဟိုချီမင်းမှာ လူပျိုကြီးဖြစ်သည်။

ခမ်းနားကြီးကျယ်သော လူ့အသုံးအဆောင် ပစ္စည်း ဟူ၍ ဘာမျှမရှိပါ။

လူအများစိတ်ဝင်စားစွာ ကြည့်ရှုလေ့လာ နေကြသည်မှာ သမ္မတကြီး ဟိုချီမင်း၏ ဘာမျှမရှိခြင်းဖြစ်သည်။

ဗီယက်နမ်စာပေဥက္ကဋ္ဌက ကျွန်တော့်ကို ကြွားဝါပြောဆိုနေသည်မှာလည်း သမ္မတကြီးမှာ ဘာမျှမရှိခြင်းအကြောင်း ဖြစ်သည်။

ကျွန်တော်က ဗီယက်နမ်စာပေဥက္ကဋ္ဌကို မြန်မာနိုင်ငံသို့ ပြန်လည်ဖိတ်ကြားမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံရောက်လျှင် ဗိုလ်ချုပ်အောင်ဆန်းပြတိုက်ကို ပြန်လည်ပြသမည်ဖြစ်ကြောင်း ပြောပါသည်။

ဗီယက်နမ်စာရေးဆရာဥက္ကဋ္ဌက ဗိုလ်ချုပ်အောင်ဆန်းအကြောင်းကို သိပါကြောင်း၊ လေးစားပါကြောင်း ပြန်ပြောသည်။

ကျွန်တော့်စိတ်ထဲမှာ ဝမ်းသာအားတက်နေသည်။ ဗီယက်နမ်စာပေဥက္ကဋ္ဌနှင့်အဖွဲ့လာလျှင် ဗိုလ်ချုပ်အောင်ဆန်းပြတိုက်ကို လိုက်ပြပြီး ပြန်ကြွားလိုက်ချင်သည်။

ကျွန်တော်တို့၏ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းသည် မရှိ၍ ရှိသူဖြစ်၏။

ထိုသို့မရှိ၍ ရှိသောကြောင့်ပင် ကျွန်တော်တို့ တစ်နိုင်ငံလုံး လှည်းနေလှေအောင်း မြင်းဇောင်း မကျန် ဗိုလ်ချုပ်ကို ချစ်ကြ၊ ကြည်ညိုကြမြတ်နိုး လေးစားဂုဏ်ယူနေကြရခြင်းဖြစ်ပါ၏။ ။

**"ဗိုလ်ချုပ်သည် တိုင်းပြည်နှင့် လူမျိုးကိုချစ်ခင်မြတ်နိုးသည်။ သူ့ကိုယ်ကျိုးထက် တိုင်းပြည်နှင့် လူမျိုးအကျိုးကို ပိုပြီး အလေးအမြတ်ထားသည်။ ဂျပန်ခေတ်၊ ဂျပန်နိုင်ငံမှာ စစ်ပညာသင်ကြားစဉ် ဂျပန်များက နေ့စဉ် ပါးကိုရိုက်လွန်း၍ တစ်ယောက်က မခံနိုင်တော့ကြောင်း ပြောသည်။ ဗိုလ်ချုပ်က သူတို့ကိုပြန်တော်လှန်မည်ဆိုလျှင် သူတို့ထံမှ စစ်ပညာကိုတတ်မြောက်ရန်လိုကြောင်း ပါးတစ်ချက်အရိုက်ခံရတိုင်း လွတ်လပ်ရေးရဖို့ တစ်ရက်ပိုနီးသွားပြီဟု မှတ်ယူရန်ပြောဆိုသည်။ ထိုအချိန်က ဗိုလ်ချုပ်သည် အသက်ငယ်သေးသော်လည်း စိတ်ထားကြီးပေစွ၊ တိုင်းပြည်လွတ်လပ်ရေးအပေါ်ထားသော စိတ်ဓာတ်ကြီးမြတ်ပေစွ။ ဗိုလ်ချုပ်သည် နိုင်ငံ့ခေါင်းဆောင်တစ်ယောက်၊ စစ်ဗိုလ်ချုပ်တစ်ယောက်ဖြစ်သော်လည်း ဗိုလ်ချုပ်မှာ ဘာမျှမရှိ"**

## ဆီဆိုင်မြို့နယ်ရှိ ကျေးရွာများသို့ နိုင်ငံသားစိစစ်ရေး ကတ်ပြားများ အခမဲ့နေ့ချင်းပြီး ဆောင်ရွက်ပေး

**ဆီဆိုင် ဇူလိုင် ၆**

ရှမ်းပြည်နယ်တောင်ပိုင်း ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့နယ် ကုန်းဆွတ်ကျေးရွာအုပ်စုရှိ သွားလာရန်ခက်ခဲသော နမ့်ငိုင်းကျေးရွာ၌ ဇူလိုင် ၅ ရက်က နိုင်ငံသားစိစစ်ရေးကတ်ပြားများကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ ဆီဆိုင်မြို့နယ်ဦးစီးမှူးရုံးနှင့် NRC တို့ပူးပေါင်း၍ ကျေးရွာအရောက် နေ့ချင်းပြီးအခမဲ့ကွင်းဆင်းဆောင်ရွက်ပေးခဲ့ရာ မြို့နယ်ဦးစီးမှူး ဦးအောင်ဆန်းဝင်းနှင့် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး ဦးကောလီတို့က နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကို တစ်ဦးချင်းပေးအပ်ခဲ့ကြောင်း သိရသည်။

နိုင်ငံသားစိစစ်ရေးကတ်ပြားများအခမဲ့ဆောင်ရွက်ရာတွင် နမ့်ငိုင်းကျေးရွာရှိ အသက် ၁၀ နှစ်ပြည့်ပြီးသူများ ကျား၊ မ စုစုပေါင်း ၄၀ တို့အား နိုင်ငံသားစိစစ်ရေးကတ်ပြားများ နေ့ချင်းပြီးအခမဲ့ ဆောင်ရွက်ပေးခဲ့ကြောင်းနှင့် ကျန်ရှိသောကျေးရွာအုပ်စုများသို့လည်း အခမဲ့ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးအောင်ဆန်းဝင်းထံမှ သိရသည်။

**ခွန်ရဲထွေး(ဆီဆိုင်)**

# ဂျပန်နိုင်ငံသို့အလုပ်သင် သင်တန်းသားများဆောလျင်စွာစေလွှတ်နိုင်ရေး ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေနှင့် ဂျပန်နိုင်ငံသံအမတ်ကြီးတို့ ဆွေးနွေး

**နေပြည်တော် ဇူလိုင် ၆**

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေသည် မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံ သံအမတ်ကြီး H.E. Mr. Ichiro MARUYAMA နှင့်အဖွဲ့အား ယနေ့နံနက် ၉နာရီက နေပြည်တော်ရှိ ဝန်ကြီးဌာန ဧည့်ခန်းမ၌ တွေ့ဆုံခဲ့သည်။ **(ယာပုံ)**

ပြည်ထောင်စုဝန်ကြီးက ဂျပန်နိုင်ငံသို့ မြန်မာနိုင်ငံမှ သက်ကြီးရွယ်အိုစောင့်ရှောက်ရေးနှင့် အလုပ်သင်အလုပ်သမားစေလွှတ်ရေးတို့နှင့် ပတ်သက်၍ အလုပ်သမားစေလွှတ်ရေးကို ဆောင်ရွက်ကြမည့် မြန်မာနိုင်ငံဘက်မှ မြန်မာပြည်ပအလုပ်အကိုင် ဝန်ဆောင်မှု လုပ်ငန်းရှင်များအဖွဲ့ချုပ် အဖွဲ့ဝင်အေဂျင်စီများကို နှစ်နိုင်ငံသဘောတူလက်မှတ်ရေးထိုးထားသည့် သဘောတူညီချက်များအတိုင်း ဥပဒေများနှင့်အညီ စနစ်တကျ အမြန်ဆုံး အဆင်ပြေချောမွေ့စွာစေလွှတ်နိုင်ရေးအတွက် ဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြားသည်။

ဂျပန်နိုင်ငံသံအမတ်ကြီးသည် ဂျပန်နိုင်ငံမှ မြန်မာအလုပ်သင် အလုပ်သမားများအား အမြန်ဆုံးခေါ်ယူနိုင်ရေးအတွက် ညှိနှိုင်းဆောင်ရွက်ရန် ရည်ရွယ်တွေ့ဆုံခြင်းဖြစ်ပြီး ဂျပန်နိုင်ငံဘက်မှ အလုပ်သမားလိုအပ်မှု အခြေအနေများနှင့် ပတ်သက်၍ ဝန်ကြီးဌာနတာဝန်ရှိသူများနှင့် ဂျပန်နိုင်ငံသံအမတ်ကြီးနှင့် အဖွဲ့တို့ အသေးစိတ်ဆွေးနွေးမှုများ ပြုလုပ်ခဲ့ကြပြီး မကြာမီလပိုင်းအတွင်း ဂျပန်နိုင်ငံသို့ နည်းပညာသင်တန်းသား အလုပ်သမားများနှင့် သက်ကြီးရွယ်အိုစောင့်ရှောက်ရေးအတွက် အလုပ်သမားများကို အမြန်ဆုံးခေါ်ယူနိုင်ရန် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

ထို့ပြင် ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းမှုနှင့် ပတ်သက်၍ ဂျပန်သံအမတ်ကြီးက သိရှိလိုသည်များကို မေးမြန်းပြီး လက်ရှိတွင် ပြန်လည်လက်ခံရေးဆိုင်ရာ ကိစ္စရပ်များအပေါ် အစိုးရမှ ဆောင်ရွက်နေသည့် အခြေအနေများကိုလည်း ပြည်ထောင်စုဝန်ကြီးက သံအမတ်ကြီးအား ရှင်းလင်းပြောကြားခဲ့သည်။

အဆိုပါ တွေ့ဆုံပွဲသို့ ပြည်ထောင်စုဝန်ကြီးနှင့်အတူ အမြဲတမ်းအတွင်းဝန် ဦးမျိုးအောင်နှင့် ဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**ခင်ရတနာ၊ ဓာတ်ပုံ-သော်တာဝင်း**



# ကယားပြည်နယ်ဝန်ကြီးချုပ် ဘော်လခဲနှင့် ဖားဆောင်းမြို့နယ်ရှိ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအား ကွင်းဆင်းကြည့်ရှုစစ်ဆေး

**လွိုင်ကော် ဇူလိုင် ၆**

ကယားပြည်နယ် ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုသည် တာဝန်ရှိသူများနှင့်အတူ ဇူလိုင် ၅ ရက်နံနက် ၁၀ နာရီခွဲက ဘော်လခဲနှင့် ဖားဆောင်းမြို့နယ်တို့တွင် ဆောင်ရွက်လျက်ရှိသော တည်ဆောက်ရေးလုပ်ငန်းများ၊ ပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍ ဆောင်ရွက်နေမှု အခြေအနေများအပေါ် ကူညီဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရန်အတွက် ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။

ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ပြည်ထောင်စု ရန်ပုံငွေကျပ်သန်း ၂၅၀ ဖြင့် ဆောက်လုပ်ရေးဝန်ကြီးဌာန အဆောက်အအုံအထူးအဖွဲ့(၁၂)မှ တာဝန်ယူ တည်ဆောက်နေသည့် ဖားဆောင်းမြို့နယ်ဆေးရုံ RC တစ်ထပ် အဆောက်အအုံ ဆောက်လုပ်နေမှုကိုလည်းကောင်း၊ ပြည်နယ်ရန်ပုံငွေကျပ် ၉၃ သန်းဖြင့် နတလမှ ဆောင်ရွက်နေသောခဲမဖြူ(အမက)ကျောင်းအဝင်လမ်း ပေ ၁၂၀၀ ကွန်ကရစ်ခင်းခြင်း ဆောင်ရွက်နေမှု အခြေအနေကိုလည်းကောင်းကြည့်ရှုစစ်ဆေးကာ လိုအပ်မှု အခြေအနေများအား တင်ပြမှုများအပေါ် သက်ဆိုင်ရာ တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းပေးခဲ့သည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဘော်လခဲမြို့နယ်ဆေးရုံသို့ ဝင်ရောက်ကြည့်ရှုစစ်ဆေးကာ ဆေးရုံတက်ရောက် ကုသနေသော လူနာများအား လိုက်လံကြည့်ရှုအားပေးစကားပြောကြားကာ ထောက်ပံ့ငွေများ ပေးအပ်ခဲ့သည်။ ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်က ပြည်ထောင်စုရန်ပုံငွေကျပ် ၃၆၁ ဒသမ ၅ သန်းဖြင့် ဆောင်ရွက်လျက်ရှိသော ခရိုင်အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးအဖွဲ့ (FDA)ရုံးနှင့် နိုင်ငံတကာအဆင့်မီ ဓာတ်ခွဲခန်း (၉၀× ၉၀)ပေ တည်ဆောက်နေမှုအခြေအနေကိုလည်းကောင်း၊ ဘော်လခဲခရိုင်အားကစားနှင့် ကာယပညာဦးစီးဌာနမှ ပြည်နယ်ရန်ပုံငွေကျပ် ၂၉၇ သန်းဖြင့် ဆောင်ရွက်လျက်ရှိသော မိုးလုံလေလုံအားကစားရုံနှင့် အတွင်းခြံစည်းရိုး ဆောင်ရွက်နေမှုအခြေအနေကိုလည်းကောင်း ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များမှာကြားသည်။

ယင်းနောက် ဘော်လခဲမြို့အခြေခံပညာ အထက်တန်းကျောင်းသို့ သွားရောက်၍ ပြည်နယ်/ခရိုင်/ မြို့နယ်ပညာရေးမှူးများ၊ကျောင်းရှိဆရာ ဆရာမများအား တွေ့ဆုံမှာကြားပြီး ကျောင်းဘင်ခရာ တီးဝိုင်းအတွက် လိုအပ်သောဝတ်စုံစရိတ်အတွက် ငွေကျပ် ၁၆ သိန်း၊ ကျောင်းစာကြည့်တိုက်ဗီရိုနှင့် ဆက်စပ်ပစ္စည်းများအတွက် ငွေကျပ်ငါးသိန်း စုစုပေါင်းငွေကျပ် ၂၁ သိန်း ထောက်ပံ့ပေးအပ်ခဲ့သည်။

**စိုင်းညဏ်လင်းထွန်း**

❑ *ကျောဖုံးမှ*

ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံ - (၂၁) ရာစုပင်လုံ တတိယအစည်းအဝေးသို့ တင်ပြမည့်အချက်များကို အပြီးသတ် ဆွေးနွေးအတည်ပြုကြသည်။

လူမှုရေးကဏ္ဍ လုပ်ငန်းကော်မတီ ဆွေးနွေးပွဲနှင့်စပ်လျဉ်း၍ ဦးဇော်ဌေးက "လူမှုရေးကဏ္ဍဖြစ်တဲ့အတွက် ကြီးကြီးမားမားအငြင်းအခုံ ဖြစ်စရာနည်းပါတယ်။ ကျန်တဲ့ကဏ္ဍတွေနဲ့ယှဉ်ရင် ကျွန်တော်တို့ကဏ္ဍက ဆွေးနွေးဘက်တွေကြားမှာ ပြေပြေလည်လည် ဆွေးနွေးနိုင်ခဲ့ပါတယ်။ သဘောတူညီချက်တွေလည်း အတန်အသင့်ရရှိခဲ့တယ်။

**" ဒီမနက်မှာပဲ သဘောတူညီချက် နှစ်ချက်ထပ်မံရရှိခဲ့ပါတယ်။ ပထမအချက်က ကလေးသူငယ်တွေနဲ့ ပတ်သက်ပြီး ကြီးလေးသော ချိုးဖောက်မှု (Six Grave Violations)တွေ မလုပ်ဖို့ပါ။ အဲဒါက ဘယ်မှာပါလဲဆိုရင် အစိုးရနဲ့ EAOs လက်မှတ်ရေးထိုးထားတဲ့ NCA မှာ ပါပြီးသားဖြစ်ပါတယ်။ ကလေးသူငယ်တွေ အပေါ်မှာ သတ်ဖြတ်ခြင်း၊ လိင်အကြမ်းဖက်ခြင်းနဲ့ ကလေးစစ်သားစုဆောင်းခြင်းတွေစတဲ့ အချက်တွေ ပါဝင်ပါတယ်။**

**"ဒါက လုံခြုံရေးကောင်စီမှာလည်း မြန်မာနိုင်ငံနဲ့ပတ်သက်လို့ ဆွေးနွေးနေတဲ့ အကြောင်းအရာပါ။ Listed Country ထဲမှာ မြန်မာနိုင်ငံက ပါနေပါတယ်။ ပါတော့ ငြိမ်းချမ်းရေးညီလာခံမှာ ကျွန်တော်တို့အပါအဝင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေလည်း ဒါကိုဆွေးနွေးတယ်။ ဆွေးနွေးပြီးတော့ NCA မှာ လက်မှတ်ထိုးထားတဲ့ ကတိကဝတ်တွေကို ထပ်လောင်းပြီးတော့ အခြေခံမူတစ်ရပ်ချမှတ်နိုင်ခဲ့ပါတယ်။ ချမှတ်နိုင်ခဲ့တဲ့အတွက် ဒါလည်းဝမ်းမြောက်စရာတစ်ခု ဖြစ်ပါတယ်။**

" အထူးသဖြင့် ကျွန်တော်တို့ နိုင်ငံရဲ့လက်ရှိအနေအထားမှာ လုံခြုံရေးကောင်စီအပါအဝင် ကျန်တဲ့မျက်နှာစာတွေမှာ မြန်မာနိုင်ငံနဲ့ပတ်သက်တဲ့ ပြောကြားချက်တွေနဲ့ ပတ်သက်လို့ ဒီငြိမ်းချမ်းရေးညီလာခံရဲ့ဆွေးနွေးချက်က အထောက်အကူဖြစ်လိမ့်မယ်လို့ ယုံကြည်ပါတယ်။ ဒါကိုလည်း အစုအဖွဲ့အားလုံးက လိုလိုလားလား သဘောတူပါတယ်။

### မသန်စွမ်းတွေအတွက် အခွင့်အရေး

"နောက်တစ်ချက်က မသန်စွမ်းသူတွေရဲ့ အခွင့်အရေးပါ။ အဆောက်အအုံဆောက်လုပ်တာပဲ ဖြစ်ဖြစ်၊ Public ဧရိယာမှာပဲဖြစ်ဖြစ် မသန်စွမ်းတွေအတွက် အခွင့်အရေးတွေ သူတို့ပါဝင်နိုင်တဲ့ နေရာတွေလုပ်ထားတာ မရှိသေးဘူးပေ့ါ။ နောက်ပိုင်းအဆောက်အအုံတွေ ဆောက်လုပ်ရင် မသန်စွမ်းတွေအတွက် ဝှီးချဲ Lane တွေပါရမယ်။ မျက်မမြင်တွေ လျှောက်နိုင်မယ့် လမ်းတွေပါရမယ်။ ကျွန်တော်တို့ နိုင်ငံမှာ ဒီလိုကျယ်ကျယ်ပြန့်ပြန့် မရှိသေးပါဘူး။ မသန်စွမ်းတွေအတွက် အခြေခံမူ သဘောတူညီချက် တစ်ရပ်ကို ဒီမနက်မှာပဲ သဘောတူနိုင်ခဲ့ပါတယ်။ ဒီသဘောတူညီမှု အခြေခံမူအပေါ် မူတည်ပြီး မူဝါဒတွေ အကောင်အထည်ဖော်တာတွေ ဆက်လက်လုပ်ဆောင်သွားရမှာဖြစ်ပါတယ်။

"လူမှုရေးကဏ္ဍအနေနဲ့ အားလုံး ၁၀ ချက်လောက်သဘောတူညီချက်ရဖို့ မှန်းထားပါတယ်။ သို့သော် ကိုးချက်လောက် ကျန်မယ်လို့ ယူဆပါတယ်။ အထူးသဖြင့် လူမှုရေးကဏ္ဍက ပြန်လည်နေရာချထားရေး၊ ပြန်လည်ထူထောင်ရေးနဲ့ လူမှုဖွံ့ဖြိုးရေးပေ့ါ။ အဲဒီမှာ လက်နက်ကိုင် ပဋိပက္ခကြောင့် နယ်စပ်ကိုရောက်သွားတဲ့ ဒုက္ခသည်တွေ၊ ပြည်တွင်းဒုက္ခသည်စခန်းတွေမှာ နေနေရတဲ့အဖွဲ့တွေ ရှိတယ်။ ဒါတွေကို ပြန်လည်နေရာချထားရေးကိစ္စတွေကို အထူးအလေးပေးဆွေးနွေးပြီး သဘောတူညီချက်တွေ ရခဲ့ပါတယ်။

" ဒါကြောင့် ဒီညီလာခံမှာ အငြင်းပွားဖွယ်ရာမရှိ သဘောတူညီချက် ကိုးချက်၊ ၁၀ ချက်လောက်တင်နိုင်ဖို့ မှန်းထားပါတယ်။ မနေ့က သဘောတူထားတဲ့အချက်တွေမှာ ပြန်လည်ထူထောင်ရေး၊ ပြန်လည်နေရာချထားရေးကိစ္စတွေ၊ မူးယစ်ဆေးနဲ့ ပတ်သက်တဲ့ မူဘောင်တွေ၊ များသောအားဖြင့် လူမှုဖွံ့ဖြိုးရေးဆိုင်ရာနဲ့ ပြန်လည်ထူထောင်ရေး ပြန်လည်နေရာချထားရေးတွေပါတယ်။

### ကျယ်ကျယ်ပြန့်ပြန့်ဆွေးနွေးနေ

"ဒီမှာဆွေးနွေးပြီး မပြီးပြတ်သေးတဲ့ကိစ္စက လက်နက်ကိုင်ပဋိပက္ခကြောင့် တစ်ဖက်နိုင်ငံရောက်သွားတဲ့ ဒုက္ခသည်တွေ၊ ပြည်တွင်းက IDP Camp တွေအနေနဲ့ သူတို့နေရာကို ပြန်လာတဲ့အခါမှာ မူလကသူတို့ ပိုင်ဆိုင်တဲ့ မြေယာတွေနဲ့ ပတ်သက်လို့ ကျယ်ကျယ်ပြန့်ပြန့်ဆွေးနွေးနေပါတယ်။ ကျွန်တော်တို့ ကဏ္ဍမှာတော့ ပြီးပြတ်တယ်။

"သို့သော် မြေယာကဏ္ဍမှာတော့ ဆက်ပြီးဆွေးနွေးရမှာဖြစ်ပါတယ်။ ဟိုဘက်ဒီဘက်ဆက်စပ်နေတဲ့ ကိစ္စတွေဆိုတော့ လုပ်ငန်းကော်မတီနှစ်ခု ပြန်ဆွေးနွေးကြမလားဆိုတာမျိုး မပြီးပြတ်သေးတဲ့ ကိစ္စတွေရှိပါတယ်။ မနက်ဖြန်မှာတော့ UPDJC အတွင်းရေးမှူးအဖွဲ့အစည်းအဝေးပြုလုပ်ပြီး လုပ်ငန်းကော်မတီငါးခုက တက်လာတဲ့ မူဝါဒစာတမ်းတွေ ပြန်လည်ပြင်ဆင်မယ်။ ပြင်ဆင်ပြီးရင် ဇွန် ၉ ရက်မှာ UPDJC အစည်းအဝေးလုပ်မယ်။ ဒီအစည်းအဝေးမှာ လုပ်ငန်းကော်မတီက ဆွေးနွေးလာတဲ့ မူဝါဒ၊ အဆိုပြုချက်တွေ၊ အခြေခံမူတွေကို သဘောတူညီချက်အနေနဲ့ တင်နိုင်မယ်။ တချို့ကဏ္ဍတွေမှာ အငြင်းပွားဖွယ်ဖြစ်နေတဲ့ အချက်တွေကို အဆိုပြုချက်တွေ အနေနဲ့ Optionတွေအနေနဲ့ တင်ပါမယ်။ ဒါတွေကို အဲဒီအစည်းအဝေးမှာ ထပ်မံဆွေး နွေးပြီး ညီလာခံစတဲ့အခါမှာ ပြန်လည်ဆွေးနွေးသွားမှာဖြစ်ပါတယ်" ဟု ပြောသည်။

မြေယာနှင့် သဘာဝပတ်ဝန်းကျင်ကဏ္ဍ လုပ်ငန်းကော်မတီဆွေးနွေးပွဲနှင့် စပ်လျဉ်း၍ ဒေါ်ဝါဝါမောင်က "တိုင်းရင်းသားတွေရဲ့ မိရိုးဖလာ ပိုင်ဆိုင်ခွင့်ကို တရားဝင်မှတ်ပုံတင်ခွင့် ရရှိအောင် ဆောင်ရွက်နိုင်မယ့် လုပ်ငန်းတွေ ပါဝင်ပါတယ်။ နောက်တစ်ခုက မြေယာကို အကာအကွယ်ပေးမှုတွေနဲ့ ပတ်သက်လို့ မြေယာကို တရားမဝင်နေထိုင်သူတို့၊ နိုင်ငံသား မဟုတ်သူတို့ ပိုင်ဆိုင်ခွင့် မရှိစေရပေ့ါ။ နိုင်ငံသားများသာလျှင် မြေယာကို တရားဝင်ပိုင်ဆိုင်ခွင့် ရှိတယ်ဆိုတာတွေ၊ ပိုင်ဆိုင်မှုနဲ့ ပတ်သက်တာတွေ၊ မြေယာဆိုင်ရာ မူဝါဒတွေကို ဆွေးနွေးပါတယ်။ ကျွန်မတို့ကဏ္ဍကနေ အနည်းဆုံးငါးချက်လောက်ကို မှန်းထားပါတယ်။ အဲဒီအထဲမှာ မြေယာမူဝါဒနဲ့ပတ်သက်လို့ ပိုင်ဆိုင်မှုမူဝါဒ၊ မြေယာမူဝါဒတွေပြဋ္ဌာန်းပြီးတော့ ကာကွယ်ပေးရမယ်ဆိုတဲ့ အပိုင်းတွေလည်း ပါဝင်ပါ တယ်။ နောက် စီမံခန့်ခွဲမှု၊ မြေယာဖွံ့ဖြိုးမှုစီမံချက်တွေ၊ မြေယာအသုံးချမှုတွေ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှုတွေ၊ သက်ဆိုင်ရာဒေသခံ ပြည်သူလူထုနဲ့ ကြိုတင်တိုင်ပင်ဆွေးနွေးမှုတွေ ရှိရမယ်၊ ကြိုတင်အသိပေးဆောင်ရွက်ရမယ် စတဲ့အပိုင်းတွေ ပါဝင်ပါတယ်"ဟုပြောသည်။

ယနေ့ဆွေးနွေးပွဲများသို့ ပြည်ထောင်စုငြိမ်းချမ်းရေး ဆွေးနွေးမှုပူးတွဲကော်မတီ (UPDJC) အတွင်းရေးမှူးအဖွဲ့ အဖွဲ့ဝင်များ၊ ပူးတွဲကော်မတီဝင်များ၊ အစိုးရ၊ လွှတ်တော်၊ တပ်မတော်အစုအဖွဲ့တို့မှ လုပ်ငန်းကော်မတီဝင်များ၊ အကျိုးတော်ဆောင်များနှင့် အထောက်အကူပြုကိုယ်စားလှယ်များ တက်ရောက်ကြသည်။

**သူရဇော်၊ မျိုးသူဟိန်း**



ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ - (၂၁)ရာစုပင်လုံ တတိယအစည်းအဝေးအတွက် နိုင်ငံရေးကဏ္ဍဆွေးနွေးပွဲ ကျင်းပစဉ်။ သတင်းစဉ်

# နေပြည်တော်တွင် ခေတ်မီရုပ်ရှင်စတူဒီယိုများ တည်ဆောက်နိုင်ရေး မှတ်တမ်းရုပ်ရှင်ပြသ ရှင်းလင်းပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၆

**မြန်မာ့ရုပ်ရှင်လောကဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုစေရန်၊ နေပြည်တော်တွင် အများပြည်သူ စိတ်အပန်းဖြေမှုရရှိစေရန်၊ နေပြည်တော်သို့ လာရောက်လေ့လာသူများဖြင့် စည်ကားလာစေရန်နှင့် ဖျော်ဖြေတင်ဆက်မှုများဖြင့် ပြည်သူများ စိတ်ဝင်စားမှုရရှိစေရန် ရည်ရွယ်ချက်ဖြင့် နေပြည်တော်တွင် ခေတ်မီရုပ်ရှင်စတူဒီယိုများ တည်ဆောက်နိုင်ရေးနှင့် စပ်လျဉ်းသည့် မှတ်တမ်းရုပ်ရှင် ပြသရှင်းလင်းပွဲကို ယနေ့ နံနက် ၁၀ နာရီက ရန်ကုန်မြို့ ဗဟန်းမြို့နယ် အမှတ် ၅၀ ရွှေတောင်ကြားလမ်းရှိ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုပ်ရှင်မြှင့်တင်ရေးဌာနခွဲရှိ ရုပ်ရှင်ပြခန်း၌ ကျင်းပသည်။**



ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် နေပြည်တော်တွင် ခေတ်မီရုပ်ရှင်စတူဒီယိုများ တည်ဆောက်နိုင်ရေးနှင့် စပ်လျဉ်းသည့် မှတ်တမ်းရုပ်ရှင် ပြသရှင်းလင်းပွဲတွင် အမှာစကားပြောကြားစဉ်။ သတင်းစဉ်

အဆိုပါ အသိပေးရှင်းလင်းပွဲသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်နှင့်အတူ နေပြည်တော်စည်ပင်သာယာရေး ကော်မတီဝင် ဦးမင်းသူ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရုပ်ရှင်လောကသားများ၊ ရုပ်ရှင်လုပ်ငန်းတွင် ရင်းနှီးမြှုပ်နှံရန် စိတ်ဝင်စားသူများနှင့် မီဒီယာများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်အနေဖြင့် မြန်မာ့ရုပ်ရှင်လောကနှင့် မြန်မာ့ရုပ်ရှင်အနုပညာ ဖန်တီးမှုများနှင့် စပ်လျဉ်းပြီး စိတ်အားထက်သန်မှုရှိသည်နှင့်အညီ ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့်လည်း ရုပ်ရှင်လောကသားများနှင့် ပူးတွဲပြီး မြန်မာ့ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်ရေးကို အရှိန်မြှင့်တင်ကာ အင်တိုက်အားတိုက် ဆောင်ရွက်လျက်ရှိပါကြောင်း၊ မှုများ ထွန်းကားတိုးတက်လာစေရန် အချက်များ ပါဝင်နေပါကြောင်း။

မြန်မာ့ရုပ်ရှင်လောကမှ ထုတ်လုပ်သည့် အနုပညာပစ္စည်းများ ပိုမိုပီပြင်တောက်ပလာသည်နှင့်အမျှ ယင်းအနုပညာလက်ရာများအပေါ် မြန်မာနိုင်ငံသားများ၏ ပိုမိုစိတ်ဝင်စားမှု၊ နှစ်သက်လာမှုတို့နှင့်အတူ နိုင်ငံအပေါ် တန်ဖိုးထားလိုစိတ်များ ပေါ်ပေါက်လာမည်ဖြစ်ပါကြောင်း၊ ထိုမှတစ်ဆင့် ပိုမိုပြောင်မြောက်သည့် အနုပညာများ ဖန်တီးထုတ်လုပ်နိုင်သည်နှင့်အမျှ အိမ်နီးချင်းနိုင်ငံများအပါအဝင် ပြည်ပနိုင်ငံများကလည်း စိတ်ဝင်စားပြီး ဂရုပြုအားပေးလာကြမည်ဆိုလျှင် နိုင်ငံ၏ ပုံရိပ်လည်း တိုးတက်လာမည်ဖြစ်ပါကြောင်း၊ ထိုကဲ့သို့ မြန်မာတို့ မြန်မာနိုင်ငံကို မြတ်နိုးတန်ဖိုးထားသည်နှင့်အညီ နိုင်ငံတကာ၏ လေးစားအသိအမှတ်ပြုလာမည့် အနေအထားလည်း ရောက်ရှိသည့် မှတ်တမ်းရုပ်ရှင်ကိုပြသပြီး ဒါရိုက်တာဇော်မြင့်ဦးက ယင်းမှတ်တမ်းရုပ်ရှင်ရိုက်ကူးခဲ့မှုအခြေအနေနှင့် လိုအပ်သည်များ ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ယင်းနောက် နေပြည်တော်စည်ပင်သာယာရေးကော်မတီဝင် ဦးမင်းသူ၊ ထို့နောက် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးဇင်ဝိုင်းနှင့် အတွင်းရေးမှူး ဒါရိုက်တာ ဦးညီညီထွန်းလွင်၊ ဒါရိုက်တာ ဦးစင်ရော်မောင်မောင်၊ ဒါရိုက်တာ မောင်မျိုးမင်း(ရင်တွင်းဖြစ်)၊ ရုပ်ရှင်ပညာရှင် ဒေါ်ဆွေဇင်ထိုက်၊ ဆွေးနွေးတင်ပြကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က နိဂုံးချုပ်ပြောကြားရာတွင် နိုင်ငံတော်အစိုးရနှင့် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများ၊ နေပြည်တော်ကောင်စီတို့မှ မြန်မာ့ရုပ်ရှင် ရှက်ကြမည်ဆိုလျှင် အောင်မြင်မည်ဟု ယုံကြည်ပါကြောင်း ပြောကြားသည်။

ပြည်ပနိုင်ငံများစွာတွင် ရုပ်ရှင်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှုနှင့်အတူ ယင်းနိုင်ငံများ၏ အမည်ထင်ရှားကျော်ကြားသကဲ့သို့ မြန်မာနိုင်ငံ၏



ဒါရိုက်တာ ဇော်မြင့်ဦး



နေပြည်တော်စည်ပင်သာယာရေး
ကော်မတီဝင် ဦးမင်းသူ



ဒုတိယညွှန်ကြားရေးမှူးချုပ်
ဦးသန့်ဇင်လွင်



မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး
ဥက္ကဋ္ဌ ဦးဇင်ဝိုင်း



ဒါရိုက်တာ
စင်ရော်မောင်မောင်



ဒါရိုက်တာ
မောင်မျိုးမင်း(ရင်တွင်းဖြစ်)

မြန်မာ့ရုပ်ရှင်လောက ဖွံ့ဖြိုးတိုးတက်ရေးနှင့် ရုပ်ရှင်လောကသားများ၏ အနုပညာဖန်တီးမှုများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရုပ်ရှင်လောကသားများ၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်ရန်၊ ရုပ်ရှင်လောကသားများက ပီပြင်ပြောင်မြောက်သည့် အနုပညာများ ပိုမိုဖန်တီးနိုင်ရန်နှင့် ရုပ်ရှင်လုပ်ငန်းတွင် ရင်းနှီးမြှုပ်နှံလုပ်ကိုင်လာမည်ဟု မျှော်လင့်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ဒါရိုက်တာ ဇော်မြင့်ဦး စီစဉ်ရိုက်ကူးသည့် နေပြည်တော်၏ အချက်အချာကျမှု၊ ရှုခင်းများကောင်းမွန်မှု၊ လမ်းပန်းဆက်သွယ်ရေးလွယ်ကူမှု၊ ရုပ်ရှင်ရိုက်ကူးနိုင်မည့် အခင်းအကျင်းများ ပြည့်စုံကောင်းမွန်မှုတို့နှင့် ပတ်သက်

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်မှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသန့်ဇင်လွင်တို့က နေပြည်တော်တွင် ခေတ်မီရုပ်ရှင်စတူဒီယိုများ တည်ဆောက်နိုင်ရေးအတွက် အားပေးကူညီဆောင်ရွက်မည့် အခြေအနေနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အခွင့်အလမ်းများကို ဆွေးနွေးတင်ပြကြသည်။

မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးနာယက ဒါရိုက်တာ ပန်းချီဦးစိုးမိုး၊ မင်္ဂလာကုမ္ပဏီလီမိတက် Managing Director နှင့် မင်္ဂလာဇော်ရုပ်ရှင်ထုတ်လုပ်ရေး လုပ်ငန်းရှင် ဦးဇော်မင်း၊ ဇာတ်ညွှန်းပညာရှင် ဦးကိုကိုလေးတို့က ရုပ်ရှင်စတူဒီယိုများ၊ ရုပ်ရှင်ရုံများ၊ ရုပ်ရှင်သင်တန်းကျောင်းများနှင့်ပတ်သက်၍ အကြံပြု လောကနှင့် ရုပ်ရှင်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ရည်ရွယ်ချက်များ ထားရှိပြီး ပွင့်လင်းမြင်သာစွာဖြင့် အစွမ်းကုန် အားပေးကူညီ ဆောင်ရွက်နေခြင်း ဖြစ်ပါကြောင်း၊ ရုပ်ရှင်လုပ်ငန်းတွင် စိတ်ဝင်စားပြီး ရင်းနှီးမြှုပ်နှံလုပ်ကိုင်လိုသူများ အနေဖြင့် ယင်းအခွင့်အလမ်းများကို ရယူကာ အကောင်အထည်ဖော်ဆောင် မြို့တော်ဖြစ်သည့် နေပြည်တော်တွင်လည်း ခေတ်မီရုပ်ရှင်စတူဒီယိုများ၊ ရုပ်ရှင်သင်တန်းကျောင်းနှင့် ရုပ်ရှင်ရုံများ ပါဝင်သည့် ရုပ်ရှင်နယ်မြေ Entertainment City ပေါ်ထွန်းလာစေရေး ရည်မှန်းချက်ထားရှိပြီး အကောင်အထည်ဖော်နိုင်ရန် စီစဉ်ဆောင်ရွက်နေခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ဗီဒီယိုလုပ်ငန်းစိစစ်ကြီးကြပ်ရေးဗဟိုကော်မတီ (၁/၂၀၁၈) အစည်းအဝေးကျင်းပ



**ရန်ကုန် ဇူလိုင် ၆**

ဗီဒီယိုလုပ်ငန်းစိစစ်ကြီးကြပ်ရေး ဗဟိုကော်မတီ (၁/၂၀၁၈) အစည်းအဝေးကို ယနေ့ မွန်းလွဲ ၂ နာရီက ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကုက္ကိုင်းရိပ်သာလမ်း အမှတ်(၂၈)ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုပ်ရှင်မြှင့်တင်ရေးဌာနခွဲ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ဗီဒီယိုလုပ်ငန်းစိစစ်ကြီးကြပ်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်(ဝဲပုံ)က အမှာစကားပြောကြားပြီး ဗဟိုကော်မတီအတွင်းရေးမှူး ရုပ်ရှင်မြှင့်တင်ရေးဌာနခွဲ ညွှန်ကြားရေးမှူး ဦးသိန်းနိုင်က ဗီဒီယိုစိစစ်ကြီးကြပ်ရေး ဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်မှုအခြေအနေကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဗဟိုကော်မတီအဖွဲ့ဝင် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးဇင်ဝိုင်းနှင့် ဗီဒီယိုလုပ်ငန်းစိစစ်ကြီးကြပ်ရေးဗဟိုကော်မတီအဖွဲ့ဝင်များ၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များမှ ကိုယ်စားလှယ်များက အသီးသီးဆွေးနွေးတင်ပြကြရာ ဦးရဲနိုင်က လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးသည်။

၁၉၉၆ ခုနှစ် ရုပ်မြင်သံကြားနှင့် ဗီဒီယိုဥပဒေအရ နှစ်နှစ်သက်တမ်းရှိသော ဗီဒီယိုလုပ်ငန်း စိစစ်ကြီးကြပ်ရေးဗဟိုကော်မတီကို အဖွဲ့ဝင်ကိုးဦးဖြင့် ၂၀၁၈ ခုနှစ် မေ ၁ ရက်မှစတင်၍ ပြန်လည်ဖွဲ့စည်းခဲ့ကြောင်း၊ ယနေ့အစည်းအဝေးတွင် ဗီဒီယိုဖြန့်ချိရေးလုပ်ငန်းလိုင်စင်နှုန်းထား ပြင်ဆင်ရေး၊ ခိုးကူးပွားချပ်များ လျှော့နည်းပပျောက်ရေး၊ ရုပ်ရှင်နှင့်ဗီဒီယိုဇာတ်ကားများ အင်တာနက်တွင် တရားမဝင် ပျံ့နှံ့နေခြင်းကိစ္စရပ်များနှင့်ပတ်သက်၍ ညှိနှိုင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာ့စွယ်စုံကျမ်းများ ပြန်လည်ထုတ်ဝေရေးဆိုင်ရာ သတ္တမအကြိမ် ညှိနှိုင်းအစည်းအဝေးကျင်းပ



ရန်ကုန် ဇူလိုင် ၆

**မြန်မာ့စွယ်စုံကျမ်းများ ပြန်လည်ထုတ်ဝေရေးဆိုင်ရာ သတ္တမအကြိမ် ညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၂ နာရီခွဲက ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် တက်ရောက်ဆွေးနွေးသည်။** (ဓာတ်ပုံ)

အစည်းအဝေးတွင် ပုံနှိပ်ရေးနှင့်ထုတ်ဝေရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်မျိုးမြင့်၊ စွယ်စုံကျမ်းပြန်လည်ထုတ်ဝေရေး ဒုတိယဥက္ကဋ္ဌများ ဖြစ်ကြသည့် ဒေါက်တာခင်အေး (မောင်ခင်မင်-ဓနုဖြူ)၊ ဒေါက်တာတင်လှိုင်(ဘိုးလှိုင်)၊ အတွင်းရေးမှူး ဒေါက်တာစန်းဝင်းတို့က လုပ်ငန်းဆိုင်ရာ ဆောင်ရွက်ပြီးစီးမှုအခြေအနေများနှင့် ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များနှင့် စပ်လျဉ်းပြီး ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြချက်နှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက အမှားအယွင်းကင်းစင်ရေး၊ အချက်အလက်များမှန်ကန်ရေး၊ မြန်မာ့စွယ်စုံကျမ်းဖြစ်သည့်အားလျော်စွာ မြန်မာမှုနှင့်ပတ်သက်သည့် အချက်အလက်များ ပိုမိုပြည့်စုံစွာပါရှိရေးတို့ကို ဖြည့်စွက်ဆွေးနွေးသည်။

မြန်မာ့စွယ်စုံကျမ်း အတွဲ(၁) မူကြမ်းမှာ ၉၀ ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## လပွတ္တာ၌ မြေလွတ်၊ မြေလပ်၊ မြေရိုင်း လုပ်ပိုင်ခွင့်လက်မှတ်ပေးအပ်ပွဲအခမ်းအနား တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးလှမိုးအောင် တက်ရောက်

**ပုသိမ် ဇူလိုင် ၆**

ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးလှမိုးအောင်သည် ဇူလိုင် ၆ ရက်က လပွတ္တာမြို့ ရွှေနဒီခန်းမ၌ကျင်းပသော လပွတ္တာမြို့နယ် ရွှေကျွန်းသာဒေသ မြေလွတ်၊ မြေလပ်၊ မြေရိုင်း လုပ်ပိုင်ခွင့်လက်မှတ်ပေးအပ်ခြင်း အခမ်းအနားသို့ တက်ရောက်သည်။

**တောင်သူများထံ ပေးအပ်**

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားရာ၌ လပွတ္တာမြို့နယ် ရွှေကျွန်းသာဒေသ သစ်တောကြိုးဝိုင်းမှ ပယ်ဖျက်မြေများအား ၂၀၁၂ ခုနှစ် မြေလွတ်၊ မြေလပ်၊ မြေရိုင်းလုပ်ကိုင်ခွင့် လျှောက်ထားလာမှုများအပေါ် ဥပဒေနှင့်အညီ စိစစ်၍ လုပ်ပိုင်ခွင့်လက်မှတ်ထုတ်ပေးခြင်းဖြစ်ကြောင်း၊ ကျန်ရှိနေသော လျှောက်ထားမြေဧရိယာများအပေါ်တွင်လည်း ဥပဒေနှင့်အညီ ဆက်လက်စိစစ်ပေးသွားမည်ဖြစ်ပြီး တောင်သူများအပါအဝင် ပြည်သူလူထုအားလုံးမှလည်း ဥပဒေနှင့်အညီ ဆောင်ရွက်ပြီး ဒေသတွင်း တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးကို ပူးပေါင်းဆောင်ရွက်သွားကြရန် တိုက်တွန်းလိုကြောင်း ပြောကြားသည်။ ထို့နောက် မြေလွတ်၊ မြေလပ်၊ မြေရိုင်း လုပ်ပိုင်ခွင့်လက်မှတ်များအား ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက မြေဧရိယာ ၁၉၆၁ ဧကအား တောင်သူ ၂၆၆ ဦးထံသို့ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## စာအုပ်စာပေ လူ့မိတ်ဆွေ

## မြန်မာနိုင်ငံဆရာဝန်အသင်း(ဗဟို) တည်ဆောက်မည့် လေ့ကျင့်သင်ကြားရေး အဆောက်အအုံ ပန္နက်တင်

**ရန်ကုန် ဇူလိုင် ၆**

တိုးတက်ပြောင်းလဲလျက်ရှိသည့် ဆေးပညာဗဟုသုတနှင့် အတွေ့အကြုံများကို ဆရာဝန်ထုအတွင်း စဉ်ဆက်မပြတ် လေ့ကျင့်ပညာပေးဖြန့်ဖြူးရန် ရည်ရွယ်၍ မြန်မာနိုင်ငံ ဆရာဝန်အသင်း(ဗဟို)က တည်ဆောက်မည့် လေ့ကျင့်သင်ကြားရေး အဆောက်အအုံ (Training Center) ပန္နက်တင်မင်္ဂလာအခမ်းအနားကို ယနေ့ နံနက် ၉ နာရီက ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ အဆိုပါ အသင်းဝင်း အတွင်း၌ ကျင်းပသည်။

အဆောက်အအုံကို မြန်မာနိုင်ငံဆရာဝန်အသင်း ဒုတိယဥက္ကဋ္ဌ ဒေါက်တာခင်ပြုံးကြည်၊ အတွင်းရေးမှူး ပါမောက္ခ ဒေါက်တာထင်အောင်စော၊ ဘဏ္ဍာရေးမှူး ပါမောက္ခ ဒေါက်တာ မြသီတာနှင့် အာရုဏ်ဦးကုမ္ပဏီမှ တာဝန်ရှိသူများက ပန္နက်တော်တင်၍ **(ယာပုံ)** အမွှေးနံ့သာများ ပက်ဖျန်းပေးသည်။

လေ့ကျင့်သင်ကြားရေး အဆောက်အအုံ (Training Center )ကို မြန်မာနိုင်ငံဆရာဝန်အသင်း ရန်ပုံငွေ၊ အလှူရှင်များ၏ ပါဝင်လှူဒါန်းငွေများဖြင့် ငွေကျပ် ၁၀၂၉၂ သိန်း ကုန်ကျခံကာ တည်ဆောက်မည်ဖြစ်သည်။ ငါးထပ်အဆောက်အအုံဖြစ်ပြီး Skill lab၊ Lecture Hall တို့ ပါဝင်ကြောင်း သိရသည်။ **သတင်းစဉ်**



## မှတ်သားဖွယ်ရာ မိုးရေချိန်များ

**နေပြည်တော် ဇူလိုင် ၆**

မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ ဟိုင်းကြီးကျွန်းမြို့တွင် ၈ ဒသမ ၅၁ လက်မ၊ သထုံမြို့တွင် ၅ ဒသမ ၇၉ လက်မ၊ ရေးမြို့တွင် ၅ ဒသမ ၇၁ လက်မ၊ ပေါင်မြို့တွင် ၅ ဒသမ ၁၂ လက်မ၊ ကိုကိုးကျွန်းမြို့တွင် ၄ ဒသမ ၆၁ လက်မ၊ ပူတာအိုမြို့တွင် ၃ ဒသမ ၇၄ လက်မ၊ ခန္တီးမြို့တွင် ၃ ဒသမ ၅၁ လက်မ၊ ရန်ကုန်(ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်)တွင် ၂ ဒသမ ၂၈ လက်မ၊ မြိတ်မြို့တွင် ၂ ဒသမ ၂၀ လက်မ၊ မင်းဘူးမြို့တွင် ၂ ဒသမ ၀၉ လက်မနှင့် ချောင်းဆုံမြို့နှင့် ကျိုက်မရောမြို့တို့တွင် ၂ ဒသမ ၀၅ လက်မစီနှင့် ဘားအံမြို့တွင် ၂ ဒသမ ၀၁ လက်မတို့ ဖြစ်ကြသည်။ **မိုး/ဇလ**

# (၁၇)ကြိမ်မြောက် ပြန်လည်ဝင်ဆံ့ပေါင်းစည်းရေးဆိုင်ရာ ဝန်ကြီးဌာနများလုပ်ငန်းအဖွဲ့ ပုံမှန်ညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် ဇူလိုင် ၆**

(၁၇)ကြိမ်မြောက် ပြန်လည်ဝင်ဆံ့ပေါင်းစည်းရေးဆိုင်ရာ ဝန်ကြီးဌာနများလုပ်ငန်းအဖွဲ့ ပုံမှန်ညှိနှိုင်းအစည်းအဝေးကို ဇူလိုင် ၅ ရက်တွင် နေပြည်တော် M-Gallery ဟိုတယ်၌ ကျင်းပသည်။

အခမ်းအနားတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြန်လည်ထူထောင်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းနိုင်ထွန်း တက်ရောက်အမှာစကား ပြောကြားပြီး UNICEF Myanmarမှ Inter- Ministerial Working Group ၏ Cochair ဖြစ်သူ Ms. Cecile Marchand က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

ညွှန်ကြားရေးမှူးချုပ်က ကလေးစစ်သားပပျောက်ရေးအတွက် ၂၀၀၄ ခုနှစ်ကတည်းက အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေး ကော်မတီကို စတင်ဖွဲ့စည်းခဲ့ပြီး ဆောင်ရွက်လျက်ရှိကြောင်း၊ ၂၀၁၂ ခုနှစ်တွင် နိုင်ငံတော်အစိုးရနှင့် United Nation Country Task Force on Monitoring and Reporting အဖွဲ့တို့ MoU လက်မှတ်ရေးထိုးကာ Plan of Action ကို ရေးဆွဲ အကောင်အထည်ဖော်ဆောင်ရွက်နေကြောင်း၊ ၂၀၁၂ ခုနှစ်မှစ၍ ၂၀၁၇ ခုနှစ်အထိ တပ်မတော်မှ နုတ်ထွက်ခွင့်ပြုသည့် ကလေးဦးရေ ၈၀၀ ရှိကြောင်း၊ မိမိတို့ ဝန်ကြီးဌာနနှင့် UNICEF တို့ ပူးပေါင်းကာ Child Protection Programme အရ မိသားစုနှင့် ပြန်လည်ဝင်ဆံ့ပေါင်းစည်းရေးနှင့် နောက်ဆက်တွဲ စောင့်ရှောက်ရေးလုပ်ငန်းများ လုပ်ဆောင်ပေးလျက်ရှိရာ ၅၀၀ ကျော်အား အကူအညီပေးနိုင်ခဲ့ကြောင်း၊ သို့သော် အမေရိကန်နိုင်ငံ State Department မှ ၂၀၁၈ ခုနှစ် လူကုန်ကူးမှုဆိုင်ရာ နှစ်ပတ်လည်အစီရင်ခံစာတွင် ကလေးစစ်သားအသုံးပြုသည့် နိုင်ငံ ၁၁ နိုင်ငံတွင် မြန်မာနိုင်ငံပါဝင်သည်ဟု ဖော်ပြထားကြောင်း၊ လူကုန်ကူးမှုတိုက်ဖျက်ရေးလုပ်ဆောင်မှုတွင် အနိမ့်ဆုံးအဆင့် (၃)အဖြစ် သတ်မှတ်ထားကြောင်း၊ ထိုအစီရင်ခံစာ၏ အကြံပြုချက် ကိုးချက်ရှိရာ ငါးချက်သည် ကလေးစစ်သားနှင့် ပတ်သက်သည့် အကြံပြုချက်များဖြစ်နေကြောင်း၊ ၂၀၀၅ ခုနှစ် လူကုန်ကူးမှုတိုက်ဖျက်ရေး ဥပဒေအား ပြန်လည်ပြင်ဆင်ရန် ထိုအစီအရင်ခံစာမှ ထောက်ပြလျက်ရှိနေကြောင်း ပြောကြားသည်။




အစည်းအဝေးတွင် တက်ရောက်လာသူများက တပ်မတော်နှင့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများမှ နုတ်ထွက်ခွင့်ရရှိသည့် ကလေးသူငယ်များအတွက် ပြန်လည်ထူထောင်ရေး လုပ်ငန်းများနှင့်ပတ်သက်၍ မူဝါဒရေးဆွဲရာတွင် ထည့်သွင်းရေးဆွဲသွားမည့် အချက်များအကြောင်းကို အဓိကထား ဆွေးနွေးခဲ့ကြသည်။ ယင်းအချက်များမှာ ရပ်ရွာအခြေပြု ပြန်လည်ထူထောင်ရေး၊ လက်နက်ကိုင်တပ်ဖွဲ့တွင် ကလေးသူငယ်များ စစ်မှုထမ်းဆောင်ရခြင်းမှ ကာကွယ်ရေးနှင့် ၎င်းလက်နက်ကိုင်တပ်ဖွဲ့များမှ နုတ်ထွက်ခွင့်ရရှိသည့် ကလေးသူငယ်များအတွက် နိုင်ငံသားဖြစ်မှုရရှိရေးတို့ ပါဝင်သည်။

အစည်းအဝေးသို့ သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များ၊ INGOs, NGOs အဖွဲ့များမှ ကိုယ်စားလှယ်များ စုစုပေါင်း ၁၈ ဦး တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

❂ *ကျောဖုံးမှ*

ယင်းနောက်ပိုင်းတွင် နှစ်သင်းစလုံး ဂိုးသွင်းခွင့်များ ထပ်မံရခဲ့သော်လည်း အသုံးမချနိုင်ခဲ့၍ ပထမပိုင်းအပြီးတွင် မြန်မာအသင်းက တစ်ဂိုး-ဂိုးမရှိဖြင့် ဦးဆောင်နေသည်။ ဒုတိယပိုင်းတွင်လည်း မြန်မာအသင်းကသာ ဆက်လက်ဖိကစားနိုင်ခဲ့ပြီး ၅၂ မိနစ်တွင် ဝင်းနိုင်ထွန်းက ဒုတိယဂိုး ထပ်မံသွင်းယူခဲ့သည်။ ၆၂ မိနစ်တွင် ကမ္ဘောဒီးယားအသင်း ချေပဂိုးတစ်ဂိုးပြန်ရခဲ့သော်လည်း ပွဲရလဒ်ကို ပြောင်းလဲနိုင်ခြင်းမရှိဘဲ မြန်မာအသင်းအတွက် တတိယအနိုင်ဂိုးကို ၇၅ မိနစ်တွင် မြတ်ကောင်းခန့်က သွင်းယူပေးခဲ့သည်။ ၈၈ မိနစ်တွင် မြန်မာအသင်း စတုတ္ထဂိုးထပ်ရခဲ့ပြီး အသင်းခေါင်းဆောင် မြတ်ကောင်းခန့်က သွင်းယူခဲ့သည်။

အုပ်စု (ခ) အခြားပွဲတွင် မလေးရှားအသင်းက ဘရူနိုင်းအသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ ယခုပွဲအပြီးတွင် အုပ်စု(ခ)၌ မလေးရှားအသင်းက နှစ်ပွဲကစားခြောက်မှတ်ဖြင့် ထိပ်ဆုံးမှ ဦးဆောင်နေပြီး မြန်မာနှင့် တီမောအသင်းက နှစ်ပွဲကစား လေးမှတ်၊ ကမ္ဘောဒီးယားအသင်းက သုံးပွဲကစား သုံးမှတ်ရထားကာ ဘရူနိုင်းအသင်းမှာမူ သုံးပွဲစလုံးရှုံးကာ အမှတ်မရသေးပေ။ မြန်မာအသင်းသည် တတိယပွဲအဖြစ် ဇူလိုင် ၈ ရက်တွင် ဘရူနိုင်းအသင်းနှင့် ကစားရမည်ဖြစ်သည်။ **ရဲရင့်ရှိုင်း**

# မြန်မာ့အသံနှင့် ရုပ်မြင်သံကြား (MRTV) နှင့် ကွမ်ရှီးပြည်သူ့အသံလွှင့်ဌာနတို့ ပူးပေါင်း၍ မြန်မာနောက်ခံစကားပြော တရုတ်ကာတွန်းဇာတ်လမ်းတွဲ ဩဂုတ်လမှစတင်၍ ထုတ်လွှင့်ပြသမည်

ရန်ကုန် ဇူလိုင် ၆

**မြန်မာ့အသံနှင့်ရုပ်မြင်သံကြား (MRTV) နှင့် ကွမ်ရှီးပြည်သူ့အသံလွှင့်ဌာနတို့ ပူးပေါင်းတင်ဆက်သည့် မြန်မာနောက်ခံစကားပြော တရုတ်ကာတွန်းဇာတ်လမ်းတွဲ ထုတ်လွှင့်ပြသမည့်အစီအစဉ်နှင့် ပတ်သက်၍ မိတ်ဆက်သည့် အခမ်းအနားကို ယနေ့မွန်းလွဲ ၃ နာရီက ရန်ကုန်မြို့ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား (MRTV) ဝင်းတွင် ကျင်းပခဲ့သည်။**




**မြန်မာနောက်ခံစကားပြော တရုတ်ကာတွန်းဇာတ်လမ်းတွဲ ထုတ်လွှင့်ပြသမည့်အစီအစဉ်နှင့် ပတ်သက်၍ မိတ်ဆက်သည့် အခမ်းအနားတွင် တာဝန်ရှိသူများနှင့် ကလေးငယ်များ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။**

အဆိုပါ ကာတွန်းဇာတ်လမ်းတွဲ၏ အမည်မှာ "တောပျော်မျောက်ကလေးကြွမ့်ကြွမ့်"ဖြစ်ပြီး ကာတွန်းဇာတ်လမ်းတွဲကိုမူ ဩဂုတ်လမှစတင်၍ တနင်္ဂနွေနေ့ နံနက်ပိုင်းတွင် ပြသသွားမည်ဖြစ်ကြောင်းသိရသည်။ ဇာတ်လမ်းမှာ တရုတ်နိုင်ငံ ကွမ်ရှီးပြည် အနောက်တောင်ပိုင်းဒေသရှိ တောတောင်များကြားတွင် နေထိုင်သည့် ခေါင်းဖြူမျောက်ကလေး ကြွမ့်ကြွမ့်နှင့် တိရစ္ဆာန်အပေါင်းအဖော်များကြားတွင် စည်းစည်းလုံးလုံးရှိပုံနှင့် တောတောင်သဘာဝ ပတ်ဝန်းကျင်ကို ထိန်းသိမ်းကာကွယ်ကြပုံ အကြောင်းဖြစ်သည်။

**ကလေးငယ်များ ဉာဏ်စမ်းမေးခွန်းများ ဖြေဆို**

အခမ်းအနားတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ထွေးနှင့် ကွမ်ရှီး ပြည်သူ့အသံလွှင့်ဌာန ညွှန်ကြားရေးမှူးချုပ် မစ္စတာ ဖန်းရီတို့က နှုတ်ခွန်းဆက်စကားများ ပြောကြားခဲ့ကြပြီး ကလေးငယ်များက ဉာဏ်စမ်းမေးခွန်းများ ဖြေဆိုခြင်း၊ ပန်းချီဆွဲခြင်းတို့ကို ပြုလုပ်ခဲ့သည်။

ယင်းနောက် ပြသလျက်ရှိသည့် မြန်မာနောက်ခံစကားပြော တရုတ်ဇာတ်လမ်းတွဲများနှင့် ပတ်သက်၍ ကြည့်ရှုအားပေးမှုကို ဆန်းစစ်ခြင်းများ ပြုလုပ်ကာ ပထမဆုရရှိသူနှစ်ဦး၊ ဒုတိယဆု ရရှိသူ လေးဦး၊ တတိယဆုရရှိသူ ခြောက်ဦးနှင့် နှစ်သိမ့်ဆုရရှိသူ ၃၈ ဦးတို့အား ဆုများအသီးသီးပေးအပ်ခဲ့ပြီး ပထမဆုရရှိသူများသည် ကွမ်ရှီးဒေသသို့ ငါးရက်တာ သွားရောက်ခွင့် ရရှိခဲ့သည်။

**စိတ်ဝင်စားဖွယ် ဇာတ်လမ်း**

မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ထွေးက "စတင်မိတ်ဆက်တဲ့ ကာတွန်းဇာတ်လမ်းတွဲကို လာမယ့်ဩဂုတ်လမှာ စတင်ပြသပါမယ်။ အကြမ်းဖျဉ်း တနင်္ဂနွေနေ့ မနက်ပိုင်းမှာ ပြသဖို့ ရည်ရွယ်ထားပါတယ်။ အပိုင်း ၃၀ လောက် ပါပါတယ်။ တည်းဖြတ်ရင်းနဲ့ အပိုင်းတွေလည်း ပိုများလာပါတယ်။ နှစ်ဖက်စာချုပ်အရ တရုတ်နိုင်ငံနဲ့ ဇာတ်လမ်းတွဲတွေကို သုံးနှစ်လောက် ဆက်လက်ပြသမှာပါ။ မြန်မာအသံထွက်ပြီးပြတဲ့ ဇာတ်ကားက သိပ်ပြီး အလေ့အထမရှိတော့ နားထောင်ခါစမှာ ကြည့်ရှုရတာ အခက်အခဲရှိပါတယ်။ ဝေဖန်မှုတွေလည်း လာပါတယ်။ အခုအချိန်မှာတော့ သက်ကြီးရွယ်အိုတွေက စာကို လိုက်မဖတ်နိုင်ဘူး။ နောက်စာတတ်ခါစ ကလေးတွေက စာကို သိပ်ပြီး လိုက်မဖတ်နိုင်ဘူး။ ဒါကြောင့် သက်ကြီးတွေနဲ့ ကလေးတွေ ကြည့်ရှုရတာ အဆင်ပြေပါတယ်ဆိုတဲ့ မက်ဆေ့ ကျွန်တော်တို့ဆီ ပြန်ရောက်ပါတယ်။ လူကြိုက်လည်း များလာပါတယ်။ ဒါကြောင့် မြန်မာအသံထွက် ဇာတ်ကားတွေ ဆက်လက်ထုတ်လွှင့်ဖို့ စီစဉ်နေပါတယ်။ အခု ပူးပေါင်းဆောင်ရွက်ဖို့ စီစဉ်ထားတဲ့ကိစ္စက ကျွန်တော်တို့ဆီမှာ မြန်မာဇာတ်ကားတွေကို မြန်မာနိုင်ငံမှာလာရိုက်ပြီး တရုတ်နိုင်ငံမှာ ပြန်ပြဖို့ပါ။ ဒါကို ကျွန်တော်တို့ ဆွေးနွေးနေပါတယ်။ ကျွန်တော်တို့ဆီမှာ စိတ်ဝင်စားဖွယ် ဇာတ်လမ်းတွေ အများကြီးရှိပါတယ်။ ပုဂံခေတ်၊ အင်းဝခေတ် စသည်ဖြင့်ပေါ့။ ဒါကို ကျွန်တော်တို့ဆီမှာလည်း ပြမယ်။ သူတို့ဆီမှာလည်းပြမယ်။ အကုန်အကျများနိုင်လို့ စီစဉ်နေဆဲပါ" ဟု ပြောသည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ရှီးပြည်သူ့အသံလွှင့်ဌာနနှင့် မြန်မာ့အသံရုပ်မြင်သံကြား (MRTV) တို့အကြား အသံလွှင့်လုပ်ငန်း သဘောတူညီချက် ဆောင်ရွက်မှုကို ၂၀၁၃ ခုနှစ် စက်တင်ဘာတွင် လက်မှတ်ရေးထိုးခဲ့သည်။ စာချုပ်အရ ၂၀၁၃ မှ ၂၀၁၅ အထိ ကွမ်ရှီးနှင့် MRTV တို့မှ ကိုယ်စားလှယ်များ အပြန်အလှန် လေ့လာရေး သွားရောက်ခဲ့ပြီး လုပ်ငန်းလုပ်ဆောင်မှု ဖြည့်စွက်သဘောတူညီချက်စာချုပ်ကို ၂၀၁၇ ခုနှစ် မတ်လတွင် ရေးထိုးခဲ့သည်။ တရုတ်ရုပ်ရှင်ဇာတ်ကားများ ပူးတွဲထုတ်လုပ်ခြင်း သဘောတူစာချုပ်ကို ၂၀၁၇ ခုနှစ် ဇွန်လတွင် လက်မှတ်ရေးထိုးခဲ့သည်။

**မြန်မာပြည်သူလူထုကို ပြသချင်**

ကွမ်ရှီး ပြည်သူ့အသံလွှင့်ဌာန ညွှန်ကြားရေးမှူးချုပ် မစ္စတာ ဖန်းရီက "တရုတ်နိုင်ငံမှာ လူကြိုက်များ ကျော်ကြားတဲ့ ကာတွန်းရုပ်သံဇာတ်လမ်းတွဲကို မြန်မာပြည်သူလူထုကို ပြသချင်လို့ အခုလို စီစဉ်တာပါ။ မြန်မာလူမျိုးတွေ ဘယ်လိုနေထိုင်တယ်ဆိုတာ တရုတ်လူမျိုးတွေအနေနဲ့လည်း သိချင်ပါတယ်။ မြန်မာနိုင်ငံမှာ ရုပ်ရှင်လာရောက်ရိုက်ကူးပြီး မြန်မာလူမျိုးတွေ ဘယ်လိုပုံစံနေထိုင်တယ်ဆိုတာကိုလည်း တရုတ်နောက်ခံစကားပြောနဲ့ ဖော်ပြချင်ပါတယ်"ဟု ပြောသည်။

ကွမ်ရှီးပြည်သူ့အသံလွှင့်ဌာနနှင့် မြန်မာ့အသံရုပ်မြင်သံကြားတို့၏ စာချုပ်ရလဒ်အဖြစ် တရုတ်ရုပ်သံ ရုပ်သံဇာတ်လမ်းတွဲများကို မြန်မာစကားပြောနှင့် ထုတ်လွှင့်ပြသခဲ့သည်။ မြန်မာနောက်ခံစကားပြော ဇာတ်လမ်းတွဲများမှာ မင်္ဂလာပါ ချောင်ဟန်း၊ မေတ္တာမျဉ်းပြိုင်၊ အေးအတူပူအမျှ စသည့် ဇာတ်လမ်းတွဲများဖြစ်ပြီး လက်ရှိ မျဉ်းဖြောင့်တစ်ကြောင်း၏ မှတ်တမ်း ရုပ်ရှင်ဇာတ်လမ်းတွဲကို ပြသလျက်ရှိသည်။

**သတင်းနှင့်ဓာတ်ပုံ-ညွန့်ကိုကို**

# မြန်မာစံချိန်စံညွှန်းများ သတ်မှတ်ခြင်း

**အမျိုးသားစံချိန်စံညွှန်းကောင်စီသည် စံချိန်စံညွှန်းသတ်မှတ်ခြင်းဆိုင်ရာ ဥပဒေပုဒ်မ ၃၃၊ ပုဒ်မခွဲ(ခ)အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ပုဒ်မ၅၊ ပုဒ်မခွဲ(ခ)ပါ လုပ်ငန်းတာဝန်များအရ အောက်ဖော်ပြပါစံချိန်စံညွှန်း(၅၀)အား မြန်မာစံချိန်စံညွှန်းများအဖြစ် သတ်မှတ်ကြောင်း ထုတ်ပြန်ကြေညာလိုက်သည်-**

| စဉ် | မြန်မာစံချိန်စံညွှန်းများ |
|---|---|
| (၁) | MMS 1:2018 စိုက်ပျိုးရေးသုံး ပိုးသတ်ဆေးဆိုင်ရာ မြန်မာစံချိန်စံညွှန်း။ |
| (၂) | MMS FIP-WHO 961:2011 ကောင်းမွန်သော ဆေးဝါးရောင်းချမှုကျင့်စဉ်အတွက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးနှင့် အပြည်ပြည်ဆိုင်ရာ ဆေးဝါးများအသင်းချုပ်တို့၏ ပူးတွဲလမ်းညွှန်ချက်များ-ဆေးဝါးဆိုင်ရာ ဝန်ဆောင်မှုများ၏ အရည် အသွေးဆိုင်ရာ မြန်မာစံချိန်စံညွှန်း။ |
| (၃) | MMS CODEX STAN 36:1981 အမြန်အေးခဲထားသော ဆူးတောင်ပါငါးများ၏ မြန်မာစံချိန်စံညွှန်း (ကလီစာထုတ်ပြီး/ကလီစာပါ)။ |
| (၄) | MMS CODEX STAN 190:1995 အမြန်အေးခဲထားသော ငါးအသားလွှာများ၏ မြန်မာစံချိန်စံညွှန်း။ |
| (၅) | MMS CODEX STAN 92:1981 အမြန်အေးခဲထားသော ပုစွန်များ၏ မြန်မာစံချိန်စံညွှန်း။ |
| (၆) | MMS CODEX STAN 198:1995 မြန်မာဆန် စံချိန်စံညွှန်း။ |
| (၇) | MMS CODEX STAN 171:1989 ပဲစေ့အမျိုးအစား(အချို့)အတွက် မြန်မာစံချိန်စံညွှန်း။ |
| (၈) | MMS ISO 22715:2006 အလှကုန်ပစ္စည်းများ-ထုပ်ပိုးခြင်းနှင့် ကုန်အမှတ်တံဆိပ်ရေးသားရိုက်နှိပ်ခြင်းဆိုင်ရာ မြန်မာစံချိန်စံညွှန်း။ |
| (၉) | MMS ISO 15747:2010 သွေးကြောသွင်း ဆေးရည်များထည့်ရန် အသုံးပြုသည့် ပလတ်စတစ်ဘူးများ၏ မြန်မာစံချိန်စံညွှန်း။ |
| (၁၀) | MMS ISO 6410-1:1993 နည်းပညာပိုင်းဆိုင်ရာ ရေးဆွဲသောပုံများ- ဝက်အူရစ်များနှင့် အရစ်ပါသော အစိတ်အပိုင်းများ- အပိုင်း(၁) ယေဘုယျရေးဆွဲခြင်းများဆိုင်ရာ မြန်မာစံချိန်စံညွှန်း။ |
| (၁၁) | MMS ISO 6410-2:1993 နည်းပညာပိုင်းဆိုင်ရာ ရေးဆွဲသောပုံများ -ဝက်အူရစ်များနှင့် အရစ်ပါသော အစိတ်အပိုင်းများ- အပိုင်း(၂) ဝက်အူရစ်ပါသော ဖြည့်သွင်းအစိတ်အပိုင်းများဆိုင်ရာ မြန်မာစံချိန်စံညွှန်း။ |
| (၁၂) | MMS ISO 6410-3:1993 နည်းပညာပိုင်းဆိုင်ရာ ရေးဆွဲသော ပုံများ- ဝက်အူရစ်များနှင့် အရစ်ပါသော အစိတ်အပိုင်းများ- အပိုင်း(၃) ရိုးရှင်းလွယ်ကူအောင် ပုံဖော်ရေးဆွဲခြင်းဆိုင်ရာ မြန်မာစံချိန်စံညွှန်း။ |
| (၁၃) | MMS ISO 5408:2009 ဝက်အူရစ်များ- ဝေါဟာရဆိုင်ရာ မြန်မာစံချိန်စံညွှန်း။ |
| (၁၄) | MMS ISO 16528-1:2007 ဘွိုင်လာနှင့်ဖိအားခံအိုးများ- အပိုင်း(၁)စွမ်းဆောင်ရည်ဆိုင်ရာ လိုအပ်ချက်များဆိုင်ရာ မြန်မာစံချိန်စံညွှန်း။ |
| (၁၅) | MMS ISO 16528-2:2007 ဘွိုင်လာနှင့် ဖိအားခံအိုးများ-အပိုင်း(၂)- ISO 16528-1 ၏ လိုအပ်ချက်များကို ပြည့်မီရန် လုပ်ငန်းစဉ်များဆိုင်ရာ မြန်မာစံချိန်စံညွှန်း။ |
| (၁၆) | MMS ISO 1072:1975 ပကတိသစ် (Solid wood) ပါကေး-အထွေထွေသွင်ပြင်လက္ခဏာများဆိုင်ရာ မြန်မာစံချိန်စံညွှန်း။ |
| (၁၇) | MMS ISO 8903:1994 ရွက်ပြန့်သစ်မျိုးသစ်ခွဲသား-အခြေခံအရွယ်အစားများဆိုင်ရာ မြန်မာစံချိန်စံညွှန်း။ |
| (၁၈) | MMS ISO 8904:1990 ရွက်ပြန့်သစ်မျိုးသစ်ခွဲသားများ- အရွယ်အစားများ-တိုင်းတာခြင်းနည်းလမ်းများဆိုင်ရာ မြန်မာစံချိန်စံညွှန်း။ |
| (၁၉) | MMS ISO 4471:1982 သစ်-မျိုးတူသစ်ပင်အုပ်စုအတွင်း သစ်သား၏ ရုပ်ပိုင်းနှင့်စက်မှုဆိုင်ရာ ဂုဏ်သတ္တိများ စူးစမ်းတွက်ချက်ခြင်းအတွက် နမူနာသစ်ပင်နှင့် သစ်လုံးများ နမူနာကောက်ယူခြင်းဆိုင်ရာ မြန်မာစံချိန်စံညွှန်း။ |
| (၂၀) | MMS ISO 3129:1975 သစ်-ရုပ်ပိုင်းနှင့် စက်မှုဆိုင်ရာ စမ်းသပ်မှုများအတွက် နမူနာကောက်ယူခြင်း နည်းလမ်းများနှင့် အထွေထွေလိုအပ်ချက်များဆိုင်ရာ မြန်မာစံချိန်စံညွှန်း။ |
| (၂၁) | MMS ISO 8375:2009 သစ်သားထည်များ-ကော်ကပ်သစ်သား-ရုပ်ပိုင်းနှင့် စက်မှုဆိုင်ရာ စူးစမ်းတွက်ချက်ခြင်းအတွက် စမ်းသပ်မှုနည်းလမ်းများဆိုင်ရာ မြန်မာစံချိန်စံညွှန်း။ |
| (၂၂) | MMS ISO 50001:2011 စွမ်းအင်စီမံခန့်ခွဲမှုစနစ် - အသုံးပြုနိုင်သည့် လမ်းညွှန်ချက်များပါဝင်သည့် လိုအပ်ချက်များဆိုင်ရာ မြန်မာစံချိန်စံညွှန်း။ |
| (၂၃) | MMS IEC 60227-5:2003 သတ်မှတ်ဗို့အား ၄၅၀/၇၅၀ ဗို့အားအထိ အသုံးပြုနိုင်သည့် ပိုလီဗီနိုင်းလ်ကလိုရိုက်(ပီဗွီစီ) ဖုံးအုပ်ထားသော ဝိုင်ယာကြိုးများ၊ အပိုင်း(၅) ဝိုင်ယာကြိုးပျော့များ၏ မြန်မာစံချိန်စံညွှန်း။ |
| (၂၄) | MMS IEC 60669-1:2007 အိမ်သုံးနှင့် အလားတူ ပုံသေလျှပ်စစ်သွယ်တန်းခြင်းအတွက် ခလုတ်များ အပိုင်း(၁)- အထွေထွေလိုအပ်ချက်များဆိုင်ရာ မြန်မာစံချိန်စံညွှန်း။ |
| (၂၅) | MMS IEC 60884-1:2006 အိမ်သုံးနှင့် အလားတူသုံးစွဲမှုများအတွက် ဆော့ကတ်နှင့် ပလပ်များ အပိုင်း(၁)- ယေဘုယျသတ်မှတ်ချက်များဆိုင်ရာ မြန်မာစံချိန်စံညွှန်း။ |
| (၂၆) | MMS IEC 60335-1:2010 အိမ်သုံးနှင့် အလားတူလျှပ်စစ်ပစ္စည်းများ- ဘေးအန္တရာယ်ကင်းရှင်းရေး- အပိုင်း(၁)- အထွေထွေလိုအပ်ချက်များဆိုင်ရာ မြန်မာစံချိန်စံညွှန်း။ |
| (၂၇) | MMS IEC 60335-2-3:2008 အိမ်သုံးနှင့် အလားတူ လျှပ်စစ်ပစ္စည်းများ-ဘေးအန္တရာယ်ကင်းရှင်းရေး- အပိုင်း(၂-၃) လျှပ်စစ်မီးပူများအတွက် သီးခြားလိုအပ်ချက်များဆိုင်ရာ မြန်မာစံချိန်စံညွှန်း။ |
| (၂၈) | MMS IEC 60335-2-44:2004 အိမ်သုံးနှင့် အလားတူ လျှပ်စစ်ပစ္စည်းများ-ဘေးအန္တရာယ်ကင်းရှင်းရေး- အပိုင်း(၂-၄၄) - အဝတ်ပြန့်ကိရိယာများအတွက် သီးခြားလိုအပ်ချက်များဆိုင်ရာ မြန်မာစံချိန်စံညွှန်း။ |
| (၂၉) | MMS IEC 60335-2-41:2004 အိမ်သုံးနှင့် အလားတူ လျှပ်စစ်ပစ္စည်းများ-ဘေးအန္တရာယ်ကင်းရှင်းရေး- အပိုင်း(၂-၄၁) - ပန့်များအတွက် သီးခြားလိုအပ်ချက်များဆိုင်ရာ မြန်မာစံချိန်စံညွှန်း။ |
| (၃၀) | MMS IEC 60335-2-80:2008 အိမ်သုံးနှင့် အလားတူ လျှပ်စစ်ပစ္စည်းများ-ဘေးအန္တရာယ်ကင်းရှင်းရေး- အပိုင်း(၂-၈၀) - ပန်ကာများအတွက် သီးခြားလိုအပ်ချက်များဆိုင်ရာ မြန်မာစံချိန်စံညွှန်း။ |

*(ဆက်လက်ဖော်ပြပါမည်)*

# ၂၀၁၉ ခုနှစ် မတ်လတွင် ကျင်းပမည့် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ပြောင်းလဲအသုံးပြုမည့် ရူပဗေဒဘာသာရပ် နမူနာမေးခွန်းပုံစံ (၁)

၂၀၁၉ ခုနှစ် မတ်လတွင်ကျင်းပမည့် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ပြောင်းလဲအသုံးပြုမည့် ဘာသာရပ်အလိုက် မေးခွန်းပုံစံသစ်နှင့် စပ်လျဉ်း၍ အသိပေးဖော်ပြချက်များကို သတင်းစာများတွင် ၂၀၁၈ ခုနှစ်၊ မေ ၂ ရက်မှ မေ ၁၀ ရက်ထိ ထုတ်ပြန်ခဲ့ပြီး ဖြစ်ပါသည်။

ယခုထပ်မံ၍ ၂၀၁၉ ခုနှစ် မတ်လတွင် ကျင်းပမည့် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ပြောင်းလဲအသုံးပြုမည့် ဘာသာရပ်အလိုက် နမူနာမေးခွန်းပုံစံများကို သတင်းစာများတွင် ထုတ်ပြန်သွားမည်ဖြစ်ပါသည်။

(နမူနာမေးခွန်းပုံစံများကို ပညာရေးဝန်ကြီးဌာန၏ Website ဖြစ်သော www.moe.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါကြောင်း အသိပေးအပ်ပါသည်။)

**2019 SAMPLE QUESTION**

**MATRICULATION EXAMINATION**

**DEPARTMENT OF MYANMAR EXAMINATION**

**PHYSICS** **Time Allowed: (3) Hours**

**WRITE YOUR ANSWERS IN THE ANSWER BOOKLET**

**The symbols in this paper have their usual significance**

## SECTION (A)

**(Answer ALL questions)**

1. Choose the correct answer from the followings. **(4 marks)**
   (i) 1mmHg is equivalent to ………. .
   (**A** $1.013\times10^5$ Pa **B** 133 Pa **C** 760 torr)
   (ii) When light passes from one medium to another ………. remains the same.
   (**A** frequency **B** wavelength **C** direction)
   (iii) The soft X-rays can penetrate ………. .
   (**A** bones **B** flesh **C** steel)
   (iv) The fuse wire is made of ………. alloy.
   (**A** iron-lead **B** tin-lead **C** copper-tin)

2. Match the followings. **(4 marks)**

| | | |
|---|---|---|
| (i) | Ammeter | A. atmospheric pressure |
| (ii) | Barometer | B. ac to dc |
| (iii) | Rectifier | C. total reflecting prism |
| (iv) | Binocular | D. current |

3. What is the meaning of 1hp?
   When a spring is loaded with 75 N the extension of the spring is 6 cm. If a load of 10 kg is loaded to it, what will be the extension of the string? ($g = 10\ ms^{-2}$) **(4 marks)**

4. An animal of skin surface area 1.5 $m^2$ is in a room of temperature 29°C. If the rate of heat loss due to convection is 0.01 W, what will be the temperature of the animal's skin? (Heat convection constant = $1.7\times10^{-3}\ W\ m^{-2}K^{-1}$). **(4 marks)**

5. Which type of lens is used in a photocopier? Draw a ray diagram which shows an equal-sized copy in photo-copier. **(4 marks)**

6. A positive charge of 4 $\times10^{-6}$ C exerts a force of attraction of 7.2 N on a second charge 25 cm away. What is the sign and magnitude of the second charge?
   $( K = \frac{1}{4\pi\varepsilon_0} = 9\times10^9\ Nm^2C^{-2} )$ **(4 marks)**

7. How can you connect a 6 μF capacitor with a 12 μF capacitor to get a 4 μF?
   Draw a graph to describe the relation n-$\sqrt{T}$ for a stretched string.
   (n = frequency of the string, T = tension in the string.) **(4 marks)**

8. Draw a simple circuit to demonstrate the principle of an OR gate by using two switches, a battery and a lamp. Also, draw a truth table of the OR gate **(4 marks)**

9. What is meant by nuclear chain reaction?
   Where does (i) controlled chain reaction and (ii) uncontrolled chain reaction take place? **(4 marks)**

## SECTION (B)


(Answer any **FOUR** questions)

10. (a) State the Archimedes's Principle. Describe an application of this principle.
    The density of the lead block is 11.5 g $cm^{-3}$ and it is floating in mercury of density 13.6 g $cm^{-3}$. (i) What portion of the lead block is immersed in mercury? (ii) What force is needed to press the block to immerse it totally if the mass of the lead block is 4 kg? (iii) Why is the lead block floating in mercury? **(8 marks)**
    (b) (i) Define heat convection. Explain with a diagram why an air conditioner should be best positioned high, near the ceiling of a room. **(8 marks)**
    (ii) A tuning fork is struck and placed over the open end of a resonance tube with adjustable air column. If resonances occur when the air column is 16.2 cm and 54.8 cm long, find the velocity of sound from these values. Frequency of tuning fork is 440 Hz.

11. (a) How do you understand the total internal reflection? Name two uses o concept of total internal reflection.
    A cube of ice of refractive index 1.31 is placed on a glass slab of refractive index 1.6. If a ray of light passing from the glass slab to the ice has an angle of incidence of 60°, will the ray enter the ice? Draw a ray diagram to illustrate your answer. **(8 marks)**
    (b) Define the principal focus of convex lens.
    The virtual image of an object is formed 24 cm from a lens of focal length 8 cm. (i) Find the distance between the object and the lens. Draw a ray diagram to show the formation of image. (ii) How far must the object be placed from the lens to obtain a real image of the same size as the virtual image obtained previously? **(8 marks)**

12. (a) What are some properties of electric force between two charges?
    (i) Find the direction and the magnitude of the electric field intensity due to the carbon nucleus at a point 0.1 nm from the nucleus. (ii) Find also the direction and magnitude of the force on a proton placed at that point. **(8 marks)**
    $( e = 1.6\times10^{-19}\ C,\ K = \frac{1}{4\pi\varepsilon_0} = 9\times10^9\ Nm^2C^{-2} )$
    (b) If the electric field intensity at a point in an electric field is zero, is the electric potential at that point necessarily zero?
    Two point charges, +4 nC and -9 nC, are 40 cm apart. Find the points of equal electric potential which are on the line joining the two charges. **(8 marks)**

13. (a) Draw the electric circuit for measurement of current and voltage to demonstrate the Ohm's law.
    In the electric circuit shown below, find the reading of the ammeter A when the switch is: (i) open (ii) closed. **(8 marks)**




    (b) Consider a charged particle $+q$ which is moving perpendicular to the magnetic field B with a velocity $v$. Draw the diagram to show the magnetic force acting on the moving charge. Name the rule to find the direction of magnetic force.
    A 220 V voltmeter has a resistance of 20 k Ω . When it is connected in series with a resistor across a 200 V mains line, it reads 10 V. What is the resistance of the resistor?
    **(8 marks)**

14. (a) How are X-rays and gamma rays similar?
    What are the origins of these rays?
    Give two uses of these rays. **(8 marks)**
    (b) Describe the construction and circuit symbol of a p-n junction diode.
    Does the diode obey Ohm's law? Explain.
    Which semiconductor device is used as a rectifier? Why?
    Draw a half-wave rectifier circuit. **(8 marks)**

15. (a) Mercury is used in a barometer rather than water. Why? Give your answer with the necessary calculations.
    Show that the angle of incidence is equal to the angle of emergence for a ray passing through a glass slab with parallel sides. **(8 marks)**
    (b) What is an equipotential surface? Draw the electric lines of force and equipotential surfaces around a charge - Q.
    How much work is done in moving a charge of + 1.6 $10^{-19}$ C from one point to another on the surface of a charged conducting sphere of 200 V? **(8 marks)**

**(OR)**

15. (a) How do you understand the radioactive tracers? Give two uses of radioactive tracers. Why is it important to use radioactive tracers with short half-lives?
    Explain how a transistor can be used as a current amplifier and as a power amplifier. **(8 marks)**
    (b) Why is electrical energy transformed into heat energy when a current flows through a resistor?
    An electric stove of 1200 W is connected to a 240 V mains line. (i) Find its resistance. (ii) Find the current flowing through it. (iii) Find the number of calories produced in one second by it. (iv) Find the electrical power produced by it when the voltage of the mains line drops to 200 V. ($J = 4.2\ J\ cal^{-1}$)
    **(8 marks)**

# ရေစကြိုမြို့နယ်၌ ကမ်းပြိုမှုများကြောင့် ရွှေဘုံသာဘုရားနှင့် မြစ်ကမ်းပါးနီးကပ်လာ



ကမ်းပြိုမှုများဖြစ်သည့်နေရာ၌ ဝါးဖောင်များချ၍ ကာကွယ်ရေးဆောင်ရွက်ထားစဉ်။

**ရေစကြို ဇူလိုင် ၆**

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် ရေစကြိုမြို့နယ်အတွင်း နှစ်စဉ်မြစ်ကမ်းပါးပြိုကျမှုများကြောင့် ဗလဗကျေးရွာအုပ်စု ဗလဗကျေးရွာ ဉာတိကာရုံကျောင်းတိုက်ဝင်းအတွင်း သက္ကရာဇ် ၅၅၇ ခုနှစ်က အလောင်းစည်သူမင်းကြီး တည်ထားကိုးကွယ်ခဲ့သည့် ဓမ္မရံသီ (ရွှေဘုံသာ)ဘုရားကြီးမှာ ယခုအခါ ဧရာဝတီမြစ်ကမ်းပါးနှင့် ကပ်လျက် အနေအထားသို့ ရောက်ရှိနေပြီဖြစ်ကြောင်း သိရသည်။

လက်ရှိအချိန်တွင် မြစ်ကမ်းပါးပြိုကျမှုများကို ထိန်းသိမ်းနိုင်ရန်အတွက် ဝါးဖောင် ၂၅ လုံးတန်း ၅၀ ကို မြစ်ကမ်းပါး နှင့်ကပ်လျက် တန်းစီချထားပြီး ရေလှိုင်းပုတ်ပြီး မြစ်ကမ်းပြိုကျမှု သက်သာစေ ရန် သစ်ကိုင်းသစ်ခက်များကို ဝါးဖောင်ကြားသို့ ချထားကြောင်း၊ မြစ်ရေတိုက်စားခံရပြီး မြစ်ကမ်းပါးပြိုကျသည့် နေရာများမှာ အနက် ပေ ၃၀ ခန့်အထိ ရှိသဖြင့် ကမ်းပြိုကာကွယ်ရေး လုပ်ငန်းများ လုပ်ရကိုင်ရသည်မှာ ခက်ခဲကြောင်း သိရသည်။

အဆိုပါ ဗလဗကျေးရွာတွင် မြစ်ကမ်းပါးပြိုကျမှုကြောင့် အိမ်ထောင်စု ၉၀ ကျော်မှာ နေရာရွှေ့ပြောင်းထားရပြီး ခြံမဝယ်ယူနိုင်ကြသေးသည့် မိသားစုများမှာမူ ဆွေမျိုးများ၏ နေအိမ်များတွင်သာ ကပ်နေကြရသည်။

ကမ်းပြို ကာကွယ်ရေးအတွက် မကွေးတိုင်းဒေသကြီး ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ကျော်တင့်နှင့် ဝန်ထမ်းများက ဗလဗကျေးရွာ မြစ်ကမ်းပါးတစ်လျှောက် မြစ်ကြောင်းတိုင်းတာခြင်းများ ပြုလုပ်ခဲ့ပြီး မြစ်ကမ်းနဖူးမှ အလေးချိန်ဝိတ် ရှိသော အရာအားလုံးကိုရှင်းလင်း၍ Steel Cable Groyne သုံးချောင်းမှ လေးချောင်းအထိဆင်ပြီး ရေပေါ်ရေလွှဲ လမ်းကြောင်း ပြုလုပ်ပေးမည်ဖြစ်ကြောင်း သိရသည်။

ထို့နောက် မြစ်ရေစီးအားလျော့နည်းသွားသော အချိန်တွင်မှ မြစ်ကမ်းနဖူးကို မြေညှိပြီး အခင်းအုပ်ခြင်းလုပ်ငန်းများ ဆက်လက် ဆောင်ရွက်မည်ဖြစ်ကြောင်း၊ ထို့နောက် သဲအိတ်ဖိခြင်းလုပ်ငန်းများ ဆက်လက်လုပ်ဆောင်မည်ဖြစ်ကြောင်း၊ အဆိုပါ ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများကို ဗလဗကျေးရွာ မြစ်ကမ်းပါးတစ်လျှောက် ပေ ၁၅၀၀ မှ ပေ ၂၀၀၀ အတွင်း ဆောင်ရွက်လျက်ရှိကြောင်း ဒုတိယညွှန်ကြားရေးမှူးက ပြောသည်။

**ကိုထိန်(ငါ့သရောက်)**

# ဆွီဒင် ခံစစ်ကို ခက်ခက်ခဲခဲကျော်ဖြတ်ရမယ့် အင်္ဂလန်

**ဝင်းမြတ်**

**၇ ဇူလိုင် ၂၀၁၈ ည ၈း၃၀ (Stadion Luzhniki)**

**ဇူလိုင် ၇ ရက် (ယနေ့ည) မှာတော့ ၂၀၁၈ ကမ္ဘာ့ဖလား ကွာတားဖိုင်နယ် အဆင့်ပွဲတွေကို ဆက်လက်ကျင်းပသွားမှာ ဖြစ်ပါတယ်။ အဆိုပါကွာတားအဆင့် ပွဲစဉ် ၃ အဖြစ် ဆွီဒင်နဲ့ အင်္ဂလန် ဆုံတွေ့နေပါတယ်။**

### ဆွီဒင်ရဲ့အခြေအနေ

၁၆ သင်းအဆင့်မှာ ဆွစ်ဇာလန်ကိုအနိုင်ယူနိုင်ခဲ့တဲ့ ဆွီဒင်ရဲ့ခြေစွမ်းက ကောင်းမွန်မှုရှိတယ်လို့ဆိုရမှာ ဖြစ်ပါတယ်။ တိုက်စစ်ပိုင်းက ဂိုးသွင်းခြေ အနည်းငယ် အားနည်းပေမယ့်လည်း ခံစစ်ကစားပုံ ကောင်းမွန်မှုရှိပြီး ကစားပြီးခဲ့တဲ့ လေးပွဲမှာ သုံးပွဲတိတိ ဂိုးမပေးရအောင် ထိန်းချုပ်နိုင်ခဲ့တာ တွေ့ရပါတယ်။ ဒါ့အပြင် ဆွီဒင်ရဲ့ အသင်းလိုက် ခြေစွမ်းပိုင်းကလည်း တည်ငြိမ်ပါတယ်။

### အင်္ဂလန်ရဲ့အခြေအနေ

အင်္ဂလန်ကတော့ ၁၆ သင်းအဆင့်မှာ ကိုလံဘီယာကို အနိုင်ယူပြီး ဒီအဆင့်ကိုတက်ရောက်လာနိုင်တာဖြစ်ပါတယ်။ အင်္ဂလန်အနေနဲ့ လူငယ်ကစားသမားတွေများတာကြောင့် ကစားအားကောင်းမွန်မှုရှိသလို ဟယ်ရီကိန်း ဦးဆောင်တဲ့တိုက်စစ်ကလည်းထိုးဖောက်အားကောင်းမွန်မှုရှိတာကို သတိပြုရမှာဖြစ်ပါတယ်။

### သုံးသပ်ချက်

အင်္ဂလန်က ဒီပွဲစဉ်မှာလည်းနိုင်ပွဲရယူနိုင်ဖို့အတွက် အားစိုက်ကစားလာမှာသေချာပါတယ်။ ဒါပေမယ့် ဆွီဒင်ရဲ့ခံစစ်ကလည်း ဒီပြိုင်ပွဲမှာ အကောင်းဆုံးစွမ်းဆောင်ရည်တွေ ရရှိနေလို့ အင်္ဂလန်တို့ အခက်တွေ့နိုင်ပါတယ်။ အင်္ဂလန် ကပ်ပြီးသာနိုင်မယ်။

# အိမ်ရှင်အားသာချက်နဲ့ ခရိုအေးရှားကို အန်တုမယ့် ရုရှား

**၈ ဇူလိုင် ၂၀၁၈ နံနက် ၀၀း၃၀ (Stadion Nizhny Novgorod)**

**လာမယ့် ဇူလိုင် ၈ ရက်မှာလည်း ကွာတားဖိုင်နယ် အဆင့် ပွဲတွေကို ကျင်းပသွားမှာဖြစ်ပြီး အိမ်ရှင် ရုရှားနဲ့ ခရိုအေးရှားတို့ ဆုံတွေ့နေလို့ အိမ်ရှင်ရုရှားအနေနဲ့ နောက်တစ်ဆင့်တက်နိုင်မလား စောင့်ကြည့်ရမယ်။**

### ရုရှားရဲ့အခြေအနေ

ရုရှားအနေနဲ့ ဒီပြိုင်ပွဲမှာခြေစွမ်းပိုင်းအကောင်းဆုံးအနေထားကို ရရှိနေပါတယ်။ တန်ပြန်တိုက်စစ်ကစားပုံကောင်းမွန်မှုရှိသလို ခံစစ်ကိုလည်း အကောင်းဆုံးကစားနိုင်ခဲ့တာကိုတွေ့ရပါတယ်။ အထူးသဖြင့် ရုရှားဟာအိမ်ရှင်ဖြစ်တာကြောင့် ပရိသတ်အားရှိနေတဲ့အပြင် အသင်းလိုက်ခြေစွမ်းပိုင်း အင်မတန်ကောင်းတာကို သတိပြုသွားရမှာ ဖြစ်ပါတယ်။

### ခရိုအေးရှားရဲ့အခြေအနေ

ခရိုအေးရှားကတော့ ၁၆ သင်းအဆင့်မှာ ဒိန်းမတ်ရဲ့ခံစစ်အားပြုကစားမှုကို ခက်ခက်ခဲခဲ ကျော်ဖြတ်ခဲ့ရပါတယ်။ တိုက်စစ်ပိုင်းကလည်း အဆိုပါပွဲမှာထင်သလောက် ခြေစွမ်းမပြနိုင်ခဲ့ပါဘူး။ ဒါပေမယ့် ရာကီတစ်၊ မိုဒရစ်၊ ကိုဗာဆစ်တို့ရဲ့ ကွင်းလယ်ပိုင်းကတော့ အသင်းတိုင်းကို အကောင်းဆုံးထိန်းချုပ်နိုင်စွမ်းရှိပါတယ်။

### သုံးသပ်ချက်

ခရိုအေးရှားဟာ ကွင်းလယ်ပိုင်း အင်မတန် ကောင်းမွန်ပေမယ့်လည်း ခံစစ်အားပြုကစားတဲ့ အသင်းတွေနဲ့ ရင်ဆိုင်ရရင် တိုက်စစ်ပိုင်းက ဂိုးရဖို့ခက်ခဲတတ်တာကို သတိပြုရမယ်။

ရုရှားကလည်း ခံစစ်အားပြုကစားမှာဖြစ်လို့ ခရိုအေးရှား မိနစ် ၉၀ အတွင်း အနိုင်ရဖို့ မလွယ်ပါဘူး။

# MNL ပြိုင်ပွဲတွင် ရခိုင်အသင်း ဂိုးပြတ်အနိုင်ရ

**ရန်ကုန် ဇူလိုင် ၆**

၂၀၁၈ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၁၉) ပထမနေ့ကို ယနေ့ညနေပိုင်းက သုဝဏ္ဏကွင်း၌ ကျင်းပရာ ရခိုင်အသင်းက မြဝတီအသင်းကို ခြောက်ဂိုး-နှစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။

ပွဲအစတွင် မြဝတီအသင်း၏ မထင်မှတ်သည့်ရှန်းကန်မှုများကို တွေ့မြင်ခဲ့ရပြီး ၁၆ မိနစ်တွင် အောင်ကျော်သူ၊ မိနစ် ၂၀ တွင် အောင်သူတို့က ဦးဆောင်ဂိုးများ သွင်းယူခဲ့သည်။ ရခိုင်အသင်းသည် ဂိုးများ ဆက်တိုက်ပေးခဲ့ရသော်လည်း ဒုတိယဂိုးပေးလိုက်ရပြီး တစ်မိနစ်အကြာတွင် ချေပဂိုးပြန်ရခဲ့ကာ တည်ငြိမ်မင်းက သွင်းယူခဲ့သည်။ ယင်းဂိုးမှာ ယခုရာသီ MNL အမှတ်ပေးပြိုင်ပွဲ၏ သွင်းဂိုး ၃၀၀ ပြည့်ဂိုးလည်း ဖြစ်ခဲ့သည်။

၂၅ မိနစ်တွင် မက်သရူးက ဒုတိယချေပဂိုးသွင်းယူခဲ့သည်။ ဒုတိယပိုင်းတွင် ရခိုင်အသင်း စိတ်ကြိုက်ကစားသွားပြီး ၅၂ မိနစ်တွင် မက်သရူးကန်သွင်းမှုကို မြဝတီအသင်းမှ အောင်ကျော်သူက ဂိုးထဲဝင်ခါနီးမှ လက်ဖြင့်တားခဲ့သောကြောင့် တိုက်ရိုက် အနီကတ်ဖြင့် ထုတ်ပယ်ခံရသလို ပယ်နယ်တီလည်း ပေးခဲ့ရသည်။ ယင်းပယ်နယ်တီကို မက်သရူးက သွင်းယူခဲ့၍ ရခိုင်အသင်း တတိယဂိုးရခဲ့သည်။ ရခိုင်အသင်းအတွက် အနိုင်ဂိုးများကို ၆၅ မိနစ်နှင့် ၈၁ မိနစ်တွင် တည်ငြိမ်မင်း၊ ၆၇ မိနစ်တွင် မက်သရူးတို့က ထပ်မံသွင်းယူခဲ့ပြီး နှစ်ဦးစလုံး ဟက်ထရစ်ရရှိခဲ့သည်။ ပွဲစဉ် (၁၉) ဒုတိယနေ့ကို ဇူလိုင် ၇ ရက် **(ယနေ့)**တွင်ဆက်လက်ကျင်းပမည်ဖြစ်ပြီး သုဝဏ္ဏကွင်း၌ ဇွဲကပင်အသင်းနှင့် မကွေးအသင်း၊ မုံရွာကွင်း၌ စစ်ကိုင်းအသင်းနှင့် ရောဝတီအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**ညီမြတ်သော်တာ**

# မေတ္တာမြို့၌ လေပြင်းတိုက်ခတ်မှုကြောင့် လျှပ်စစ်မီးတိုင်များလဲပြို

**မေတ္တာ ဇူလိုင် ၆**



တနင်္သာရီတိုင်းဒေသကြီး မေတ္တာမြို့ ထားဝယ်-မေတ္တာကားလမ်း ကျောက်မဲတောင်ကျေးရွာ မိုင်တိုင်အမှတ် ၂၇ မိုင်နှင့် ၂၂ ဖာလုံ ကျောက်မဲတောင်တံတားပေါ်၌ ဇူလိုင် ၆ ရက် နံနက် ၁၀ နာရီ ၁၅ မိနစ် က လေပြင်းတိုက်ခတ် သစ်ပင်လဲကျရာမှ လျှပ်စစ်မီးတိုင် ၁၂ တိုင် လဲကျပျက်စီးခဲ့ကြောင်း သိရသည်။ **(ယာပုံ)**

မိုးရွာသွန်းပြီး လေပြင်းတိုက်ခတ်မှုကြောင့် ဒေါ်မေစိန်ခြံမှ သစ်ပင်ကြီးမှာ လမ်းနံဘေးရှိ လျှပ်စစ်မီးကြိုးပေါ်လဲကျရာ လျှပ်စစ်မီးတိုင်နှင့် မီးကြိုးများ ကားလမ်းပေါ်လဲကျ၍ မီးတိုင်များ ကျိုးကျခဲ့ခြင်းဖြစ်ကာ အဆိုပါနေရာသို့ ကျောက်မဲတောင်ကျေးရွာ အုပ်ချုပ်ရေးမှူး၊ ကျောက်မဲတောင်ရဲစခန်းမှ ရဲတပ်ဖွဲ့ဝင်များ၊ လူမှုကယ်ရေးအဖွဲ့ဝင်များက ဖယ်ရှားရှင်းလင်းခဲ့ကြသည်။ ယင်းနောက် ကျန်ရှိနေသေးသောလျှပ်စစ်မီးတိုင်များနှင့် မီးကြိုးများကြောင့် သွားလာရန်ခက်ခဲနေ၍ ၂၄ နာရီ လျှပ်စစ်မီးအဖွဲ့နှင့် မေတ္တာမြို့ လမ်းဦးစီးဌာနနှင့် ဒေသခံပြည်သူများက ဆက်လက်ရှင်းလင်းနေကြောင်း သိရသည်။

**မေတ္တာ (ပြန်/ဆက်)**

# အပြည်ပြည်ဆိုင်ရာလေဆိပ်များနှင့် နယ်စပ်ဝင်/ထွက်ပေါက်များမှ နိုင်ငံခြားသားများ ဝင်ရောက်မှု နှိုင်းယှဉ်ချက်

| စဉ် | အပြည်ပြည်ဆိုင်ရာလေဆိပ်များနှင့် နယ်စပ်ဝင်/ထွက်ပေါက်များ | ၂၀၁၇ ခုနှစ်၊ ဇွန်လ | | ၂၀၁၈ ခုနှစ်၊ ဇွန်လ | | မှတ်ချက် |
|---|---|---|---|---|---|---|
| | | ကမ္ဘာလှည့် | လုပ်ငန်း | ကမ္ဘာလှည့် | လုပ်ငန်း | |
| ၁ | ရန်ကုန်လေဆိပ် | ၂၀၉၀၈ | ၁၄၆၃၀ | ၂၂၆၃၄ | ၁၄၉၃၅ | |
| ၂ | မန္တလေးလေဆိပ် | ၄၀၁၄ | ၂၄၃၀ | ၃၅၁၉ | ၂၇၀၃ | |
| ၃ | နေပြည်တော်လေဆိပ် | ၇၄ | ၃၄၆ | ၁၆၈၂ | ၄၃၆ | |
| ၄ | မြိတ်လေဆိပ် | - | - | - | - | |
| ၅ | တာချီလိတ် | ၂၂၀ | ၁၉၄ | ၂၆၇ | ၆၂ | |
| ၆ | မြဝတီ | ၈၂၂ | ၃၆၆ | ၆၂၇ | ၄၀၀ | |
| ၇ | ကော့သောင်း | ၄၇၆ | ၅၄ | ၅၇ | ၆၅ | |
| ၈ | ထီးခီး | ၅၁ | ၁၄ | ၂၉ | ၃၃ | |
| ၉ | မူဆယ် | - | - | - | - | |
| ၁၀ | တမူး | - | - | ၂၉ | ၂ | |
| | စုစုပေါင်း | ၂၆၅၆၅ | ၁၈၀၃၄ | ၂၈၀၄၄ | ၁၈၆၃၆ | |

# အပြည်ပြည်ဆိုင်ရာ လေဆိပ်/ရေဆိပ်များနှင့် နယ်စပ်ဝင်/ထွက်ပေါက်များမှ နိုင်ငံခြားသားများဝင်ရောက်မှု နှိုင်းယှဉ်ချက်

| စဉ် | လအမည် | ၂၀၁၇ ခုနှစ်၊ ဧပြီလမှ ဇွန်လအထိ | | | ၂၀၁၈ ခုနှစ်၊ ဧပြီလမှ ဇွန်လအထိ | | |
|---|---|---|---|---|---|---|---|
| | | ကမ္ဘာလှည့် | လုပ်ငန်း | စုစုပေါင်း | ကမ္ဘာလှည့် | လုပ်ငန်း | စုစုပေါင်း |
| ၁ | ဧပြီ | ၃၄၃၆၇ | ၁၉၆၀၅ | ၅၃၉၇၂ | ၃၁၁၉၈ | ၂၀၃၉၂ | ၅၁၅၉၀ |
| ၂ | မေ | ၂၈၀၄၄၆ | ၂၀၅၁၈ | ၄၈၉၆၄ | ၂၉၀၉၆ | ၂၁၄၂၅ | ၅၀၅၂၁ |
| ၃ | ဇွန် | ၂၆၅၆၅ | ၁၈၀၃၄ | ၄၄၅၉၉ | ၂၈၀၄၄ | ၁၈၆၃၆ | ၄၇၄၈၀ |
| | စုစုပေါင်း | ၈၉၃၇၈ | ၅၈၁၅၇ | ၁၄၇၅၃၅ | ၈၉၁၃၈ | ၆၀၄၅၃ | ၁၄၉၅၉၁ |

# မင်းလှမြို့နယ် ပုသိမ်-မုံရွာကားလမ်း၌ တရားမဝင် ဝင်ရောက်လာသူ ၁၀ ဦး ဖမ်းဆီးရမိ

**အထက်မင်းလှ ဇူလိုင် ၆**

သရက်ခရိုင် မင်းလှမြို့နယ် ပုသိမ်-မုံရွာကားလမ်းတွင် ဇူလိုင် ၆ ရက် မွန်းလွဲ ၁ နာရီခွဲက ရခိုင်ပြည်နယ်ဘက်မှ တရားမဝင် ဝင်ရောက်လာသူ ၁၀ ဦး ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

မင်းလှမြို့နယ် ရဲစခန်းမှူး၏ ကြီးကြပ်မှုဖြင့် ရေနံမနယ်မြေရဲစခန်းမှူး၊ ရှမ်းတပ်နယ်မြေ ရဲစခန်းမှူးနှင့်တပ်ဖွဲ့ဝင်များသည် ပုသိမ်-မုံရွာကားလမ်း မိုင်တိုင်အမှတ် ၂၃၆/၂ အနီးတောစပ်တွင် မင်းပြား၊ မြောက်ဦးနှင့် ကျောက်တော်မြို့နယ်များမှ တရားမဝင် ဝင်ရောက်လာသူ ၁၀ ဦးကို ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိသူများအား စစ်ဆေးခဲ့ရာ ၎င်းတို့သည် မင်းပြားမြို့နယ်မှ ရန်ကုန်မြို့သို့ လည်းကောင်း၊ ရန်ကုန်မှတစ်ဆင့် မလေးရှားနိုင်ငံသို့ သွားရောက်ရန်အတွက် ပွဲစားနှင့် ချိတ်ဆက်ဆောင်ရွက်ခဲ့ပြီး အမ်းမြို့အနီးမှ တောလမ်းအတိုင်းလမ်းပြအကူအညီဖြင့် ၁၃ ရက်ခန့် ခြေကျင်လျှောက်လာခဲ့ကြရာ လမ်းပြက လမ်းကြောင်းအခြေအနေ သွားကြည့်မည်ဟုပြော၍ ထွက်သွားပြီးနောက် သုံးရက်ကြာသည်အထိ လာရောက်ခေါ်ဆောင်ခြင်းမရှိကြောင်း၊ ထို့နောက် အစာရေစာ ပြတ်လပ်လာသဖြင့် လူသူရှိရာ မှန်းဆ၍ ထွက်လာရာမှ ဖမ်းဆီးခံရခြင်း ဖြစ်ကြောင်း သိရှိရသည်။

အဆိုပါ ဖမ်းဆီးရမိသူ ၁၀ ဦးတို့ကို ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ကိုသက်(အထက်မင်းလှ)**

# ဦးကိုနီလုပ်ကြံခံရမှုတွင် ကြည်လင်းက တရားခံအဖြစ် အစစ်ခံမည်ဖြစ်ကြောင်း သိရ

**ရန်ကုန် ဇူလိုင် ၆**

တရားလွှတ်တော်ရှေ့နေ ဦးကိုနီအား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ သေနတ်ဖြင့် ပစ်ခတ်လုပ်ကြံခံရမှုတွင် တရားခံ ကြည်လင်း (ခ) ဖိုးထူးနှင့် ပါဝင်ပတ်သက်သူ အောင်ဝင်းဇော်နှင့် ဇေယျာဖြိုး၊ အချုပ်လွတ်အာမခံရရှိထားသူ အောင်ဝင်းထွန်းတို့သည် ဇူလိုင် ၅ရက် နံနက် ၁၀နာရီက ရန်ကုန် မြောက်ပိုင်းခရိုင် အထူးတရားခုံရုံးသို့ ရုံးထုတ်ခဲ့ကြောင်း သိရသည်။

ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး သတင်းနှင့်ပြန်ကြားရေး တာဝန်ခံအရာရှိ ဒုတိယခရိုင်တရားသူကြီးဦးရဲလွင်က "ကျွန်တော်တို့ ခုံရုံးမှာ ကြည်လင်းကိုစစ်ဆေးဖို့ ဒီကနေ့ချိန်းထားပါတယ်။ ဒါပေမယ့် ကြည်လင်းက တရားခံအဖြစ် အစစ်ခံမယ်ဆိုတော့ တရားလိုဘက်က အကျိုးဆောင်ရှေ့နေများဟာ မေးမြန်းစစ်မေးခွင့် မရှိတော့ပါဘူး။ တရားရုံးကသာ စစ်မေးခွင့်ရှိပါတယ်။ ရာဇဝတ်ကျင့်ထုံးဥပဒေ ပုဒ်မ ၃၄၂ အရ တရားရုံးက မေးခွန်းထုတ်ရမယ်။ တရားခံက တရားသူကြီးကိုသာ ဖြေရမှာပါ။ တစ်ယောက်ယောက်က ဘယ်သူမှ မေးခွင့်မရှိပါဘူး။ ဒီတော့ ခုံရုံးတရားသူကြီးများက အမေးအဖြေလုပ်ဖို့အတွက် မေးခွန်းတွေ ပြင်ဆင်ရမှာဖြစ်တယ်။ ဒါကြောင့် ဒီကနေ့မှာ တရားခံ ကြည်လင်းကို စစ်ဆေးမေးမြန်းခြင်း မပြုလုပ်နိုင်ဘဲ နောက်ရက်သတ္တပတ် ရုံးချိန်းမှာ ကြည်လင်းကို စစ်ဆေးဖို့အတွက် ဇူလိုင် ၁၂ ရက်ကို ပြန်လည်ချိန်းဆိုထားပါတယ်" ဟု ပြောကြားသည်။

ဦးကိုနီလုပ်ကြံခံရမှုတွင် တရားခံ ကြည်လင်း (ခ)ဖိုးထူးကို ရန်ကုန်မြောက်ပိုင်းခရိုင် အထူးတရားခုံရုံး၌ စွဲချက်တင်ထားသည့် အမှုနှစ်မှုလုံးကို တရားခံအဖြစ် အစစ်ခံမည်ဟု ကြည်လင်း(ခ)ဖိုးထူးက ပြောကြားခြင်းကြောင့် တရားလိုဘက်ရှေ့နေများမှာ စစ်ဆေးမေးမြန်းပိုင်ခွင့် မရှိသဖြင့် တရားလိုဘက်က လိုက်ပါ ဆောင်ရွက်နေကြသည့် တရားလွှတ်တော်ရှေ့နေများ ဖြစ်ကြသော ဦးနေလ၊ ဦးခင်မောင်ဌေး၊ ဦးမင်းမင်းဇော်နှင့် ဦးရောဘတ်စန်းအောင်တို့က အပြန်အလှန်စစ်ဆေးခွင့်ရရှိစေရန်အတွက် အမှုလိုက်ဥပဒေအရာရှိမှတစ်ဆင့် ခွင့်ပြုချက်နှင့် တရားရုံးတော်ကို ကိုယ်စားလှယ်ပါဝါ ထပ်မံတောင်းခံတင်ပြထားကြောင်း သိရသည်။

**မျိုးမင်းသိန်း(မရမ်းကုန်း)**

# မော်လမြိုင်မြို့၌ စိတ်ကြွရူးသွပ်ဆေးပြား ၁၅၅၀၀၀ ကျော် သိမ်းဆည်းရမိ

**မော်လမြိုင် ဇူလိုင် ၆**

မွန်ပြည်နယ်ရဲတပ်ဖွဲ့နှင့် မူးယစ်တပ်ဖွဲ့စု (၃၈)မော်လမြိုင်မှ တပ်ဖွဲ့ဝင်များ ပါဝင်သောပူးပေါင်းအဖွဲ့သည် ဇူလိုင် ၅ ရက် ညနေ ၅ နာရီ ၄၅ မိနစ်က မော်လမြိုင်မြို့ သံလွင်တံတားအဆင်း၌ မောင်ဦးစံဝင်း (ခ)တာယာ မောင်းနှင်ပြီး စန်းလွင် လိုက်ပါသည့် Vitz မော်တော်ယာဉ်ပေါ်မှ စိတ်ကြွရူးသွပ်ဆေးပြား ၁၅၅၀၀၅ ပြား၊ ဘိန်းဖြူ ၃၅၀ ဂရမ်နှင့် လက်ကိုင်ဖုန်းငါးလုံးတို့ကို သိမ်းဆည်းရမိခဲ့သည်။

ကွင်းဆက်အရ မူးယစ်ဆေးဝါးများ ပိုင်ရှင် တင်တင်လှသည် မော်တော်ယာဉ်ဖြင့် နောက်တွင် လိုက်ပါလာကြောင်း သိရှိရ၍ ပိတ်ဆို့ရှာဖွေခဲ့ရာ ညနေ ၆ နာရီတွင် မော်နိုင်ကျော်(ခ) ဖိုးခွား မောင်းနှင်ပြီး မတင်တင်လှနှင့် အောင်စိုးစိုးဝင်းတို့ လိုက်ပါလာသည့် အေဒီဗင်ယာဉ်ကို မော်လမြိုင်မြို့ ပြည်နယ်ခန်းမအနီး ဒိုင်းဝန်ကွင်း လမ်းမကြီး၌ ဖမ်းဆီးရမိခဲ့သည်။

အလားတူ ဇူလိုင် ၄ ရက် မွန်းလွဲ ၃ နာရီခွဲက မူးယစ်တပ်ဖွဲ့စု(၄၁)ရန်ကုန်(အရှေ့)မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ် အမှတ် ၃၂ ရပ်ကွက် ဗိုလ်ယာညွန့်လမ်းရှိ ဉာဏ၏ နေအိမ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၃၅ ပြား၊ အိုက်စ် သုည ဒသမ ၈ ဂရမ်၊ ဆေးခြောက် ၈ ဂရမ်နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ကျော်သန်း(မော်လမြိုင်)**



မော်လမြိုင်မြို့၌ သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများအား သယ်ဆောင်လာသူများနှင့်အတူ တွေ့ရစဉ်။

## မြန်မာ့ရုပ်မြင်သံကြား

၇-၇-၂၀၁၈ (စနေနေ့)

**နံနက်ပိုင်း**

- ၆:၀၀ - မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇:၀၀ - Breakfast News
- ၈:၄၅ - မျက်ရည်သွန်လို့ ဘဝင်ညှိုး ဇူလိုင်တစ်ဆယ့်ကိုး
- ၉:၂၀ - "News Watch TV"
- ၉:၅၅ - **မူလတန်းအဆင့် သင်ရိုးသစ် မိတ်ဆက်**
- ၁၀:၅၅ - NHK Program ကာတွန်းချစ်သူ ကမ္ဘာ့အကောင်းဆုံး ကာတွန်းရဲ့မူလအစ
- ၁၂:၃၀ - မြန်မာဇာတ်လမ်းတွဲ **"ဇနီးချောများကွန်ရက်"** (အပိုင်း-၁၂)
- ၁၃:၃၀ - **မျှော်လင့်ခြင်းရဲ့မနက်ဖြန်**

**ညပိုင်း**

- ၁၅:၄၅ - **Myanmar National League 2018 ဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှု အစီအစဉ် (ဇွဲကပင်ယူနိုက်တက် Fc အသင်းနှင့် မကွေး Fc အသင်း)**
- ၁၈:၂၀ - ဇာတ်လမ်းအတိုအထွာ ပြုံးစရာ **"နောက်တီး နောက်တောက်"**
- ၁၈:၃၀ - Tasty Trip
- ၁၉:၁၅ - နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်ကြွေးမပြေ" (အပိုင်း -၃)
- ၂၀:၀၀ - ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
- ၂၀:၃၅ - Big Step (Singer - Phyo Pyae Sone)
- - နိုင်ငံခြားဇာတ်လမ်းတွဲ **"အကယ်၍သာ"** (အပိုင်း-၁)
- - ဂီတသမား၊ ဂီတစကား **"မဟာဂီတမိတ်ဆက် "**
- - မြန်မာဗီဒီယိုဇာတ်လမ်း **"မျှော်လင့်ခြင်းကမ်းပါးမှာ တစ်တောလုံးပန်းတွေဝေခဲ့ပေါ့"** (ဇာတ်သိမ်းပိုင်း)
- ၁၂:၀၀ - ၂၀၁၈ခုနှစ် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲတိုက်ရိုက်လွှင့်မှုအစီအစဉ်(ကွာတားဖိုင်နယ်)(ရုရှားအသင်း VS ခရိုအေးရှားအသင်း)



ဗန်းမော်မြို့နယ်၌ သိမ်းဆည်းရမိသည့် သစ်များအား တာဝန်ရှိသူများစစ်ဆေးစဉ်။

# ဗန်းမော်မြို့နယ်၌ တရားမဝင် သစ် ၂၅ တန်ကျော် သိမ်းဆည်းရမိ

**ဗန်းမော် ဇူလိုင် ၆**

ကချင်ပြည်နယ် ဗန်းမော်မြို့နယ် ဟန်တဲကျေးရွာရှိ ရော်ဘာခြံ၌ ဇူလိုင် ၄ ရက် မွန်းလွဲ ၃ နာရီက ပိတောက်နှင့် တမလန်းသစ်ခွဲသား ၂၅ တန်ကျော် သိမ်းဆည်းရမိကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဗန်းမော်ခရိုင်ရဲတပ်ဖွဲ့မှူးရုံး မှုခင်းနှိမ်နင်းရေးဌာနစိတ်မှ တပ်ဖွဲ့ဝင်များ၊ မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များ၊ ဗန်းမော်ခရိုင်သစ်တောဦးစီးဌာနမှူးရုံးမှ သစ်တောဝန်ထမ်းများနှင့် ပူးပေါင်းအဖွဲ့သည် ဗန်းမော်မြို့ ဟန်တဲကျေးရွာ ရိုးကြီးရပ်ရှိ ဦးဇော်ယော် ပိုင်ဆိုင်သည့် ရော်ဘာခြံအတွင်း သွားရောက်စစ်ဆေးရာ ခြံစောင့် ဦးအင်ခွန်ဆိုင်းနော်(၆၀နှစ်)အား တွေ့ရှိရပြီး ခြံအတွင်းမှ ပိတောက်သစ်ခွဲသား ၄ ဒသမ ၅၈၁၄ တန်နှင့် တမလန်းသစ်ခွဲသား ၂၀ ဒသမ ၁၂၃၄ တန် စုစုပေါင်း တရားမဝင်သစ် ၂၅ ဒသမ ၇၀၄၈ တန်အား သိမ်းဆည်းရမိခဲ့သည်။

အဆိုပါ သိမ်းဆည်းရမိသော တရားမဝင်သစ်များမှာ ဦးဖြူဖွေး ပိုင်ဆိုင်သည့် သစ်များဖြစ်ကြောင်း စုံစမ်းသိရှိရ၍ သိမ်းဆည်းရမိသည့် တရားမဝင်သစ်များအား မြို့နယ် သစ်တောဦးစီးဌာနတွင် စနစ်တကျသိမ်းဆည်းကာ ခြံပိုင်ရှင် ဦးဇော်ယော်၊ ခြံစောင့် ဦးအင်ခွန်ဆိုင်းနော်နှင့် ပိုင်ရှင် ဦးဖြူဖွေးတို့ သုံးဦးအား ဗန်းမော်မြို့မရဲစခန်း၌ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ဝင်းနိုင်(ကချင်မြေ)**

# ဥပ္ပါတသန္တိစေတီတော်နှင့် ဘုရားပွဲတော်ကွင်းတို့မှ မီးကြိုးများခိုးယူသူ လေးဦး ဖမ်းဆီးရမိ

**နေပြည်တော် ဇူလိုင် ၆**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ပုဗ္ဗသီရိမြို့နယ် ပတ္တာနယ်မြေရဲစခန်းမှ နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ် ဇော်လင်းထက် ဦးစီးသော တပ်ဖွဲ့ဝင်များသည် ဥပ္ပါတသန္တိစေတီတော်နှင့် ဘုရားပွဲတော်ကွင်းတို့တွင် သွယ်တန်းထားရှိသော ဓာတ်တိုင်များမှ ကြေးနန်းကြိုး(မီးကြိုး)များ ဖြတ်တောက်ခံနေရကြောင်း သတင်းအရ စောင့်ဆိုင်းနေစဉ် ဇွန် ၂၀ ရက် နံနက် ၁ နာရီ ၄၅ မိနစ်ခန့်က ဓာတ်တိုင်ပေါ်သို့တက်၍ လျှပ်စစ်မီးကြိုးများ ခိုးယူသူတစ်ဦးအား ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိသူအား စစ်ဆေးရာ ၎င်းမှာ ရေတာရှည်မြို့နယ် မြို့လှမြို့ ချောင်းမကြီး ၂ ရပ်ကွက်နေသူ အောင်ကျော် ( ၂၈ နှစ် )နှင့် ၎င်းနှင့်အတူ သန့်ဇင်ဝင်း(ခ) ကိုရင်( ၂၃ နှစ်) (လိပ်စာတူ)နှင့် ဆိုင်ကယ်ဖြင့် လိုက်လံပို့ဆောင်ပေးသူ ကောင်းထက်နိုင် ( ၁၉ နှစ်)နှင့် ရာဇာ ( ၃၂ နှစ်)သာဂရကျေးရွာ ကံကြီးအုပ်စု ရေတာရှည်မြို့နယ်နေသူတို့ ပါရှိကြောင်း စစ်ဆေးသိရှိခဲ့ရသည်။

၎င်းတို့ တက်ရောက်ခဲ့သည့် ဓာတ်တိုင် အောက်ခြေတွင် ကြေးနန်းကြိုးတစ်ချောင်းလျှင် ပေ ၁၀၀ ခန့်ရှိ သုံးချောင်းနှင့် ပြစ်မှုကျူးလွန်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများအား သိမ်းဆည်းရမိခဲ့သည်။ ထို့နောက် အခင်းဖြစ်ရပ်အနီး ရာဇဌာနီလမ်းပေါ်တွင် ဆိုင်ကယ်နှစ်စီးနှင့် လူနှစ်ယောက်အား တွေ့ရှိသဖြင့် မေးမြန်းရာ ရာဇာနှင့် ကောင်းထက်နိုင်တို့ဖြစ်ကြောင်း သိရှိရသဖြင့် ဖမ်းဆီးခဲ့သည်။

၎င်းတို့လေးဦးအား ဆက်လက်စစ်ဆေးရာ ခိုးယူရရှိသော ကြေးနန်းကြိုး၊ မီးကြိုးများကို တောင်ငူမြို့ ၁ ရပ်ကွက် သိမ်တော်မြဘုရားလမ်းရှိ ဦးမင်းညွန့် (ခ) ဦးရခိုင်ကြီးဆိုင်တွင် လည်းကောင်း၊ တောင်ငူမြို့ ၁၇ ရပ်ကွက်ရှိ မတင်တင်မာ (ခ)မဟာဘီဘထံတွင် လည်းကောင်း ရောင်းချထားကြောင်း ဝန်ခံထွက်ဆို၍ ဒုရဲအုပ် ဇော်လင်းထက်က အဆိုပါပစ္စည်းများကို သိမ်းဆည်းပြီး ပြစ်မှုကျူးလွန်သူများဖြစ်သည့် အောင်ကျော်၊ သန့်ဇင်ဝင်း(ခ)ကိုရင်၊ ကောင်းထက်နိုင်နှင့် ရာဇာတို့လေးဦးအား အမှုဖွင့်ထားကြောင်း သိရသည်။ **မင်းမင်းလတ်(မန်းတက္ကသိုလ်)**



# မတ္တရာမြို့နယ်၌ မူလတန်းကျောင်းအုပ်ဆရာကြီးတစ်ဦး အသတ်ခံရ

**မတ္တရာ ဇူလိုင် ၆**

မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ် သဲကောကျေးရွာအုပ်စု ပွဲတိုင်းကျော်ကျေးရွာ၌ ဇူလိုင် ၅ ရက် ည ၈ နာရီ ၁၅ မိနစ်က မူလတန်း ကျောင်းအုပ်ဆရာကြီးတစ်ဦး အသတ်ခံရကြောင်း သိရသည်။

ဖြစ်စဉ်မှာ မတ္တရာမြို့နယ် ပွဲတိုင်းကျော်ကျေးရွာနေ ဒေါ်ညိုညိုစန်း(၆၀နှစ်)သည် တစ်ရွာတည်းနေ အစ်မဖြစ်သူ၏ နေအိမ်မှပြန်လာစဉ် ဧည့်ခန်းတွင် ခင်ပွန်းဖြစ်သူ ဦးတင်ဝမ်း(၆၁ နှစ်) မူလတန်းကျောင်းအုပ်(အ-မ-က-မြစ်ကောက်)မှာ ဒဏ်ရာများဖြင့် သေဆုံးနေသည်ကို တွေ့ရှိရသဖြင့် မတ္တရာမြို့မရဲစခန်းသို့ ဆက်သွယ် အကြောင်းကြားခဲ့ကာ သေဆုံးသူအား မတ္တရာပြည်သူ့ဆေးရုံသို့ ပို့ဆောင်စစ်ဆေးခဲ့သည်။

အဆိုပါဖြစ်စဉ်မှ ပြစ်မှုကျူးလွန်သူအား စုံစမ်းဖော်ထုတ်ပေးပါရန် ဒေါ်ညိုညိုစန်းက တရားလိုပြုလုပ်တိုင်တန်းလာသဖြင့် မတ္တရာမြို့မရဲစခန်းက အမှုဖွင့်ပြီး ပြစ်မှုကျူးလွန်သူအား ဖမ်းဆီးနိုင်ရေး စုံစမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**စိုးကျော်သူထွေး(မတ္တရာ)**

# ပြည်မြို့၌ မီးလောင်မှုဖြစ်ပွား၊ အသက် ၈၀ ကျော် အဘွားတစ်ဦးသေဆုံး

**ပြည် ဇူလိုင် ၆**

ပဲခူးတိုင်းဒေသကြီး ပြည်မြို့ ရွာဘဲရပ်ကွက် ဖက်တန်းရပ်ရှိဥယျာဉ်စုဘုန်းကြီးကျောင်းဝင်းအတွင်း၌ ဇူလိုင် ၆ ရက် နံနက် ၁၂ နာရီ မိနစ် ၄၀ ခန့်က မီးဖိုမီးကြွင်းမီးကျန်မှုတစ်ဆင့် မီးလောင်မှုဖြစ်ပွားခဲ့ပြီး မီးလောင်မှုကြောင့် သွပ်မိုးပျဉ်ထောင် ကျောင်းဆောင်တစ်ခု မီးလောင်ဆုံးရှုံးခဲ့ကာ ယင်းကျောင်းဆောင်၌ နေထိုင်သော ဒေါ်ခင်ထားမြင့် အမည်ရှိ အသက် ၈၁ နှစ်အရွယ် အဘွားအိုတစ်ဦး သေဆုံးခဲ့သည်။

မီးလောင်ရာသို့ ခရိုင်မီးသတ်ဦးစီးမှူး နှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ ရဲတပ်ဖွဲ့ဝင်များနှင့် ပြည်သူများ စုစုပေါင်း ၄၀၀ ခန့်က သန္ဓေနှင့် အရန်မီးသတ်ယာဉ် ၁၈ စီးဖြင့် ရောက်ရှိ၍ ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ နံနက် ၁ နာရီတွင် မီးငြိမ်းခဲ့ပြီး မီးလောင်မှုအား မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ရွှေကူမြို့၌ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**ရွှေကူ ဇူလိုင် ၆**

ကချင်ပြည်နယ် ဗန်းမော်ခရိုင် ရွှေကူမြို့၌ ဇူလိုင် ၅ ရက် နံနက် ၆ နာရီက အမှတ် ၁ ရပ်ကွက်တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိကြောင်း သိရသည်။

ဖြစ်စဉ်မှာ ရွှေကူမြို့မရဲစခန်းမှ စခန်းမှူး ဒုတိယရဲမှူး ဟန်မွှေးနှင့် နယ်ထိန်းတပ်ဖွဲ့ဝင်များ၊ ပြည်နယ်မူးယစ်အထူးဖမ်းဆီးရေးအဖွဲ့မှ ရဲအုပ် ဝင်းကိုကိုဦးနှင့် တပ်ဖွဲ့ဝင်များသည် ရှမ်းစုရပ်နေ ဒေါ်ဆန်းယဉ်၏ နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၄၄၀၊ အလေးချိန် ၄ ဒသမ ၄ ဂရမ်ခန့်ကို ရှာဖွေ သိမ်းဆည်းရမိခဲ့သဖြင့် ဒေါ်ဆန်းယဉ်(၅၅နှစ်)အား ဥပဒေအရ အမှုဖွင့်ထားကြောင်း သိရသည်။

**ကျော်သူဆန်း(ပြန်/ဆက်)**

**ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ စိတ်ချမ်းသာ**



# ဂူအတွင်းပိတ်မိနေသည့် ထိုင်းဘောလုံးသမားလေးများကို ကမ္ဘာ့ဖလားဗိုလ်လုပွဲသို့ ဖီဖာဥက္ကဋ္ဌဖိတ်ကြား

**မော်စကို ဇူလိုင် ၆**

ဖီဖာဥက္ကဋ္ဌ ဂီယန်နီအင်ဖန်တီနိုသည် လိုဏ်ဂူအတွင်း ပိတ်မိနေသော ထိုင်းလူငယ် ဘောလုံးသမားလေးများကို ကမ္ဘာ့ဖလားဗိုလ်လုပွဲသို့ ဖိတ်ခေါ်ခဲ့ကြောင်း ဘောလုံးအကျော်အမော်သတင်းလောက က ပြောသည်။

ဂူအတွင်းနှစ်ပတ်ကျော်ကြာပိတ်မိနေသော ထိုင်းတောဝက်အသင်းကို ဇူလိုင် ၁၅ ရက်တွင် မော်စကို၌ ကျင်းပမည့် နောက်ဆုံးဗိုလ်လုပွဲမတိုင်မီ ကယ်ဆယ်နိုင်လိမ့်မည်ဟု ယုံကြည်ကြောင်း ၎င်းက ပြောခဲ့သည်။

အကယ်၍ မျှော်လင့်သည့်အတိုင်းသာ ဖြစ်လာမည်ဆိုပါက ၎င်းတို့သည် လာမည့်ရက်များတွင် မိသားစုများနှင့် ပြန်လည်ဆုံတွေ့နိုင်မည်ဖြစ်ပြီး ၎င်းတို့၏ ဆရာဝန်များက ၎င်းတို့ကို ခရီးသွားလာရန် ခွင့်ပြုမည်ဖြစ်ကြောင်း၊ ဖီဖာကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်အနေဖြင့် ၎င်းတို့ကို ၂၀၁၈ ကမ္ဘာ့ဖလားဗိုလ်လုပွဲသို့ တက်ရောက်ရန် ဝမ်းမြောက်ဝမ်းသာစွာ ဖိတ်ကြားပါကြောင်းစသည်ဖြင့် ထိုင်းဘောလုံးအဖွဲ့သို့ ပေးပို့သော စာထဲတွင် ဖီဖာဥက္ကဋ္ဌက ရေးသားဖော်ပြထားသည်။

ထို့အပြင် ထိုင်းလူငယ်ဘောလုံးအသင်းသည် ကမ္ဘာ့ဖလားဗိုလ်လုပွဲသို့ တက်ရောက်ပြီး ပျော်ရွှင်မှုများကို ထပ်တူခံစားနိုင်လိမ့်မည်ဟု ယုံကြည်ကြောင်း ဖီဖာဥက္ကဋ္ဌက ဆက်လက်ရေးသားဖော်ပြထားသည်။

ဇွန် ၂၃ ရက်လေ့ကျင့်မှုပြီးနောက် အသက် ၂၅ နှစ်ရှိ ၎င်းတို့၏ နည်းပြနှင့်အတူ အသက် ၁၁ နှစ်မှ ၁၆ နှစ်ကြား ဘောလုံးသမားလူငယ်လေးများသည် အဆိုပါဂူထဲသို့ ဝင်ရောက်သွားပြီး လိုဏ်ဂူအတွင်းဘက်အကျဆုံး တစ်နေရာတွင် ပိတ်မိနေခဲ့ခြင်း ဖြစ်သည်။

လိုဏ်ဂူအတွင်း ရေငုပ်ကယ်ဆယ်ရေးသမားများသည် ၎င်းတို့ထံ ယခုအပတ်ရောက်ရှိခဲ့သော်လည်း ဘောလုံးသမားလေးများ၏ ကျန်းမာရေးနှင့် ကယ်ဆယ်ရေးဆိုင်ရာ အခြေအနေများကြောင့် ဂူအတွင်း ဆက်လက်ပိတ်မိလျက်ရှိသေးကြောင်း သိရသည်။

ဘောလုံးသမားလေးများမှာ ဘောလုံးအင်္ကျီများကိုလည်း ဝတ်ဆင်ထားကြောင်း သိရသည်။

**အေအက်ဖ်ပီ**




# ဖူးခက်ကျွန်းကမ်းလွန်တစ်နေရာတွင် ခရီးသွားလှေမှောက်ရာ ၂၁ ဦးထက်မနည်းသေဆုံးဖွယ်ရှိ

**ဗန်ကောက် ဇူလိုင် ၆**

ထိုင်းနိုင်ငံတောင်ပိုင်းပင်လယ်ပြင်တွင် ဇူလိုင် ၅ ရက်က ရာသီဥတုဆိုးရွားသဖြင့် လှေတစ်စင်း တိမ်းမှောက်မှုဖြစ်ပွားခဲ့ရာ အများစုကို ကယ်ဆယ်နိုင်ခဲ့ကြောင်း သိရသည်။

အပန်းဖြေအနားယူရာ ဖူးခက်ကျွန်းပင်လယ်ပြင်တစ်နေရာတွင် ဖြစ်ပွားခဲ့သော ယင်းလှေတိမ်းမှောက်မှုဖြစ်စဉ်တွင် ထိုင်းကယ်ဆယ်ရေးသမားများက အလောင်း ၂၁ လောင်းကို ခရီးသွားလှေမှ ဆွဲထုတ်နိုင်ခဲ့ပြီး နောက်ထပ်လည်း သေဆုံးသူ ပိုမိုများပြားလာနိုင်ကြောင်း သိရသည်။



လှေပေါ်တွင် လိုက်ပါလာသူများတွင် တရုတ်လူမျိုးခရီးသွားများလည်း ပါကြောင်းသိရပြီး လှိုင်းကြီးမှုကြောင့် လှေတိမ်းမှောက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

မီးလျှံငှက်အမည်ရ ယင်းလှေသည် လှိုင်းကြီးနေသည့်ကြားမှ အတတ်နိုင်ဆုံးမမှောက်အောင် ကြိုးစားခဲ့ကြသော်လည်း ငါးမီတာအမြင့်ရှိ လှိုင်းလုံးတစ်လုံးနှင့် ရိုက်မိပြီး တိမ်းမှောက်ခဲ့ခြင်းဖြစ်သည်။ လှေပေါ်ပါသေဆုံးသူများမှာ အသက်ကယ်အင်္ကျီ ဝတ်ဆင်ထားသည့်ကြားက သေဆုံးခဲ့ခြင်းဖြစ်သည်။

လှေမှောက်မှုဖြစ်စဉ်တွင် အသက်ရှင်ကျန်ရစ်သူ တရုတ်အမျိုးသမီးတစ်ဦးကို ဖူးခက်ရှိ ဆေးရုံသို့ ပို့ဆောင်ခဲ့ကြောင်း အဆိုပါနေရာသို့ ရောက်နေသည့် အေအက်ဖ်ပီသတင်းထောက်တစ်ဦးက ပြောသည်။

အဆိုပါလှေပေါ်တွင် ခရီးသည် ၁၀၅ ဦးကိုတင်ဆောင်ခဲ့ပြီး အများစုမှာ တရုတ်ခရီးသွားများ ဖြစ်ကြောင်း သိရသည်။ **အေအက်ဖ်ပီ**

# ထိုင်းရေငုပ်သမား ကယ်ဆယ်ရေးလုပ်ငန်းများလုပ်ဆောင်စဉ် သေဆုံး

**ချင်းရိုင် ဇူလိုင် ၆**

ထိုင်းနိုင်ငံမြောက်ပိုင်း လိုဏ်ဂူအတွင်း ပိတ်မိနေသော ထိုင်းဘောလုံးသမားလေးများကို ကယ်တင်ရန် ကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်နေသော ရေငုပ်သမားတစ်ဦး သေဆုံးခဲ့ကြောင်း ကယ်ဆယ်ရေးလုပ်ငန်းကို ဦးဆောင်နေသော ထိုင်းရေတပ်မှ တပ်မှူးက သောကြာနေ့တွင် ပြောသည်။

သေဆုံးသွားသော ရေငုပ်သမားမှာ ထိုင်းရေတပ် တပ်ဖွဲ့ဝင်ဟောင်းဖြစ်ပြီး ၎င်း၏ အမည်မှာ စမန်ကူနန်ဟုသိရပြီး အသက်ရှူလမ်းကြောင်းဆိုင်ရာ အခက်တွေ့ပြီးနောက် သောကြာနေ့နံနက်ပိုင်းတွင် သေဆုံးခဲ့ခြင်းဖြစ်ကြောင်း ၎င်းက ပြောသည်။

သေဆုံးသွားသော ရေငုပ်သမားမှာ ဂူအတွင်း ထွက်ပေါက်နေရာများတွင် အောက်ဆီဂျင်ဘူးများ ထားရှိရသော တာဝန်ယူထားရပြီး ဂူအတွင်း ၁ ဒသမ ၅ ကီလိုမီတာအကွာ ကယ်ဆယ်ရေးအခြေစိုက်စခန်းသို့ အပြန်လမ်းတွင် အောက်ဆီဂျင်ပြတ်၍သေဆုံးသွားခဲ့ခြင်း ဖြစ်သည်။

ချင်းရိုင်ခရိုင်အတွင်း ရေများဖြင့် ပြည့်နှက်နေသောလိုဏ်ဂူအတွင်း ထွက်ပေါက်နှင့် ၅ ကီလိုမီတာခန့်အကွာတွင် ကျောင်းသား ၁၂ ဦးနှင့် ၎င်းတို့၏ နည်းပြဆရာမှာ ပိတ်မိနေခဲ့ခြင်းဖြစ်သည်။ ဂူအတွင်းရေမှာ မြင့်တက်လျက်ရှိပြီး အချို့သော ဂူတွင်း လမ်းကြောင်းများမှာ ကျဉ်းမြောင်းသည်။

ကယ်ဆယ်ရေးသမားများသည် ပိတ်မိကျောင်းသားများကို ကယ်တင်ပေးနိုင်ရေး ရေအောက်တွင် ရေကူးနိုင်ရေးသင်ပေးလျက်ရှိသည်။ ယခု ရေငုပ်သမား၏ သေဆုံးမှုကိုကြည့်လျှင် ကယ်ဆယ်ရေးလုပ်ငန်းမှာ မည်မျှခက်ခဲပြီး ရှုပ်ထွေးသည်ကို သိနိုင်သည်။

**အင်န်အိတ်ချ်ကေ**



# မက္ကဆီကိုရှိ မီးရှူးမီးပန်းစက်ရုံတွင် ပေါက်ကွဲမှုဖြစ်ပွားရာ ၁၉ ဦးသေဆုံး

**မက္ကဆီကိုစီးတီး ဇူလိုင် ၆**

မက္ကဆီကို အလယ်ပိုင်းရှိ မီးရှူးမီးပန်းစက်ရုံတွင် ပေါက်ကွဲမှုနှစ်ခုဖြစ်ပွားခဲ့ရာ ၁၉ ဦးထက်မနည်း သေဆုံးခဲ့ကြောင်း၊ မီးသတ်သမားများ၊ ရဲများအပါအဝင် လူပေါင်း ၄၀ ခန့် ဒဏ်ရာရရှိခဲ့ကြောင်း ဒေသခံအာဏာပိုင်များက ပြောသည်။

အဆိုပါ ပေါက်ကွဲမှုဖြစ်ပွားသော စက်ရုံမှာ တာလ်တီပက်တွင် တည်ရှိပြီး ယင်းမြို့သည် မီးရှူးမီးပန်းများထုတ်လုပ်ရာတွင် နာမည်ကျော်ကြားသည်။ ပြည်နယ် လူမှုကာကွယ်ရေးအေဂျင်စီက ၁၇ ဦးသေဆုံးကြောင်း အတည်ပြုခဲ့ပြီး ဒုတိယအကြိမ်ပေါက်ကွဲမှုတွင် ပြည်နယ်ပြည်သူ့ လုံခြုံရေးအတွင်းရေးမှူးရုံးမှ မီးသတ်သမားနှင့် ရဲများအပါအဝင်လူပေါင်း ခြောက်ဦးထက်မနည်း ဒဏ်ရာအပြင်းအထန်ရရှိထားကြောင်း၊ ၎င်းတို့ကို ပြည်နယ်ဆေးရုံသို့ ပို့ဆောင်ထားကြောင်း ပြည်နယ်အာဏာပိုင်များက ပြောသည်။

အခြားသော ဒဏ်ရာရရှိသူများကိုလည်း ဆေးရုံများသို့ခွဲ၍ ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။ မက္ကဆီကိုသမ္မတကလည်း သေဆုံးသွားသူများနှင့် ဒဏ်ရာရရှိသူများ၏ မိသားစုဝင်များကို ဝမ်းနည်းကြောင်း စာပေးပို့ခဲ့သည်။

ပထမအကြိမ်ပေါက်ကွဲမှုမှာ နံနက် ၉ နာရီ ခွဲခန့်တွင် ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး မိနစ်အနည်းငယ်ခြားပြီးချိန်၌ ဒုတိယအကြိမ် ပေါက်ကွဲမှုဖြစ်ပွားခဲ့ကြောင်း သိရသည်။



ရဲများနှင့် ကယ်ဆယ်ရေးလုပ်သားများ ရောက်ရှိချိန်တွင် ဒုတိယအကြိမ် ပေါက်ကွဲမှုဖြစ်ပွားခဲ့ကြောင်းလည်း သိရသည်။ **ဆင်ဟွာ**

# ဆီးရီးယားနိုင်ငံ အနောက်တောင်ပိုင်းတွင် တိုက်ပွဲများဖြစ်ပွား၍ လူပေါင်း ၃၂၀၀၀၀ ကျော် နေရပ်စွန့်ခွာရ

**ဒမတ်စကတ် ဇူလိုင် ၆**

သူပုန်များသိမ်းပိုက်ထားရာ ဆီးရီးယားနိုင်ငံအနောက်တောင်ပိုင်းတွင် အစိုးရတပ်များနှင့် သူပုန်တပ်ဖွဲ့တို့ တိုက်ပွဲများဖြစ်ပွားခဲ့ရာ လူပေါင်း ၃၂၀၀၀၀ ကျော် အိုးအိမ်စွန့်ခွာထွက်ပြေးခဲ့ရကြောင်း ကုလသမဂ္ဂက ပြောသည်။ တိုက်ပွဲများဖြစ်ပွားရာ လဝက်အတွင်း ကလေးများအပါအဝင်လူပေါင်း ၁၄၉ ဦး သေဆုံးခဲ့ပြီးဖြစ်ကြောင်း ဗြိတိန်အခြေစိုက် လူ့အခွင့်အရေးစောင့်ကြည့်ရေးအုပ်စုက ပြောသည်။

ရုရှားကကျောထောက်နောက်ခံပြုထားသော ဆီးရီးယားသမ္မတ ဘတ်ရှာအယ်လ်အာဆတ်၏ တပ်ဖွဲ့များသည် ဇွန်လလယ်မှစ၍ သူပုန်များထိန်းချုပ်ထားရာ ဒါရာမြို့ကို သိမ်းပိုက်နိုင်ရေးပြင်းထန်သော တိုက်ပွဲများဆင်နွှဲလျက်ရှိသည်။ ဆီးရီးယားအတိုက်ခံအုပ်စုသည် အပစ်အခတ်ရပ်စဲရေးအတွက် ရုရှားတပ်ဖွဲ့နှင့် ဆွေးနွေးခဲ့ရာ ယင်းဆွေးနွေးမှုမှာ ဗုဒ္ဓဟူးနေ့တွင် ပျက်ပြားခဲ့သည်။

ဆွေးနွေးပွဲအဆုံးသတ်ပြီးနောက် ဆီးရီးယားအစိုးရတပ်များသည် လေကြောင်းတိုက်ခိုက်မှုများ ဆင်နွှဲခဲ့ကြောင်း စောင့်ကြည့်လေ့လာရေးအုပ်စုက ပြောသည်။ တိုက်ပွဲဖြစ်ရာဒေသမှ နေရပ်စွန့်ခွာလာသူများသည် အိမ်နီးချင်းဂျော်ဒန်နိုင်ငံသို့ ဦးတည်ပြေးလာခဲ့သော်လည်း ဂျော်ဒန်နယ်စပ်မှာမူ ပိတ်ထားဆဲဖြစ်သည်။

**အင်န်အိတ်ချ်ကေ**

နိုင်ငံတကာ သတင်းတိုထွာ

## ဆီယာလီယွန် ဒုတိယသမ္မတဟောင်း ငွေကြေးအလွဲသုံးစားပြုမှုဖြင့် စွပ်စွဲခံရ

**ဖရီးတောင်း ဇူလိုင် ၆**

ဆီယာလီယွန် ဒုတိယသမ္မတဟောင်း ဗစ်တာဖော်ကာရီဖို့နှင့် သတ္တုတွင်းဝန်ကြီးဟောင်း အယ်ဟာဂျီမင်ကိုင်လူမန်စရေတို့ကို အကျင့်ပျက်ခြစားမှု စွပ်စွဲချက်များဖြင့် ဆီယာလီယွန်နိုင်ငံ အကျင့်ပျက်ခြစားမှု တိုက်ဖျက်ရေးကော်မရှင်က ကြာသပတေးနေ့တွင် ဖမ်းဆီးခဲ့ကြောင်းသိရသည်။

၎င်းတို့နှစ်ဦးစလုံးသည် ၂၀၁၇ ခုနှစ်တွင် အစ္စလာမ်ဘာသာဝင်များ မက္ကာသို့ ဘုရားဖူးသွားရာတွင် အဆင်ပြေစေရေး ဆောင်ရွက်ပေးနိုင်ရန် ကော်မတီဖွဲ့စည်းခဲ့ရာ ယင်းအဖွဲ့မှ ရန်ပုံငွေများကို အလွဲသုံးမှု ဖြင့်စစ်မေးခံနေရကြောင်း အကျင့်ပျက်ခြစားမှု တိုက်ဖျက်ရေးကော်မရှင်က ပြောသည်။

၂၀၁၇ ခုနှစ်တွင် ဆီယာလီယွန်သမ္မတ အာနက်စ်ဘိုင်ကိုရိုမာက အစ္စလာမ်ဘာသာဝင်များ မက္ကာသို့ ဘုရားဖူးသွားရာတွင် အဆင်ပြေစေရေး ကော်မတီဖွဲ့ခဲ့ရာ ကော်မတီအဖွဲ့ဝင်များသည် ရန်ပုံငွေများ အလွဲသုံးသည်ဟု စွပ်စွဲခံထားရသည်။ ယင်းကော်မတီကို ဒုတိယသမ္မတ ဗစ်တာဖော်ကာရီဖို့က ကြီးကြပ်ပြီး သတ္တုတွင်းဝန်ကြီးက ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သည်။

သတ္တုတွင်းဝန်ကြီးသည် နိုင်ငံတော်အဆင့်စာချုပ်များကို ၎င်းတို့နှင့် ရင်းနှီးသူများအား လက်လွှဲရောင်းချမှုများရှိသည်ဟုလည်း စွပ်စွဲခံထားရသည်။

**ဆင်ဟွာ**

## ဂွါတီမာလာနိုင်ငံ မီးတောင်ပေါက်ကွဲပြီးနောက် ပျောက်ဆုံးသူ ၃၃၂ ဦးအထိ ရှိလာ

**ဂွါတီမာလာ ဇူလိုင် ၆**

ဂွါတီမာလာနိုင်ငံတွင် လွန်ခဲ့သောလက ဖျူဂိုမီးတောင်ပေါက်ကွဲပြီးနောက် ပျောက်ဆုံးသူဦးရေမှာ ၃၃၂ ဦး အထိရှိကြောင်း ဂွါတီမာလာမှ အာဏာပိုင်များကပြောသည်။

အစောပိုင်းကာလက ခန့်မှန်းထားသည့်ထက်လူဦးရေ ၁၃၀ ခန့်တိုးလာခြင်းပင်ဖြစ်သည်။ နိုင်ငံ၏ သဘာဝဘေးအေဂျင်စီက မီးတောင်ပေါက်ကွဲဒဏ်ခံဒေသမှ နေထိုင်သူများဖြင့် ခိုလှုံရာနေရာများတွင် နေထိုင်သူများကို တိုက်ဆိုင်စစ်ဆေးကြည့်ရာမှ ယင်းသို့ ထွက်ပေါ်လာခြင်းဖြစ်သည်။

အေဂျင်စီ၏ အစောပိုင်းဖော်ပြချက်များအရ ပျောက်ဆုံးနေသောလူဦးရေမှာ ၁၉၇ ဦးရှိခဲ့ပြီး သေဆုံးသူဦးရေမှာ ၁၁၃ ဦးဟု အာဏာပိုင်များက ပြောသည်။ မီးတောင်ပေါက်ကွဲရာဒေသမှ နေအိမ်များမှာ ဖုန်များ၊ ပြာများဖြင့် ဖုံးလွှမ်းပျက်စီးခဲ့ပြီး အပူချိန်မှာလည်း အင်မတန်မြင့်မားလျက်ရှိသည်။

ယင်းမီးတောင်ပေါက်ကွဲမှုကြောင့် လူပေါင်း ၁၂၀၀ နေအိမ်ဆုံးရှုံးခဲ့ရသည်။ အချို့သောနေအိမ်များမှာ လူနေထိုင်ရန်မသင့်သောနေရာများ ဖြစ်လာခဲ့သည်။

**အင်န်အိတ်ခ်ျကေ**

# နိုင်ငံရေးနဲ့ ရောယှက်နေတဲ့ ရေနံ

**ချူးစန္ဒီနွေး**



**ရေနံဈေးဟာ အကျဘက်ကိုမပြ၊ တက်မြဲအတိုင်းတက်နေတဲ့အခါမှာတော့ အဓိကရေနံထုတ်လုပ်သူတွေဟာ ဒီအတိုင်း ထိုင်နေလို့မရတော့ပါဘူး။ သူတို့ဟာ ဗီယင်နာမြို့မှာ တွေ့ဆုံခဲ့ကြပြီး ရေနံကို ပိုမိုတိုးပြီး ထုတ်လုပ်လိုက်ခြင်းနဲ့အတူ တက်နေတဲ့ရေနံဈေးကို ထိန်းချုပ်ဖို့ ကြိုးပမ်းကြမယ်လို့ ကတိပေးကြပါပြီ။ ဒါပေမယ့်လည်း ရေနံဈေးဟာ ဘာကြောင့်များတက်မြဲအတိုင်း တက်နေရတာလဲ။ ရေနံတင်ပို့ရောင်းချသူနိုင်ငံများအသင်းက တာဝန်ရှိသူတွေနဲ့ ရုရှားလိုမျိုး အဓိကရေနံထုတ်လုပ်တဲ့ နိုင်ငံတွေဟာ ကမ္ဘာ့ရေနံလိုအပ်ချက်ကို အထောက်အကူဖြစ်စေဖို့အတွက် ၁ ရာခိုင်နှုန်းတိုးမြှင့်ပြီးထုတ်လုပ်မယ်လို့ လွန်ခဲ့တဲ့လကပဲ ကတိပြုခဲ့ကြပါတယ်။**

### ဦးမော့နေဆဲ ရေနံ

ဒါပေမယ့်လည်း ရေနံဈေးကတော့ ဦးမော့လျက်ပါပဲ။ ဈေးကျလာအောင် စွမ်းဆောင်နိုင်ခြင်း မရှိသေးပါဘူး။ အမေရိကန်သမ္မတထရန့်က ဒီပြဿနာကို ဟိုးအရင်ကတည်းက ထောက်ပြပြောဆိုခဲ့တဲ့သူပါ။

ရေနံဈေးကျဖို့ ထပ်ခါတလဲလဲ တောင်းဆိုခဲ့တဲ့သူလည်း ဖြစ်တယ်။ တက်မြဲအတိုင်းတက်နေတဲ့ ရေနံစိမ်းဈေးနှုန်းဟာ ယခုနှစ်အတွင်းမှာ ၂၀ ရာခိုင်နှုန်းတက်ခဲ့ပြီး တစ်စည်ကို ၇၈ ဒေါ်လာဝန်းကျင်ရှိပါတယ်။

### ဆော်ဒီအတွက် ဖိအားများလာ

ရေနံဈေးတွေ ဘာကြောင့်တက်နေရတာပါလဲ။ ရေနံအဓိကထုတ်လုပ်တဲ့ နိုင်ငံဖြစ်တဲ့ ဆော်ဒီအာရေဗျနိုင်ငံဟာ အခုအခါမှာ ရေနံပိုမိုတိုးပြီး ထုတ်လုပ်ပါ့မယ်ဆိုတဲ့ ကတိစကားနဲ့အတူ ဖိအားတွေ များနေပါတယ်။

ဆော်ဒီက ရေနံတိုးထုတ်လုပ်မယ်လို့ ကတိပေးထားပေမယ့် လတ်တလောမှာ ပဋိပက္ခတွေကြား ရှင်သန်နေရတဲ့ အီရန်၊ ဗင်နီဇွဲလား၊ လစ်ဗျားသုံးနိုင်ငံက ထွက်ရှိမယ့် ရေနံပမာဏကိုတော့ အစားမထိုးနိုင်ဘူး ဖြစ်နေတယ်။

ဒီကြားထဲအမေရိကန်ဟာ တရုတ်နဲ့ အိန္ဒိယနိုင်ငံတို့ကို အီရန်ဆီကနေ ရေနံမဝယ်ဖို့ တောင်းဆိုထားတာတွေလည်း ရှိပါသေးတယ်။ အမေရိကန်ဟာ အီရန်ကို ဆန့်ကျင်မှုတွေပြုလုပ်ဖို့ အဘက်ဘက်ကနေ စဉ်းစားနေပြီး အခုအခါမှာတော့ စွမ်းအင်ကဏ္ဍကို ပိတ်ပင်ဖို့ ကြိုးပမ်းလာတဲ့ပုံပါပဲ။

လက်ရှိအနေအထားမှာတော့ အီရန်ဟာ တစ်နေ့လျှင် ရေနံစည်ပေါင်းနှစ်သန်းဝန်းကျင် ပြည်ပသို့တင်ပို့လျက်ရှိပြီး ကမ္ဘာလုံးဆိုင်ရာ လိုအပ်ချက်ရဲ့ ၂ ရာခိုင်နှုန်းနဲ့ ညီမျှပါတယ်။ ဒါကို အမေရိကန်က ကြည့်မရပါဘူး။ အီရန်နိုင်ငံက သူပိုင်သယံဇာတရောင်းချတာကို အတင်းထိန်းချုပ်လိုပါတယ်။

### အီရန်အပေါ် ပိတ်ဆို့လို

အီရန်ကထွက်ရှိမယ့် ရေနံနေရာမှာ ဆော်ဒီနဲ့ ရုရှားကထွက်မယ့် ရေနံတွေကို အစားထိုးတဲ့သဘောပါ။ အမေရိကန်ရဲ့ ရပ်တည်ချက် သဘောထားကတော့ အီရန်အပေါ် သဘောထားတင်းမာပြီး ပိတ်ဆို့လိုတဲ့သဘောပါလို့ ယခင်တုန်းက အမေရိကန်နိုင်ငံခြားရေးဌာနရဲ့ ပိတ်ဆို့မှု ကျွမ်းကျင်မှုဆိုင်ရာအရာရှိဟောင်းတစ်ဦးဖြစ်သူ အန်ဒရူးကယ်လာက သုံးသပ်ခဲ့ပါတယ်။

အီရန်ရဲ့ ရေနံစိမ်းတင်ပို့မှုဟာ ဘယ်လောက်အတိုင်းအတာအထိ ကျသွားမှာလဲဆိုပြီး ကျွမ်းကျင်သူတွေနဲ့ လေ့လာသူတွေက တွက်ချက်မှုတွေ ပြုလုပ်နေကြပါပြီ။ ရေနံစည်ပေါင်းထောင်ဂဏန်းကနေ သောင်းဂဏန်းနောက်ဆုံး သန်းနဲ့ချီပြီးလည်း ကျဆင်းသွားနိုင်တယ်လို့ တွက်ချက်ကြပြန်ပါတယ်။

ဒါ့ကြောင့်လည်း ဗီယင်နာမြို့က အစည်းအဝေးမှာ ရေနံထုတ်လုပ်သူနိုင်ငံတွေဟာ ရေနံပိုတိုးထုတ်လုပ်ပါ့မယ်လို့ ကတိပေးခဲ့ကြတာလည်း ဖြစ်တယ်။

ဒီလိုမျိုးဖြစ်ရပ်တွေကြောင့်လည်း ရေနံဈေးကွက်ကို လာရောက်ရိုက်ခတ်တာလို့ ယူဆကြပါတယ်။

ဗင်နီဇွဲလား နိုင်ငံဆိုတာကလည်း ရေနံပေါကြွယ်ဝပြီး တစ်ချိန်တုန်းက အဓိက ရေနံထုတ်လုပ်တဲ့ နိုင်ငံတစ်ခုပါပဲ။ အရင်က ထုတ်လုပ်နိုင်စွမ်းထက်ဝက်နီးပါး ကျဆင်းသွားပါတယ်။ တစ်နေ့မှာရေနံ ၁ ဒသမ ၄ သန်းထက်မနည်း ထုတ်လုပ်နိုင်ခဲ့ပါတယ်။

ဒါပေမယ့်လည်း ဗင်နီဇွဲလားနိုင်ငံဟာ အပြည်ပြည်ဆိုင်ရာက ပိတ်ဆို့မှုတွေ၊ နိုင်ငံအတွင်းပဋိပက္ခတွေကြောင့် စီးပွားရေးထိခိုက်ယိမ်းယိုင်ခဲ့ရပြီး ရေနံထုတ်လုပ်နိုင်စွမ်းကိုပါ ထိခိုက်လာခဲ့ပါတယ်။

ဒါဆိုရင် လစ်ဗျားက ရေနံထုတ်လုပ်မှုကရော ဘယ်လိုလဲ။ လစ်ဗျားမှာလည်း အခြေအနေက မငြိမ်သက်ပါဘူး။ လက်နက်ကိုင်အုပ်စု မျိုးစုံဟာ တိုက်ခိုက်နေကြပြီး တစ်နေ့မှာရေနံစည်ပေါင်း ရှစ်သိန်းခွဲကို ထုတ်လုပ်ပေးနိုင်ဖို့ဆိုတာ မဖြစ်နိုင်ပါဘူး။ ဒီဖြစ်ရပ်တွေအားလုံးဟာ ရေနံဈေးကွက်အတွက် ပထဝီနိုင်ငံရေးဆိုင်ရာ အရေးပါမှုကို ဦးတည်သွားပါပြီ။

### ရောင်းလိုအားနှင့် ဝယ်လိုအားမမျှ

လက်ရှိမှာ ကမ္ဘာ့စီးပွားရေးဟာ အရှိန်အဟုန်နဲ့ တိုးမြင့်နေပြီး စွမ်းအင်ဆိုင်ရာလိုအပ်ချက်တွေကလည်း တိုးလို့နေပါတယ်။ ရေနံဈေးကွက်မှာ အီရန်အစားနေရာဝင်ယူနိုင်ဖို့ ဆော်ဒီအာရေဗျဟာ ရေနံတိုးထုတ်လုပ်ဖို့ စတင်ပြင်ဆင်နေပါပြီ။

ဇွန်လက စတင်ပြီး ဆော်ဒီရဲ့ ရေနံတင်ပို့မှုကို မြှင့်တင်ခဲ့ပါတယ်။ ဒီလိုပါပဲ။ သိုလှောင်မှုပမာဏကလည်း မြင့်တက်လာပါတယ်လို့ ပါရီမြို့ အခြေစိုက် ရေနံဈေးကွက်ဆိုင်ရာ စောင့်ကြည့်ရေးအဖွဲ့မှ သုတေသီ Kayrros က ပြောကြားခဲ့ပါတယ်။

အလားတူပါပဲ။ ရုရှားဟာလည်း သူ့ရဲ့ကိုယ်ပိုင်တင်ပို့မှုတွေကို တိုးမြှင့်လုပ်ဆောင်ခဲ့ပါတယ်။ ဒါပေမယ့်လည်း ရေနံထုတ်လုပ်သူနိုင်ငံတွေဟာ ဘယ်လောက်ကြာအောင် ဒီလိုလုပ်နိုင်မှာဆိုတာကို သံသယဝင်သူတွေ လည်း ရှိပါတယ်။

ဆော်ဒီကတော့ တစ်နေ့မှာ ရေနံစည်နှစ်သန်း အပိုထုတ်လုပ်နိုင်လိမ့်မယ်လို့ အသေအချာပြောပေမယ့် သုတေသီတွေကတော့ ဒီလိုမယူဆပါဘူး။

အလေအလွင့်မရှိဘဲ ထုတ်လုပ်နိုင်ဖို့ဆိုရင် ဆော်ဒီဟာ တစ်နေ့မှာရေနံစည်တစ်သန်းခန့်ပဲ အမှန်တကယ်အပိုထုတ်လုပ်နိုင်မယ်လို့ သုတေသီတွေက ပြောပါတယ်။

အခုအချိန်မှာတော့ ရေနံဈေးကွက်မှာ လိုအပ်ချက်နဲ့ ဖြည့်စွမ်းပေးနိုင်စွမ်းဟာ ကာမိသေးပေမယ့် ဒါကိုအနာဂတ်အထိရောက်အောင်ရော ဆက်လက်လုပ်ဆောင်နိုင်စွမ်းရှိပါ့မလား။ စွမ်းအင်ဆိုင်ရာအကြံပေးအဖွဲ့ဖြစ်တဲ့ ဝုဒ်မက်ကန်ဇီအဖွဲ့ရဲ့ ခန့်မှန်းမှုအရတော့ OPEC နိုင်ငံတွေကနေ ရေနံအပိုထုတ်လုပ်မှု တစ်နေ့ကို ရေနံစည်ပေါင်း ၂ ဒသမ ၅ သန်းခန့် ရှိလာလိမ့်မယ်လို့လည်း ခန့်မှန်းထားပါတယ်။

> “ဆော်ဒီက ရေနံတိုးထုတ်လုပ်မယ်လို့ ကတိပေးထားပေမယ့် လတ်တလောမှာ ပဋိပက္ခတွေကြား ရှင်သန်နေရတဲ့ အီရန်၊ ဗင်နီဇွဲလား၊ လစ်ဗျားသုံးနိုင်ငံက ထွက်ရှိမယ့် ရေနံပမာဏကိုတော့ အစားမထိုးနိုင်ဘူး ဖြစ်နေတယ်”

### နိုင်ဂျီးရီးယားရဲ့ပြဿနာ

ဗင်နီဇွဲလား၊ အီရန်နဲ့လစ်ဗျားတို့မှာရေနံထုတ်လုပ်မှု ထိခိုက်ရသလိုပါပဲ။ နောက်ထပ်ရေနံထွက်ရှိတဲ့ နိုင်ငံဖြစ်တဲ့ နိုင်ဂျီးရီးယားမှာလည်း အလုပ်သမားတွေနဲ့ ပဋိပက္ခအပါအဝင် အခြားသောပြဿနာများကြောင့် ရေနံထုတ်လုပ်မှုကို ထိခိုက်ရပါတယ်။

ပင်လယ်ကွေ့နိုင်ငံတွေရဲ့ဆိပ်ကမ်းတွေဟာ မုန်တိုင်းရှိတဲ့အခါ ပိတ်ထားရတာဖြစ်တဲ့အတွက် အမေရိကန်ပြည်ထောင်စုက ရေနံစိမ်းတင်ပို့မှုကို ရေနံဈေးကွက်က မှီခိုနေရတာလည်း အပြစ်အနာအဆာ တစ်ခုလိုပါပဲ။

### နိုင်ငံရေးနဲ့ ဆက်နွယ်လာ

ဒီအချက်တွေ ကြည့်မယ်ဆိုရင် ရေနံဈေးကွက်ဟာ တဖြည်းဖြည်း နိုင်ငံရေးနဲ့ သက်ဆိုင်လာတာကို တွေ့ရပါတယ်။ အမေရိကန်သမ္မတ ထရန့်ဟာ ဓာတ်ဆီဈေးနှုန်း ကျဆင်းဖို့အတွက် ဆော်ဒီကို ရေနံပိုမိုထုတ်လုပ်ဖို့ တောင်းဆိုပါတယ်။

အခုဆိုရင် အီရန်နျူကလီးယားသဘောတူစာချုပ်ကနေ အမေရိကန်နုတ်ထွက်ထားတော့ အီရန်အပေါ် ပိတ်ဆို့မှုအသစ်တွေ ထပ်လုပ်တော့မှာပဲ ဖြစ်တယ်။ ဒီအချက်ဟာ ရေနံဈေးကွက်ကို ထိခိုက်စေတဲ့ အရာတစ်ခုပါလို့ သုတေသီတွေက သုံးသပ်ကြပါတယ်။

တကယ်လို့များ ရေနံထုတ်လုပ်တဲ့ နိုင်ငံတွေက တစ်နေ့မှာ ရေနံစည်တစ်သန်းအောက် လျှော့ထုတ်ခဲ့မယ်ဆိုရင် အခြေအနေဟာပိုပြီး အန္တရာယ်ရှိလာမှာပဲဖြစ်တယ်လို့ ဝုဒ်မက်ကန်ဇီအဖွဲ့က အီရန်စွမ်းအင်ကျွမ်းကျင်သူတစ်ဦးက ပြောပါတယ်။ အီရန်နိုင်ငံဘက်ကလည်း သူတို့ဆီကရေနံတွေကိုမဝယ်ဖို့ အမေရိကန်ရဲ့အခြားသောနိုင်ငံတွေဆီ တောင်းဆိုမှုကို ကြားရတဲ့အခါ ခြိမ်းခြောက် ပြောဆိုမှုတွေ ရှိလာပါတယ်။ အီရန်နိုင်ငံက ရေနံဆိုင်ရာအဆင့်မြင့်အရာရှိကြီးတစ်ဦးဖြစ်တဲ့ ဟူစိန်ကာဇီပေါအဘီလီကတော့ အခြေအနေတွေဟာ ဆက်လက်တင်းမာဆဲဆိုရင် ရေနံဈေးဟာတစ်စည်ကို ဒေါ်လာ ၁၀၀၊ တစ်ခါတလေ ၁၄၀ အထိ တက်သွားနိုင်တယ်လို့လည်း သတိပေးထားပါသေးတယ်။

ဒါကြောင့် နိုင်ငံရေးနဲ့ ရေနံကို ရောနှောဖို့ရာ မသင့်ဘူးလို့ သတိပေးခဲ့ပါတယ်။ ဆော်ဒီကလည်းအမေရိကန်က တောင်းဆိုထားသလို ရေနံပိုထုတ်လုပ်နိုင်မလား၊ တကယ်ပဲ အီရန်ရဲ့ရေနံကို ဂရုစိုက်စရာမလိုဘူးလားဆိုတာကိုတော့ အခုအချိန်မှာ ဘယ်သူမှ မပြောနိုင်သေးပါဘူး။ ။

**ကိုးကား-နယူးယောက်တိုင်းမ်**

# လူမှုတာဝန်သိလုပ်ငန်းများနှင့် အကြံပြုဆွေးနွေးခြင်း လုပ်ငန်းစဉ်အကြောင်း

စံကားဝါ

**စီးပွားရေးလုပ်ငန်းများနှင့် လုပ်ငန်းလုပ်ကိုင်ရာ ဒေသရှိ ဒေသခံများသည် ခွဲခြားမရသည့် အစိတ်အပိုင်းများဖြစ်ပြီး အဆိုပါဒေသခံများ၊ Stakeholder များနှင့် ကောင်းမွန်သည့် ဆက်ဆံရေးတည်ဆောက်ထိန်းသိမ်းနိုင်ခြင်းသည် လူမှုရေးအရ အောင်မြင်ခြင်းပင် ဖြစ်ပါသည်။ လူမှုတာဝန်သိလုပ်ငန်းများသည် ပရဟိတလုပ်ငန်းနှင့် လှူဒါန်းမှုသက်သက် မဟုတ်ဘဲ သဘာဝပတ်ဝန်းကျင်နှင့် ဂေဟစနစ်များ၊ ထိန်းသိမ်းစောင့်ရှောက်မှုများ အပါအဝင် ဒေသတွင်းဖွံ့ဖြိုးတိုးတက်မှုကို ရေရှည်ဖြစ်ထွန်းစေမည့် အစီအမံများဖြင့် ပေါင်းစပ်ဖော်ဆောင်ရသည့် စီးပွားရေးလုပ်ငန်းများအတွက် မဟာဗျူဟာမြောက် လုပ်ငန်းတစ်ရပ်လည်း ဖြစ်သည်။**



အကြံပြုဆွေးနွေးခြင်းလုပ်ငန်းစဉ် အကောင်အထည်ဖော်လျက်ရှိသည့် CSR ဝန်ထမ်းများနှင့် မန်းရေနံမြေထိစပ်ကျေးရွာရှိ စေတနာ့ဝန်ထမ်းများ ဆွေးနွေးစဉ်။

## လူမှုတာဝန်သိလုပ်ငန်းများ (Corporate Social Responsibility)

စီးပွားရေးလုပ်ငန်းများအနေဖြင့် ၎င်းတို့၏ လုပ်ငန်းလုပ်ကိုင်မှုများမှတစ်ဆင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ်ရေး၊ ပြည်သူ့ကျန်းမာရေးမြှင့်တင်ရေးနှင့် ပညာရေးပိုမိုကောင်းမွန်လာစေရေး လုပ်ငန်းများကိုပါ ပူးတွဲဆောင်ရွက်ပေးနိုင်ရန် အများပြည်သူက မျှော်လင့်လာကြသည်။ ၂၀ ရာစု အကုန်ပိုင်းနှင့် ၂၁ ရာစု အစတွင် အောင်မြင်သော စီးပွားရေးလုပ်ငန်းကြီး များသည် အစိုးရ သို့မဟုတ် လုပ်ငန်းဆိုင်ရာအဖွဲ့အစည်းများက ချမှတ်ထားသော စည်းမျဉ်းစည်းကမ်းများအရ (Corporate Social Responsibility-CSR) လုပ်ငန်းများကို မဖြစ်မနေဆောင်ရွက်ရန် သတ်မှတ်ထား၍ဖြစ်စေ၊ အဆိုပါစည်းကမ်းများတွင် CSR လုပ်ငန်းများ လိုအပ်ကြောင်းကို အတိအကျမဖော်ပြထားသော်လည်း ၎င်းလုပ်ငန်းများ၏ လူမှုပုံရိပ်ကို မြှင့်တင်ရန်အတွက်ဖြစ်စေ၊ ၎င်းတို့၏ စီးပွားရေးနှင့် လူသားအရင်းအမြစ်ဆိုင်ရာ မဟာဗျူဟာများ ချမှတ်ရေးဆွဲရာတွင် CSR မဟာဗျူဟာနှင့် လုပ်ငန်းစဉ်များကို မဖြစ်မနေထည့်သွင်းလာကြသည်။ နှစ်အလိုက် ဘဏ္ဍာရေးကုန်ကျစရိတ် တွက်ချက်ရာတွင်လည်း CSR လုပ်ငန်းများအတွက် သီးသန့် ရန်ပုံငွေလျာထား၍ အကောင်အထည်ဖော် ဆောင်ရွက်လာကြသည်။

နိုင်ငံတကာတွင် ကျင့်သုံးနေသော CSR အစီအစဉ်များသည် ကုမ္ပဏီနှင့် ဝန်ထမ်းများက သက်ဆိုင်ရာ လူမှုအသိုက်အဝန်းအပေါ် လူမှုတာဝန်သိမှုအရ ဆောင်ရွက်သည့် လုပ်ငန်းများသာဖြစ်သည်။ ကနဦးတွင် CSR လုပ်ငန်းများ ဆောင်ရွက်ရာတွင် လိုက်နာရမည့် ကျင့်ဝတ်များနှင့် ပတ်သက်၍ အဓိပ္ပာယ်ဖွင့်ဆိုမှု အမျိုးမျိုးရှိခဲ့သော်လည်း ၁၉၉၁ ခုနှစ်တွင် ဂျော်ဂျီယာတက္ကသိုလ်မှ ပါမောက္ခ အာချီဘီကယ်ရို (Prof. Archie B. Carroll) ဖော်ထုတ်ခဲ့သော CSR Pyramid အရ အဆင့်လေးဆင့်ဖြင့် ခေတ်သစ် CSR လုပ်ငန်းများကို အဓိပ္ပာယ်ဖွင့်ဆိုခဲ့ရာ-

(က) စီးပွားရေးအရ တာဝန်ယူသည့်အဆင့်တွင် လူမှုအသိုက်အဝန်း၏ လိုအပ်ချက်ကိုရရှိနိုင်မည့် အမြတ်အစွန်းနှင့် ချိန်ဆ၍ ဆောင်ရွက်ခြင်း၊

(ခ) ဥပဒေအရ တာဝန်ယူသည့်အဆင့်တွင် လူမှုအသိုက်အဝန်း၏ လိုအပ်ချက် ဥပဒေနှင့် စည်းကမ်းများကို လိုက်နာသောအားဖြင့် ဆောင်ရွက်ခြင်း၊

(ဂ) ကျင့်ဝတ်သိက္ခာအရ တာဝန်ယူရသည့်အဆင့်တွင် လူမှုအသိုက်အဝန်း၏ မျှော်လင့်ချက်များကို ဖြည့်ဆည်းသည့်အနေဖြင့် သင့်လျော်မည့် ကိစ္စများ ဆောင်ရွက်၍ ဘေးအန္တရာယ်များကို ရှောင်ကြဉ်ခြင်း၊

(ဃ) ပရဟိတအလှူအဆင့်တွင် လူမှုအသိုက်အဝန်းက ဆန္ဒရှိသည်များအတွက် နိုင်ငံသားကောင်း၊ လုပ်ငန်းရှင်ကောင်းအဖြစ် ဆောင်ရွက်ခြင်းဟူ ဖော်ပြပါရှိသည်။

## မန်းရေနံမြေနှင့် လူမှုတာဝန်သိလုပ်ငန်းများ

မန်းရေနံမြေသည် မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် မင်းဘူးမြို့နယ်အတွင်းတွင် တည်ရှိပြီး ကုန်းတွင်း လုပ်ကွက်များတွင် ဒုတိယအကြီးဆုံး ရေနံမြေဖြစ်သည်။ ၁၉၇၀ ပြည့်နှစ်ခန့်က စတင်တွေ့ရှိခဲ့သည့် မန်းရေနံမြေသည် ရေနံထုတ်လုပ်နိုင်ခဲ့သည့် ဧရိယာ အကျယ်အဝန်း အလျား ၁၆ ကီလိုမီတာနှင့် အနံ ၁ ဒသမ ၆ ကီလိုမီတာ ရှိကာ ၁၉၇၉ ခုနှစ်မှစတင်၍ ရေနံနှင့် သဘာဝဓာတ်ငွေ့ကို ထုတ်လုပ်ခဲ့ကြသည်။ ရေနံထုတ်လုပ်မှု သက်တမ်းကြာလာသည်နှင့်အမျှ သဘာဝအလျောက် ရေနံထွက်ရှိမှု ကျဆင်းလာသည့်အတွက် ၁၉၉၆ ခုနှစ်တွင် မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း ( Myanma Oil and Gas Enterprise-MOGE) က အဆိုပါ ရေနံမြေတွင် ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်နိုင်မည့် လုပ်ငန်းများအဖြစ် စတင်ဆောင်ရွက်ခဲ့သည်။ MPRL E & P Pte Ltd. သည် မန်းရေနံမြေအတွက် မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်ခွင့်ရရှိသည့် ပထမဆုံး မြန်မာအမျိုးသားပိုင် ကုမ္ပဏီတစ်ခု ဖြစ်လာခဲ့သည်။

လူမှုတာဝန်သိလုပ်ငန်းဆိုင်ရာကဏ္ဍနှင့်စပ်လျဉ်း၍ MPRL E&P Pte Ltd. ၏ Country Manager ဦးစည်သူမိုးမြင့်က " ၂၀၁၀-၂၀၁၁ မှာ CSR ကဏ္ဍက ပိုပြီးတော့ ဖိဖိစီးစီးလုပ်ဖို့ လိုအပ်တယ်လို့ မြင်တဲ့အတွက် CSR Strategy နဲ့ Framework ကို တရားဝင်အကောင်အထည်ဖော်ပြီးတော့ CSR Team ကြီးတစ်ခု ဖွဲ့စည်းခဲ့ပါတယ်။ ကျွန်တော်တို့ Project တစ်ခုကို ရေရှည်ဆောင်ရွက်တဲ့ နေရာမှာ Primary Stakeholder ဖြစ်တဲ့ ဒေသခံတွေရဲ့ Support အများကြီး လိုအပ်ပါတယ်။ ဒေသခံတွေနဲ့ ကျွန်တော်တို့ ကုမ္ပဏီကြားမှာ ခိုင်မာတဲ့ ယုံကြည်မှုတစ်ခုတည်ဆောက်ဖို့လည်း လိုပါတယ်။ ဒီလို support နဲ့ ခိုင်မာတဲ့ယုံကြည်မှု တည်ဆောက်ဖို့အတွက် အခုလို Grievance Mechanism Process နဲ့ Tools တွေကို ကျင့်သုံးရပါတယ်" ဟု ဆိုသည်။

MPRL E&P အနေဖြင့် လူမှုတာဝန်သိလုပ်ငန်းများ ဆောင်ရွက်ရာတွင် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး အစီအမံများပါဝင်သည့် လူမှုတာဝန်သိလုပ်ငန်းဆိုင်ရာ မူဝါဒကို သီးခြားချမှတ်အကောင်အထည်ဖော်လျက်ရှိရာ လုပ်ငန်းလုပ်ကိုင်ရာ ဒေသရှိ ဒေသခံများအကြား နားလည်ယုံကြည်မှု အပြန်အလှန်တည်ဆောက်ခြင်းဖြင့် နှစ်ဦးနှစ်ဖက် ရေရှည်ဖွံ့ဖြိုးတိုးတက်စေမည့် လမ်းကြောင်းအဖြစ် အကြံပြုဆွေးနွေးခြင်း လုပ်ငန်းစဉ်ကို ၂၀၁၄ ခုနှစ်မှ စတင်ဆောင်ရွက်ခဲ့သည်။ ယင်းသို့ ဆောင်ရွက်ရာတွင် သဘာဝပတ်ဝန်းကျင် ရေရှည်တည်တံ့ရေး၊ စီးပွားရေးလုပ်ငန်းများ ရေရှည်တည်တံ့ရေးနှင့် လူမှုရေးအရ သဘောတူလက်ခံနားလည်မှုရရှိရေး လုပ်ငန်းများကိုလည်း တစ်ပြိုင်တည်း ပူးတွဲဆောင်ရွက်ခဲ့သည်ကို တွေ့ရသည်။

ယင်းသို့ ပူးပေါင်းဆောင်ရွက်မှု၏ အကျိုးဆက်အနေဖြင့် ရေနံနှင့် သဘာဝဓာတ်ငွေ့ ထုတ်လုပ်မှု အထွက်တိုးရေးအတွက် နည်းပညာပိုင်းဆိုင်ရာ အားထုတ်မှုများသာမက သဘာဝအရင်းအမြစ် စီမံခန့်ခွဲရေးလုပ်ငန်းများတွင် ဘေးထွက်ဆိုးကျိုးအနည်းဆုံးဖြင့် ဆောင်ရွက်နိုင်ခဲ့သည့်အတွက် အဆိုပါနည်းစနစ်ကောင်းများ၏ အကျိုးဆက်ကို စတင်ခံစားနေရပြီ ဖြစ်သည်။

## UN Global Compact နှင့် နိုင်ငံတကာစီးပွားရေးအလေ့အကျင့်ကောင်းများ

ကမ္ဘာတစ်ဝန်းရှိ စီးပွားရေးလုပ်ငန်းများကို ရေရှည်တည်တံ့ခိုင်မြဲရေးနှင့် လူမှုရေးအရ တာဝန်ယူမှုရှိသည့် လူမှုတာဝန်သိလုပ်ငန်းဆိုင်ရာ မူဝါဒများ ချမှတ်ကျင့်သုံးရေးအတွက် တိုက်တွန်းဆောင်ရွက်နိုင်ရန် ကုလသမဂ္ဂကဖွဲ့စည်းထားသည့် United Nations Global Compact (UNGC)တွင် MPRL E&P Pte Ltd. က အဖွဲ့ဝင်ကုမ္ပဏီတစ်ခုအဖြစ် ၂၀၁၆ ခုနှစ်တွင် စတင်ဝင်ရောက်ခဲ့သည်။ UNGC အဖွဲ့ဝင်ကုမ္ပဏီတစ်ခု အနေဖြင့် နိုင်ငံတကာတွင် ကျင့်သုံးဆောင်ရွက်လျက်ရှိသည့် စီးပွားရေးလုပ်ငန်းဆိုင်ရာ ကျင့်ဝတ်များကို အလေးထား လိုက်နာဆောင်ရွက်လျက်ရှိပြီး လုပ်ငန်းနှင့် ဆက်စပ်ပတ်သက်နေသည့် လူမှုအဖွဲ့အစည်းများ၏ လူမှုစီးပွားဘဝ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးနှင့် သယံဇာတတူးဖော်ထုတ်လုပ်သည့် လုပ်ငန်းများတွင် ဒေသခံပြည်သူလူထုနှင့် သဟဇာတဖြစ်စေမည့် အစီအစဉ်အဖြစ် အကြံပြုဆွေးနွေးခြင်း လုပ်ငန်းစဉ်ကို အလေးထားအကောင်အထည်ဖော်ခဲ့သည်။

အကြံပြုဆွေးနွေးခြင်းလုပ်ငန်းစဉ်ဆိုင်ရာ လုပ်ငန်းများကို လက်တွေ့ဆောင်ရွက်လျက်ရှိသည့် Conyat Create Consulting Firm ၏ တည်ထောင်သူ Ms. Anastacia Howe က "ဒီလုပ်ငန်းစဉ်နဲ့ ပတ်သက်လို့ ကျွန်မအမြင်ပြောရရင် ဒါက စီးပွားရေးလုပ်ငန်းတွေရဲ့ လုပ်ငန်းစီမံချက်တစ်လျှောက်လုံးမှာ ပါဝင်ဆောင်ရွက်ရမယ့် နည်းလမ်းနဲ့ အခန်းကဏ္ဍတစ်ခု ဖြစ်ပါတယ်။ ဒီလုပ်ငန်းရဲ့ ရည်ရွယ်ချက်က အကောင်အထည်ဖော်နေတဲ့ စီမံကိန်းပုံစံကို လွှမ်းမိုးမှုရှိပြီး စီမံကိန်းရဲ့ အကျိုးဆက်နဲ့ အန္တရာယ်ဖြစ်နိုင်ခြေတွေကို စီမံခန့်ခွဲနိုင်ဖို့ ဒေသခံတွေရဲ့ အကြံပြုချက်တွေ၊ စိုးရိမ်မှုတွေပါဝင်တဲ့ သတင်းအချက်အလက်တွေ ရရှိနိုင်ဖို့လည်း ဖြစ်ပါတယ်။ ဒါက ရေနံနဲ့ သဘာဝဓာတ်ငွေ့ မြေပေါ်ရောက်အောင် ထုတ်ယူခြင်းသာမဟုတ်ဘဲ မိမိတို့လုပ်ငန်းစီမံကိန်းတွေက ပတ်ဝန်းကျင်ဒေသခံတွေရဲ့ ဘဝနေထိုင်မှုစံနဲ့ တည်ငြိမ်မှုကို ဘယ်လိုခံယူဆောင်ရွက်နေလဲလို့ မေးစရာရှိပါတယ်။ ဒါက စီမံကိန်းအတွက် ရေရှည်ဆောင်ရွက်ချက်မှာ အရေးကြီးတဲ့အပိုင်းဖြစ်ပြီး ပွင့်လင်းမြင်သာမှုနဲ့ လူမှုဆက်ဆံရေးမှာ အောင်မြင်စေတဲ့ အချက်လည်း ဖြစ်ပါတယ်"ဟု ဆိုသည်။

## အကြံပြုဆွေးနွေးခြင်းလုပ်ငန်းစဉ်ဆိုင်ရာ ကနဦးဆောင်ရွက်ချက်များ

MPRL E&P Pte Ltd. သည် မန်းရေနံမြေတွင် လုပ်ငန်းလုပ်ကိုင်ဆောင်ရွက်ခွင့်ရသည့် ၁၉၉၆ ခုနှစ်မှစတင်၍ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ လေ့လာဆန်းစစ်မှုများကို အလေးထားမှတ်တမ်းတင်ခဲ့ပြီး ရေနံနှင့် သဘာဝဓာတ်ငွေ့ထုတ်လုပ်မှု၏ နောက်ဆက်တွဲ အကျိုးဆက်များကို အချိန်နှင့်တစ်ပြေးညီ ဆန်းစစ်ဖော်ထုတ်ပြီး ဖြေရှင်းဆောင်ရွက်လျက်ရှိရာ နိုင်ငံတကာတွင် အသုံးပြုလျက်ရှိသည့် အောင်မြင်သည့် စေ့စပ်ညှိနှိုင်းဆွေးနွေးခြင်း လုပ်ငန်းစဉ်များကို မိမိတို့လုပ်ငန်းသဘာဝနှင့် ဆီလျော်ကိုက်ညီသည့် ပုံစံဖြင့် မန်းရေနံမြေ နှင့် ထိစပ်ကျေးရွာလူထုနှင့် စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည်။ မန်းရေနံမြေ နှင့် ထိစပ်ကျေးရွာ ၁၄ ရွာအနက် ကျေးရွာသုံးရွာရှိ ဒေသခံလူမှုအသိုက်အဝန်းအတွက် အကြံပြုဆွေးနွေးခြင်းလုပ်ငန်းစဉ် (Operational Grievance Mechanism-OGM )ကို ၂၀၁၄ ခုနှစ် ဧပြီလတွင် စတင်မိတ်ဆက်ခဲ့ပါသည်။ ယင်းနောက် သုံးလအကြာတွင် ကျေးရွာပေါင်း ၁၂ ရွာတွင် ဆက်လက်ဖြန့်ကြက်မိတ်ဆက်နိုင်ခဲ့သည်။

ရေနံနှင့် သဘာဝဓာတ်ငွေ့တူးဖော်ထုတ်လုပ်မှုများကြောင့် ဒေသခံလူထုအနေဖြင့် နစ်နာဆုံးရှုံးမှု တစ်စုံတစ်ရာအတွက် သက်ဆိုင်ရာအဖွဲ့အစည်းသို့ စာဖြင့် ဖြစ်စေ၊ အသိပေးအကြံပြုပြီး နှစ်ဦးနှစ်ဖက် ဆွေးနွေးညှိနှိုင်းအဖြေရှာသည့် လုပ်ငန်းအဖြစ် အကြံပြုဆွေးနွေးခြင်းလုပ်ငန်းစဉ်ကို စတင်ဆောင်ရွက်ခဲ့သည်။ လုပ်ငန်းစဉ် စတင်ခါစတွင် နစ်နာမှုများ၊ တိုင်ကြားချက်များဟူသည့် အသုံးအနှုန်းထက် ဒေသခံလူထုအနေဖြင့် အကြံပြုဆွေးနွေးနိုင်ခွင့်ကို ပိုမိုထင်ဟပ်ပြီး လုပ်ငန်းလုပ်ကိုင်မှု၏ လုပ်ငန်းဆောင်ရွက်မှု သက်ရောက်မှု အကျိုးဆက်ကို ပွင့်လင်းမြင်သာစွာဖြင့် တင်ပြဆွေးနွေးနိုင်ရန် ချဉ်းကပ်ဆောင်ရွက်သည့် လုပ်ငန်းစဉ်လည်း ဖြစ်သည်။ သဘာဝအရင်းအမြစ်အပေါ် အခြေခံဆောင်ရွက်ရသည့် လုပ်ငန်းအမျိုးအစားဖြစ်သည်နှင့်အညီ ဒေသခံလူမှုအသိုက်အဝန်း၏ စိုးရိမ်မှုများအတွက် အဖြေရှာနိုင်သည့် အခွင့်အရေးကို အပြည့်အဝပေးအပ်သည့် လုပ်ငန်းစဉ်အဖြစ် ဒေသခံများနှင့် သက်ဆိုင်ရာ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ အပြည့်အဝ ပူးပေါင်းဆောင်ရွက်မှုကို လက်ခံရရှိနိုင်ရန် ကြိုးပမ်းဆောင်ရွက်ခဲ့ရသည်။

**ရေနံနှင့် သဘာဝဓာတ်ငွေ့တူးဖော်ထုတ်လုပ်မှုများကြောင့် ဒေသခံလူထုအနေဖြင့် နစ်နာဆုံးရှုံးမှု တစ်စုံတစ်ရာအတွက် သက်ဆိုင်ရာအဖွဲ့အစည်းသို့ စာဖြင့် ဖြစ်စေ၊ အသိပေးအကြံပြုပြီး နှစ်ဦးနှစ်ဖက် ဆွေးနွေးညှိနှိုင်းအဖြေရှာသည့် လုပ်ငန်းအဖြစ် အကြံပြုဆွေးနွေးခြင်းလုပ်ငန်းစဉ်ကို စတင်ဆောင်ရွက်ခဲ့**

**အကြံပြုဆွေးနွေးခြင်း လုပ်ငန်းစဉ် (OGM)သည် နိုင်ငံတကာတွင် မိမိတို့လုပ်ငန်းအလိုက် လိုက်လျောညီထွေမည့် နည်းလမ်းများဖြင့် တွင်ကျယ်စွာ အသုံးပြုဆောင်ရွက်လျက်ရှိပြီး မြန်မာနိုင်ငံ၏ ရေနံနှင့် သဘာဝဓာတ်ငွေ့ တူးဖော်ထုတ်လုပ်သည့် လုပ်ငန်းများတွင် MPRL E&P ကုမ္ပဏီက ပထမဆုံး မိတ်ဆက်ဆောင်ရွက်သည့် လုပ်ငန်းစဉ်လည်းဖြစ်**

## အကြံပြုဆွေးနွေးခြင်းလုပ်ငန်းစဉ်

အကြံပြုဆွေးနွေးခြင်းလုပ်ငန်းစဉ် (OGM)သည် နိုင်ငံတကာတွင် မိမိတို့လုပ်ငန်းအလိုက် လိုက်လျောညီထွေမည့် နည်းလမ်းများဖြင့် တွင်ကျယ်စွာအသုံးပြုဆောင်ရွက် လျက်ရှိပြီး မြန်မာနိုင်ငံ၏ ရေနံနှင့် သဘာဝဓာတ်ငွေ့တူးဖော်ထုတ်လုပ်သည့် လုပ်ငန်းများတွင် MPRL E&P ကုမ္ပဏီက ပထမဆုံး မိတ်ဆက်ဆောင်ရွက်သည့် လုပ်ငန်းစဉ်လည်း ဖြစ်သည်။

*စာမျက်နှာ ၁၉ သို့*



# ဘာသာခြားစကားလုံးများ မွေးစားသည့်အစဉ်အလာ (၁)

## မောင်ခင်မင်(ဓနုဖြူ)

" ဆရာ၊ ကျွန်တော်တို့ပါ။ ဆရာနေကောင်းရဲ့လား"

"ဪ၊ သားတို့သမီးတို့ပါကလား။ လာကြလာကြ။ မင်းတို့အလုပ်ရပြီး နယ်တက္ကသိုလ်တွေရောက်သွားကြတာ မဟုတ်လား။ အခု ကျောင်းပိတ်လို့ ပြန်လာတာလား"

"ဟုတ်ကဲ့ပါ။ သူငယ်ချင်းတွေပြန်ဆုံကြရင် ဆရာ့ဆီမရောက်တာကြာလို့ စုပြီး လာကြတာပါ"

"ကောင်းပါပြီကွယ်။ မင်းတို့လာတော့ စကားပြောရတာပေါ့"

" သမီးတို့က မေးစရာရှိမှ ဆရာ့ဆီရောက်သလိုဖြစ်နေပါတယ် ဆရာ။ အခုလည်း..."

" အခုလည်း မေးစရာရှိလို့ဆိုပါတော့"

" ဟုတ်ပါတယ်ဆရာ။ ဂျာနယ်တစ်စောင်ထဲမှာ ဆောင်းပါးတစ်ပုဒ်ဖတ်ရပါတယ် ဆရာ။ ဆောင်းပါးရှင်က နိုင်ငံခြားစကားလုံးတွေ မြန်မာစကားထဲ အများကြီး ဝင်လာတာ မြန်မာစကားကို ထိခိုက်တယ်လို့ ရေးထားပါတယ် ဆရာ"

" ဪ"

" အထူးသဖြင့်တော့ မြန်မာစကားလုံးရှိရက်သားနဲ့ အဓိပ္ပာယ်တူတဲ့ နိုင်ငံခြားစကားလုံးတွေ ထည့်ထည့်သုံးနေကြတာ မသင့်တော်ဘူးဆိုတဲ့ အယူအဆကို တွေ့ရပါတယ် ဆရာ"

"ဟုတ်ပါတယ် ဆရာ။ အဲဒီပြဿနာနဲ့ပတ်သက်ပြီး ကျွန်တော်တို့ချင်း ငြင်းကြခုံကြပါတယ်။ မြန်မာစကားထဲကို နိုင်ငံခြားစကားလုံးတွေ ဝင်လာတာ ကောင်းတယ်၊ မကောင်းဘူးပေါ့။ နောက်ဆုံးတော့ ဆရာနဲ့တွေ့ပြီးမေးရရင် ဒီပြဿနာကို အားလုံးဘဝင်ကျသွားမှာဆိုပြီး လာခဲ့ကြတာပါ ဆရာ"

"အေး...အေး။ စိတ်ဝင်စားဖို့ကောင်းတဲ့ ပြဿနာတစ်ခုပါပဲ။ ဆရာလည်း အဲဒီစကားမျိုးကို မကြာခဏကြားရတယ်။ ကိုယ့်မှာ စကားလုံးရှိလျက်သားနဲ့ သူများဆီက စကားလုံးကို ယူဖို့လိုသလား၊ မလိုဘူးလားဆိုတဲ့ ပြဿနာပေါ့"

"ဟုတ်ကဲ့ပါ"

"ဒီတော့ တစ်ခုစဉ်းစားကြည့်ရအောင်။ အခု ဆရာတို့ပြောနေ၊ ရေးနေကြတဲ့ မြန်မာစကားထဲမှာ အဲဒီဘာသာခြားစကားလုံးတွေ ဝင်နေသလား၊ မဝင်ဘူးလား"

"ဝင်နေပါတယ် ဆရာ "

"ကဲ... သားတို့၊ သမီးတို့ သိသလောက်ပြောကြည့်စမ်းပါ။ ဘယ်ဘာသာစကားတွေထဲက စကားလုံးတွေ ဝင်နေသလဲ "

"သမီးပြောကြည့်ပါ့မယ် ဆရာ။ ပါဠိတို့၊ သက္ကတတို့ ရှေးကျတဲ့ ဘာသာစကားတွေထဲက စကားလုံးတွေ မြန်မာစကားထဲဝင်နေတာ ရှေးကတည်းကပါ။ ပုဂံကျောက်စာတွေ သင်ရတော့ မွန်ဘာသာထဲက စကားလုံးတွေလည်း ဝင်နေပြီလို့ သိရပါတယ် ဆရာ"

"ဟုတ်ကဲ့။ ကျွန်တော်လည်း ပြောကြည့်ပါ့မယ်။ မြန်မာစကားထဲမှာ ရှမ်းတို့၊ ကရင်တို့လို တိုင်းရင်းသားဘာသာစကားတွေထဲက စကားလုံးတွေလည်း ဝင်လာပါတယ်။ ကိုလိုနီခေတ်မှာတော့ အင်္ဂလိပ်စကားထဲကစကားလုံးတွေ အများဆုံးဝင်ပါတယ် ဆရာ"

"ဟုတ်ပါပြီ။ ကဲ... တစ်ခုလောက် လက်တွေ့ကြည့်ရအောင်။ သမီးရေ။ ဟိုစာအုပ်စင်ပေါ်က မြန်မာအဘိဓာန်စာအုပ် ယူလိုက်စမ်းပါ။ ဟုတ်ပြီ။ ဘယ်စာမျက်နှာမှာပါလိမ့်။ အဲ... တွေ့ပြီ။ အတိုကောက်လို့ ခေါင်းစဉ်တပ်ပြီး အဘိဓာန်မှာပါတဲ့ စကားလုံးအမျိုးအစားတွေကို အတိုကောက်ပြထားတာ ဒီမှာတွေ့တယ်မဟုတ်လား"

"တွေ့ပါတယ် ဆရာ"

"အဲဒီအတိုကောက်အမှတ်အသားတွေထဲမှာ ဘာသာခြားစကားနာမည်တွေလည်း ပါတယ်။ မြန်မာစကားထဲဝင်နေတဲ့ ဘာသာခြားစကားလုံးတွေကို အတိုကောက်ညွှန်းတာလေ။ နိုင်ငံခြားစကားတွေရော၊ တိုင်းရင်းသားစကားတွေရော ပါတယ်။ ကဲ... မင်းတို့ပဲ အဲဒီဘာသာခြားစကား နာမည်တွေကို ဖတ်ကြည့်ကြစမ်းပါ"

"ဟုတ်ကဲ့။ ဟာ 'ဂျပန်စကား'တဲ့ ဆရာ"

"ဂျိန်းဖော့စကားတဲ့။ ပြီးတော့ စပိန်စကားတဲ့"

"ဟာ- အများကြီးပဲ။ တမီလ်စကား၊ တရုတ်စကား၊ ထိုင်းစကား"

"ပြီးတော့ ဒပ်ချ်စကား၊ ပါဠိစကား၊ ပါရှင်စကား၊ ပေါ်တူဂီစကား"

"ဟာ- ပြင်သစ်စကားတဲ့၊ မရာဌီစကားတဲ့။ အိန္ဒိယပြည်က စကားထင်တယ်။ မလေးစကား၊ မွန်စကား၊ ရဝမ် စကားတဲ့"

"ရှမ်းစကား၊ အင်္ဂလိပ်စကား၊ သက္ကတစကား၊ သီဟိုဠ်စကား... တဲ့"

"ဟိန္ဒီစကားနဲ့ ဟိန္ဒူစတန်နီစကားလည်းပါတယ်"

"အာရဗီ စကားတဲ့၊ အီတလီစကားတဲ့။ ပြီးပါပြီ ဆရာ"

"ကဲ... ဒါ မြန်မာစကားထဲကို ဝင်နေတဲ့ ဘာသာခြားစကားတွေ မဟုတ်လား။ အစဉ်အဆက်ဝင်လာပြီး မြန်မာစကားထဲမှာ အသားကျနေတဲ့ စကားတွေလေ"

"ဟုတ်ကဲ့။ အများကြီးပဲနော် ဆရာ"

"နောက်တစ်ချက်စဉ်းစားကြည့်ဖို့က အဲဒီစကားတွေ မြန်မာစကားထဲကို ဘာကြောင့် ဝင်လာတယ်လို့ ထင်သလဲ"

"ဟုတ်ကဲ့။ အဲဒီစကားတွေကို ပြောတဲ့လူမျိုးတွေနဲ့ မြန်မာတွေနဲ့ ဆက်ဆံခဲ့ရလို့ သူတို့စကားတွေ မြန်မာစကားထဲဝင်လာတာလို့ ထင်ပါတယ် ဆရာ"

"ဟုတ်ပါတယ်။ အရင်းခံအကြောင်းကတော့ နိုင်ငံချင်း၊ လူမျိုးချင်း ဆက်ဆံရာကနေပြီး ဘာသာစကားချင်းလည်း ထိတွေ့ရတာပေါ့။ အဲဒီလို ဘာသာစကား ထိတွေ့မှု (Language contact) လို့ ဘာသာဗေဒပညာရှင်တွေက ခေါ်ကြတယ်။ အနီးစပ်ဆုံးက အိမ်နီးချင်းနိုင်ငံချင်း၊ လူမျိုးချင်းထိတွေ့တာပေါ့။ နောက်တော့ တစ်နိုင်ငံနဲ့ တစ်နိုင်ငံ စီးပွားရေးအရ၊ နိုင်ငံရေးအရ ယဉ်ကျေးမှုအရ စသည်ဖြင့်ပေါ့ ဆက်သွယ်မိရာက စကားလုံးတွေလည်း ဘာသာစကားတစ်ခုကနေ တစ်ခုထဲကို ဝင်လာတာဟာ သဘာဝပဲလေ"

"ဟုတ်ကဲ့ပါ ဆရာ"

"အဲဒီလို ဘာသာစကားချင်း ထိတွေ့ရာမှာ ဂုဏ်အရှိန်အဝါရှိတဲ့ ဘာသာစကားထဲက စကားလုံးတွေက တစ်ဖက်က ဘာသာစကားထဲကို များများဝင်တာပေါ့။ ဒါ သဘာဝပဲလေ။ ဆရာတို့ မြန်မာနိုင်ငံမှာ အဲဒီသာဓကတွေ အထင်အရှားရှိပါတယ်"

"ဟုတ်ကဲ့ပါ"

"အဲဒီလို ဂုဏ်ရှိန်ရှိတဲ့ ဘာသာစကားကို ဂုဏ်ရှိဘာသာစကား (prestige language) လို့ ခေါ်တယ်။ မြန်မာတွေက ဂုဏ်ရှိဘာသာစကားအဖြစ် အလေးအမြတ်ထားတဲ့ ဘာသာစကားနှစ်ခုရှိတယ်။ သိတယ်မဟုတ်လား"

"သိပါတယ် ဆရာ။ တစ်ခုက ပါဠိဘာသာစကားပါ"

"ပါဠိဘာသာစကားက မြန်မာတွေအတွက် ဘာကြောင့် ဂုဏ်ရှိဘာသာစကား ဖြစ်ရတာလဲ"

"ဗုဒ္ဓသာသနာထွန်းကားတော့ ဗုဒ္ဓစာပေတွေ ရေးထားတဲ့ ပါဠိဟာ ဘာသာရေးအရ ဂုဏ်ရှိဘာသာစကားဖြစ်တယ်လို့ ထင်ပါတယ်ဆရာ"

"နောက်တစ်ခုက အင်္ဂလိပ်ဘာသာစကားပါ ဆရာ။ မြန်မာနိုင်ငံကို ကိုလိုနီနိုင်ငံအဖြစ် သိမ်းယူအုပ်စိုးတဲ့ လူမျိုးရဲ့ ဘာသာစကားမို့ အင်္ဂလိပ်ဟာ နိုင်ငံရေးအရ ဂုဏ်ရှိတဲ့ ဘာသာစကားတစ်ခုပါပဲ ဆရာ"

"ဟုတ်ပါတယ်။ သားတို့သမီးတို့ ပြောတဲ့အတိုင်းပါပဲ။ ပါဠိစကားနဲ့ အင်္ဂလိပ်စကားဟာ မြန်မာနိုင်ငံမှာ ဂုဏ်ရှိဘာသာစကားတွေအဖြစ် အရေးပါခဲ့တာမို့ မြန်မာစကားထဲမှာ ပါဠိစကားတွေ၊ အင်္ဂလိပ်စကားတွေ အများကြီးဝင်ခဲ့တာပေါ့။ အခုဆိုရင် မြန်မာစကားစစ်စစ်နဲ့ မကွဲလောက်အောင် အသားကျနေပြီမဟုတ်လား"

"ဟုတ်ပါတယ် ဆရာ"

"အဲဒီလို ဝင်လာတဲ့ စကားလုံးတွေဟာ မြန်မာစကားစစ်စစ်မဟုတ်ပေမယ့် မြန်မာတွေက သားသမီးမွေးစားသလို မွေးစားထားတာမဟုတ်လား။ အဲဒီစကားလုံးတွေကို မွေးစားစကားလုံး (loan word) လို့ ခေါ်တာပေါ့"

"ဟုတ်ကဲ့ပါ ဆရာ"

"အရေးကြီးတဲ့အချက်တစ်ချက်က ဂုဏ်ရှိဘာသာစကားရဲ့စကားလုံးတွေကို ပြောဆိုသုံးနှုန်းရင် ဂုဏ်ရှိတယ်ဆိုတဲ့ အယူအဆလည်း တစ်ပါတည်း ပါလာတာလေ။ ဒါကြောင့် ရှေးတုန်းက မြန်မာတွေက ပါဠိစကားလုံးတွေ များများသုံးပြီး ပြောရင် ရေးရင် ဂုဏ်ရှိတယ်လို့ ယူဆကြတာပဲ။ ကိုလိုနီခေတ်မှာလည်း အင်္ဂလိပ်စကားလုံးတွေ များများသုံးပြီး ပြောနိုင်ဆိုနိုင်ရင် ဂုဏ်ရှိတယ်လို့ ခံယူကြတာပဲလေ"

"ဟုတ်ကဲ့ပါ ဆရာ"

"ဆရာ။ ခုခေတ်မှာရော အဲဒီဘာသာစကားတွေကို ကျွန်တော်တို့ မြန်မာတွေက ဘယ်လိုသဘောထားကြပါသလဲဆရာ"

"ရှေးတုန်းကတော့ ပါဠိဟာ ဘာသာရေးအရ ဂုဏ်ရှိဘာသာစကားတစ်ခုအဖြစ် အရှိန်အဝါကြီးတာပေါ့။ အခုခေတ်မှာတော့ ဗုဒ္ဓစာပေတွေကို ပါဠိကနေ မြန်မာဘာသာပြန်တဲ့ ဆောင်ရွက်ချက်တွေ ပိုများလာတော့ ပါဠိမတတ်ရင်လည်း ဗုဒ္ဓတရားတော်တွေကို သိဖို့လေ့လာဖို့ ပိုလွယ်လာတယ်လေ။ ဗုဒ္ဓဘာသာဆိုင်ရာ ဘာသာစကားအဖြစ် အရင်ကလောက် အရှိန်အဝါဩဇာမကြီးတော့ပေမယ့် ဗုဒ္ဓဘာသာဝင်တွေ လေးစားတဲ့ ဘာသာစကားတစ်ခုအဖြစ် ရပ်တည်နေဆဲပါ"

"ဟုတ်ကဲ့။ အင်္ဂလိပ်ဘာသာစကားကရော ဆရာ"

"အင်္ဂလိပ်ဘာသာစကားက တစ်ချိန်က အုပ်စိုးသူတို့ရဲ့ဘာသာစကားအဖြစ် ဂုဏ်ရှိန်ကြီးခဲ့တယ်လေ။ ခုခေတ်မှာတော့ အုပ်စိုးသူရဲ့ဘာသာစကားဆိုတဲ့ အမြင်မျိုးထက် ကမ္ဘာသုံးဘာသာစကားဆိုတဲ့ အမြင်မျိုးက ပိုထင်ရှားနေပြီလေ။ ကမ္ဘာသုံး ဘာသာစကားတစ်ခုအနေနဲ့ ဂုဏ်အရှိန်အဝါရှိနေတုန်းပဲလို့ ဆိုနိုင်ပါတယ်"

"ဟုတ်ကဲ့ပါ ဆရာ။ တခြားဘာသာစကားတွေနဲ့ ထိတွေ့မှုကရော ဘာကြောင့် ဖြစ်လာတာပါလဲ ဆရာ"

"ခုနပြောသလို နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးစတဲ့ ကိစ္စတွေနဲ့ နိုင်ငံချင်း၊ လူမျိုးချင်း ဆက်သွယ်ရာကနေပြီး မြန်မာစကားထဲကို အဲဒီဘာသာခြားစကားလုံးတွေ မွေးစားစကားလုံးအဖြစ် ဝင်လာတာပဲပေါ့ကွယ်။ မြန်မာ့သမိုင်းကို ပြန်လေ့လာရင် ဘယ်ခေတ်မှာ ဘယ်နိုင်ငံတွေနဲ့ ဆက်ဆံခဲ့တယ်ဆိုတာ တွေ့ရမှာပေါ့။ အဘိဓာန်မှာ အတိုကောက်ပြထားတဲ့ ဘာသာစကားတွေဆိုရင် မြန်မာနိုင်ငံနဲ့ တစ်ချိန်မဟုတ် တစ်ချိန်မှာ ဆက်ဆံခဲ့ရတဲ့ နိုင်ငံတွေပဲလေ။ ပေါ်တူဂီတို့၊ ဒတ်ချ်တို့နဲ့ ကုန်အရောင်းအဝယ်လုပ်တဲ့ခေတ်မှာ သူတို့စကားတွေ ဝင်လာမှာပေါ့။ အရှေ့ဘက်က ထိုင်းနိုင်ငံကို စစ်ချီတော့လည်း ထိုင်းစကားတွေ ဝင်လာမှာပေါ့။ ကင်းဝန်မင်းကြီးတို့ သံအဖွဲ့ အင်္ဂလန်တို့၊ ပြင်သစ်တို့သွားတော့လည်း အဲဒီလိုပဲ အင်္ဂလိပ်စကားတွေ၊ ပြင်သစ်စကားတွေ ရလာမှာပေါ့။ အဲဒီစကားတွေထဲက အသုံးမတွင်တဲ့ စကားတွေကတော့ ပျောက်သွားမှာပေါ့။ အသုံးတွင်တဲ့ စကားတွေကို ဆက်သုံးရင်း မြန်မာစကား နယ်ပယ်ထဲမှာ ဘာသာခြား မွေးစားစကားလုံးတွေ တိုးပွားလာတာပေါ့ကွယ်။ ကဲ... နားရအောင်"

# ယနေ့ ဈေးကွက်ပေါက်ဈေးများ

၆-၇-၂၀၁၈

### ရွှေ

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၃၉၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၈၃၇၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၃၉၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၈၃၈၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

### စက်သုံးဆီ

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၉၀၀/၉၁၅ ကျပ် | ၉၄၅/၉၇၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၉၁၅/၉၃၀ ကျပ် | ၉၅၅/၉၈၀ ကျပ် |
| အောက်တိန်း ၉၂ | ၈၆၅/၈၉၀ ကျပ် | ၉၃၅/၉၆၀ ကျပ် |
| အောက်တိန်း ၉၅ | ၉၁၅/၉၄၀ ကျပ် | ၉၈၅/၁၀၁၀ ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

### နိုင်ငံတကာ ငွေကြေးများ

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် ၁၃၉၈ ・ ၀ |
| ဥရောပ | တစ်ယူရို | ကျပ် ၁၆၃၄ ・ ၆ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် ၁၀၂၄ ・ ၆ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် ၁၈၄၇ ・ ၇ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် ၁၂၆၃ ・ ၂ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် ၁၀၃၃ ・ ၂ |
| တရုတ် | တစ်ယွမ် | ကျပ် ၂၁၀ ・ ၆၄ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် ၂၀ ・ ၂၉၆ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် ၁၂၄ ・ ၈၆ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် ၃၄၅ ・ ၇ |
| ထိုင်း | တစ်ဘတ် | ကျပ် ၄၂ ・ ၁၂၁ |

(ဗဟိုဘဏ်ပေါက်ဈေး ဖြစ်ပါသည်)

ခင်ရတနာ-စုစည်းသည်။


# ပြည်သူများသို့ အသိပေးနှိုးဆော်ချက်

နိုင်ငံတော်အစိုးရ၏ လူမှုကာကွယ်စောင့်ရှောက်ရေး ငွေကြေးထောက်ပံ့မှု အစီအစဉ်များတွင် အကျုံးဝင်ပါလျက်နှင့် အချိန်မီမရရှိလျှင်သော်လည်းကောင်း၊ ကလေးသူငယ်များနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများနှင့် ပတ်သက်၍သော်လည်းကောင်း၊ သတင်းပေးတိုင်ကြားလိုပါက အောက်ဖော်ပြပါ **Help Line** တယ်လီဖုန်းနံပါတ်များသို့ (၂၄ )နာရီ တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်- ၀၆၇-၄၀၄၂၂၂၊ ၀၆၇-၄၀၄၉၉၉

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

လူမှုဝန်ထမ်းဦးစီးဌာန



မြန်မာ့အလင်း

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| စာတည်းမှူး(တာဝန်) | - | ဝင်းကျော် |
| စာတည်းမှူး | - | မြင့်ဆွေ (သတင်းထောက်ချုပ်) |
| စာတည်းများ | - | မြင့်စိုး၊ ကြည်ဝင်း၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့် |
| အကြီးတန်းသတင်းထောက်များ | - | ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး (ခတ်ပုံ)၊ မြတ်မွန်ထွေး |
| အငယ်တန်းသတင်းထောက်များ | - | တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |

**Gmail** mmalin.npt @ gmail.com,

**Facebook** www. facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၀၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၀၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၀၄၆၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၀၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၀၄၈၊ **ဖြန့်ချိရေး** ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR DigitalNews Presented by NPE www.mdn.gov.mm

# မည်သူ့ကိုမျှလည်း ဝေဖန်မှုပြုလုပ်သွားမည်မဟုတ်ကြောင်း ဇေရဲထက်ပြောကြား

**ကိုလင်း**



ရွှေရေးထင်ထင်က ဒါရိုက်တာအဖြစ် ရိုက်ကူးဖန်တီးထားသည့် ရာဇဝင်ရိုင်းခဲ့သည်ဇာတ်ကား၌ သရုပ်ဆောင်ခဲ့ရာတွင် ဝေဖန်မှုများ ကြောင့် စိုးရိမ်စိတ်မဖြစ်ပေါ်ဟု ဇေရဲထက်က တုံ့ပြန်ခဲ့သည်။ ယင်းဇာတ်ကားသည် ယခုလ ၆ ရက်တွင် ရုံတင်ပြသမည်ဖြစ်ပြီး လိင်တူချစ်သူထားရှိခြင်းအတွက် ပညာပေးဇာတ်ကားတစ်ခုလည်းဖြစ်ကြောင်း သိရသည်။

“ရိုက်တဲ့အချိန်မှာ ဇာတ်ကောင်စရိုက်ကိုပဲ ကျွန်တော်ကြိုးစားသရုပ်ဆောင်တာ။ ပညာပေးဖြစ်လို့လည်း စိတ်ဝင်စားတယ်။ အိမ်ထောင်စုတိုင်း၊ မိသားစုတိုင်းမှာဖြစ်တတ်ပြီး ပညာရတဲ့ ကားလေးတစ်ကား ဖြစ်တယ်လို့လည်း ထင်ပါတယ်” ဟု ၎င်းက ပြောသည်။

ထဘီကျွတ်၍ လွတ်လိုက်သည် ဇာတ်ကားတွင်လည်း သရုပ်ဆောင်ကြေးများမှာ ပြန်လည်အသုံးပြုဝတ်ဆင်ရသည့် ဖက်ရှင်အတွက်ပင် အများဆုံးအကုန်အကျခံခဲ့ရကြောင်း၊ အနုပညာသမားတစ်ဦးဖြစ်ခြင်းကြောင့် ကျရာဇာတ်ကောင်စရိုက်အပေါ် ပီပြင်စွာသရုပ်ဆောင်ရန်သာ ရည်စူးကြောင်း ဇေရဲထက်က ပြောကြားသည်။

“ဘယ်နေရာဖြစ်ဖြစ် ဝေဖန်မှုဆိုတာကတော့ ကြုံနေရတာပဲ။ ဇာတ်ကားအတော်များများလည်း ဝေဖန်ခံကြရတာပါပဲ။ ကျွန်တော်ကတော့ ဒီဇာတ်ကားအပေါ်မှာလည်း ဝေဖန်စရာမရှိသလို ဝေဖန်ကြသူတွေကိုလည်း ဘာမှ ပြောလိုတာမရှိပါဘူး။ အဓိကကတော့ ကျရာဇာတ်ရုပ်ကို ပီပြင်အောင် သရုပ်ဆောင်ဖို့ သရုပ်ဆောင်ရဲ့အလုပ်လို့ သတ်မှတ်ပါတယ်” ဟု ပြောကြားသည်။




## စိတ်ရောဂါသည်တစ်ဦးကို အကြောင်းပြုပုံဖော်ခဲ့သည့် သာဒီးလူ၏ “ကျွန်တော်ရှူးနေသည်” စီးရီးဖြန့်ချိမည်

**ကိုလင်း**

ပရိသတ်အား အတွေးဆန်းဆန်းများဖြင့် ဖွဲ့စည်းထားသည့် သီချင်းသစ်များ မိတ်ဆက်ပေးတတ်သော သာဒီးလူက ဒုတိယမြောက် တေးစီးရီး “ကျွန်တော်ရှူးနေသည်” တစ်ကိုယ်တော်ခွေကို ဘိုဘိုမြူးဇစ် တေးထုတ်လုပ်ရေးမှ ယခုလ ၇ ရက်တွင် စတင်ဖြန့်ချိသွားမည်ဖြစ်ကြောင်း သိရသည်။

“ဒီအခွေကို လွန်ခဲ့တဲ့တစ်နှစ်လောက်က စိတ်ကျန်းမာရေးနည်းနည်းချို့ယွင်းနေတဲ့ သူတစ်ဦးနဲ့ဆုံပြီး စကားပြောဖြစ်ခဲ့တယ်။ ဒီလိုနဲ့ ကျွန်တော့်ရဲ့ ဒီအခွေလေး ဖြစ်လာတာပါ။ ဒီအခွေလေးက ပထမအခွေတုန်းကလို ဒဿနပိုင်းသီးသန့်တော့လည်း မဟုတ်ပါဘူး။ သီချင်းထဲက စာသားတွေအကြောင်းရော၊ ပုံစံတွေ အားလုံးကို ခံစားတဲ့အခါ အရူးတစ်ယောက်လို ခံစားနိုင်ပါတယ်။ ကျွန်တော်မှန်မယ်ထင်တာတွေက အခြားသူတွေအတွက် မှန်ချင်မှလည်း မှန်ပါမယ်။ အဓိကကတော့ အကြိုက်ချင်းက မတူနိုင်လို့ပါ။ ပထမအခွေနဲ့ ဒုတိယအခွေ ဘာတွေကွာခြားသလဲဆိုရင် ပထမအခွေတုန်းက ရောင်းမကောင်းခဲ့ဘူး။ မရောင်းရဘူး။ ဒါကြောင့်လည်း ဒုတိယအခွေထုတ်ဖို့ အချိန်တွေအများကြီးကြာသွားတယ်။ သီချင်းတွေအားလုံးက ကျွန်တော်မွေးဖွားထားတဲ့ သားသမီးတွေလိုပဲ” ဟု သာဒီးလူက ပြောသည်။

အဆိုပါတေးစီးရီးတွင် တေးသီချင်းပေါင်း ၁၃ပုဒ်ခန့် ပါဝင်ပြီး သီချင်းများကို ဂျေမီနှင့် သာဒီးလူတို့ ရေးသားထားကြသည့် ရော့ခ်သီချင်းများဖြစ်ကြောင်း သိရသည်။

## ဖြူဖြူကျော်သိန်း၏ မီနီသီချင်းခွေငယ် မကြာမီနားဆင်ရမည်

ပရိသတ်ကြီးနှင့် ကင်းကွာနေမှုမဖြစ်လိုသည့်အတွက် တစ်ကိုယ်တော် မီနီသီချင်းခွေကို ထုတ်လုပ်သွားမည်ဖြစ်ကြောင်း ဂီတအပြင် ဖျော်ဖြေမှုများတွင်လည်း အသွင်ထူးအောင်မြင်သူ ဖြူဖြူကျော်သိန်းက ပြောကြားသည်။

“လက်ရှိမှာ ကျွန်မက New Project Phyucifer ဆိုပြီး လုပ်နေတာရှိပါတယ်။ အဲဒီမှာ ပရိသတ်ကြိုက်ဖို့ ၉၀ ရာခိုင်နှုန်းသေချာတဲ့ သီချင်းတွေကိုပဲ ရွေးပြီးဆိုနေမယ်။



ပြီးတော့ အဲဒီအဆိုတော်ဟာ အနုပညာအားဖြင့် မစွန့်စားရဲဘူး၊ ဘာမှ တိုးတက်ပြောင်းလဲမှုမရှိဘူးဆိုရင် တာဝန်မကျေတဲ့ အဆိုတော်လို့ ထင်ပါတယ်။ ဒါကြောင့် ပရိသတ်အပေါ် တာဝန်ကျေတဲ့ အဆိုတော် ဖြစ်ချင်ပါတယ်။ ပရိသတ်ကြိုက်စေမယ့် သီချင်းတွေကိုလည်း ဆက်တိုက်သီဆိုသွားဖို့ ရှိပါတယ်” ဟု ဖြူဖြူကျော်သိန်းက ပြောကြားသည်။ **ကိုလင်း**

# အနုပညာသမားများပြောစကားနှင့် အနုပညာရပ်ဝန်းသတင်းတိုများ

မြန်မာ့အလင်းသတင်းစာအနုပညာကဏ္ဍမှတစ်ဆင့် စာဖတ် ပရိသတ်များအတွက် အပတ်စဉ် ဗုဒ္ဓဟူးနှင့် စနေနေ့တိုင်း အနုပညာသတင်းများကို တင်ဆက်လျက်ရှိရာ ယခုသီတင်းပတ်အတွင်း အနုပညာရှင်များ၏ ပြောစကားများနှင့် ဖြတ်သန်းမှု အချို့ကိုလည်း ဖော်ပြလိုက်ပါသည်-



**ရဲတိုက်က ပရိသတ်ကြီးကိုကြည့်စေချင်**

“အခုအချိန်မှာ ပရိသတ်တောင်းဆိုတဲ့ ပုံစံလေးတွေကိုပဲ ကျွန်တော်သရုပ်ဆောင်မယ်။ ပြန်ပြီးသရုပ်ဆောင်လောကထဲ အခြေချဖို့ တစ်လလောက်ပြင်ဆင်ခဲ့ရတယ်။ ဒဏ္ဍာရီမိုးကို ကြည့်စေချင်တယ်။ ရွှေထူးနဲ့ ဝတ်မှုန်ရွှေရည်တို့နဲ့အတူ သရုပ်ဆောင်ထားတယ်။ သရုပ်ဆောင်ဘဝနဲ့ နေသားမကျသေး၊ စိမ်းနေသေးတာမို့ လိုအပ်ချက်တွေရှိနိုင်ပေမယ့် ပရိသတ်ကြီးကို ကြည့်စေချင်တယ်” ဟု ရဲတိုက်က မြန်မာ့အလင်းပရိသတ်ကြီးကို ပြောကြားခဲ့သည်။

**အကယ်ဒမီနေတိုးက မြန်မာ့ရုပ်ရှင်လောကအတွက် အုတ်တစ်ချပ်ဖြစ်လို**

“ကျွန်တော့်ရဲ့ Story Book ရုပ်ရှင်စတူဒီယိုကို ဖွင့်လှစ်နိုင်ခဲ့ပါပြီ။ ဒါက ကျွန်တော့်ရဲ့အိပ်မက်၊ ဒါကိုသုံးနှစ်ကျော်ပြင်ဆင်ခဲ့တာ။ ရုပ်ရှင်လောကသားတွေ



အတွက် လိုအပ်တာမို့ ဒီထက်ပိုပြီး ဖြည့်ဆည်းကြည့်ချင်တယ်။ ပြည်ပအထိ ကျွန်တော်တို့ သွားစရာမလိုဘဲ ပြည်တွင်းရုပ်ရှင်လောက နည်းပညာကို ကြိုးစားဖြည့်တင်းပြီး အုတ်တစ်ချပ်ဖြစ်ဖြစ် လုပ်ပေးချင်တယ်” ဟု အကယ်ဒမီနေတိုးက ပြောကြားလိုက်သည်။

**ဗီဒီယိုလောကကျဆင်းလာသည်ကို ဟိန်းဝေယံ စိုးရိမ်စိတ်ပူ**

“ဒါရိုက်တာအဖြစ်နဲ့ မရဏဂြိုဟ်ဆိုတာကို ရိုက်ကူးနေပါတယ်။ ရိုက်ချင်တဲ့ ဇာတ်ကားတွေတော့ အများကြီးပဲ။ ကျွန်တော်စိတ်မကောင်းတာက ဗီဒီယိုလောကက ဈေးကွက်သိသိသာသာ ပျက်စီးသွားခဲ့ပြီ။ ဒါကိုတော့ တော်တော်လေးစိုးရိမ်မိတယ်” ဟု ပြောကြားသည်။

**အော်နံဆိုင်း ရုပ်ရှင်ရိုက်ကူးတော့မည်**

မော်ဒယ်လ်တစ်ဦးအဖြစ် အောင်မြင်ခဲ့သူ အော်နံဆိုင်းက “နိုင်ငံကြီးသား” ရုပ်ရှင်ဇာတ်ကားကို စတင်ရိုက်ကူးနေပြီဖြစ်ပြီး တိုင်းရင်းသူမို့ စကားပြောသည့်အပိုင်းကို သူကစိုးရိမ်လျက်ရှိသည်။

သရုပ်ဆောင်မှု ပထမဆုံးဖြစ်ခြင်းကြောင့် စိတ်လှုပ်ရှားသကဲ့သို့ အားလုံးဝိုင်းဝန်းဖေးမကြသည့်အတွက်လည်း စိတ်သက်သာရာရကြောင်း ပြောကြားခဲ့သည်။

**ကိုလင်း**



အကြံပြု ဆွေးနွေးခြင်း လုပ်ငန်းစဉ် အကောင် အထည်ဖော် လျက်ရှိသည့် CSR ဝန်ထမ်းများက ဒေသခံတစ်ဦး အား တွေ့ဆုံ ဆွေးနွေးစဉ်။

*စာမျက်နှာ ၁၆ မှ*

"မြန်မာနိုင်ငံမှာ အကြံပြုဆွေးနွေးခြင်းလုပ်ငန်းစဉ်ကို စတင်အသုံးပြုခဲ့တဲ့ ကုမ္ပဏီတွေထဲက တစ်ခုကတော့ MPRL E&P ဖြစ်ပါတယ်။ ကျွန်မသိသလောက်ဆိုရင် Total တို့ Shell တို့မှာ လုပ်ကိုင်နေသလို မြန်မာနိုင်ငံမှာတော့ ပထမဆုံးဖြစ်ပါတယ်။ MPRL E&P ရဲ့ စိတ်ဝင်စားစရာကောင်းတဲ့အချက်က ဒေသခံလူထုနဲ့ နှစ်ပေါင်းများစွာ အလုပ်အတူလုပ်နိုင်မယ့်ပုံစံနဲ့ စမ်းသပ်ဆောင်ရွက်တာဖြစ်ပါတယ်။ စေတနာ့ဝန်ထမ်းတွေရဲ့ကွန်ရက်ဖွဲ့ဆောင်ရွက်ချက်အပေါ်မှာ အခြေခံထားပြီး ကုမ္ပဏီအပေါ်မှာ စနစ်တကျတုံ့ပြန်နိုင်ဖို့ ဆောင်ရွက်ထားတာဖြစ်ပါတယ်။ ဒီလို တုံ့ပြန်မှုတွေမှာ ဆွေးနွေးလိုသူတွေ ပါဝင်ဖို့က အရေးကြီးပြီးတော့ သူတို့အသံကို နားထောင်ပေးတာက ဖြေရှင်းချက်အပေါ် ယုံကြည်မှုတွေလည်း ဖြစ်ပေါ်စေပါတယ်"ဟု Institute for Human Rights and Business (IHRB) နှင့် the Danish Institute for Human Rights (DIHR)တို့ ပူးပေါင်းဆောင်ရွက်မှုဖြင့် ဖွဲ့စည်းထားသည့် မြန်မာ့စီးပွားရေးကဏ္ဍ တာဝန်ယူမှုရှိရေး အထောက်အကူပြုဌာန (Myanmar Centre for Responsible Business- MCRB) ၏ ဦးဆောင်သူ Ms. Vicky Bowman က ဆိုသည်။

**အသိပညာဖွံ့ဖြိုးမှုမြှင့်တင်ရေးလှုပ်ရှားမှု**

လုပ်ငန်းဆိုင်ရာ ကနဦးချဉ်းကပ်ဆောင်ရွက်မှုများတွင် သက်ဆိုင်ရာ အစိုးရအဖွဲ့အစည်းများနှင့် ဒေသခံများအကြား နားလည်လက်ခံမှု၊ ယုံကြည်မှုနှင့် အကြံပြုဆွေးနွေးခြင်းလုပ်ငန်းစဉ်၏ အကျိုးကျေးဇူးများကို မြင်သာအောင် ရှင်းလင်းတင်ပြနိုင်ခဲ့ပြီး ဒေသခံများအကြား လုပ်ငန်းစဉ်ဆိုင်ရာ အခြေခံအချက်အလက်များနှင့် ထိရောက်မှုများကို မျှဝေပေးသည့် အသိပညာဖွံ့ဖြိုးမှု မြှင့်တင်ရေးလှုပ်ရှားမှု ( OGM Awareness Raising Campaign) ကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် စတင်ဆောင်ရွက်ခဲ့သည်။ ကျေးရွာပေါင်း ၁၄ ရွာ ရှိ ဒေသခံ လူဦးရေ ၈၅၅ ဦးကို အကြံပြုဆွေးနွေးခြင်းလုပ်ငန်းဆိုင်ရာ အချက်အလက်များ လွှမ်းခြုံနိုင်ခဲ့ပြီး ဒေသခံများ၏ နားလည်လက်ခံမှုလည်း မြင့်တက်လာခဲ့သည်။

*(ဆက်လက်ဖော်ပြပါမည်)*

## နေပြည်တော်လျှပ်စစ် ပညာသင်ထောက်ပံ့ပေးအပ်

**နေပြည်တော် ဇူလိုင် ၆**

ပြည်ထောင်စုနယ်မြေ နေပြည်တော် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း ၂၀၁၈-၂၀၁၉ ပညာသင်နှစ်အတွက် ဝန်ထမ်းသား၊ သမီးများအား ပညာသင်ထောက်ပံ့ငွေ ချီးမြှင့်ခြင်းနှင့် ၂၀၁၇-၂၀၁၈ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲ အောင်မြင်သူများအား ပညာသင်ထောက်ပံ့ငွေချီးမြှင့်ပွဲကို ဇူလိုင် ၄ ရက်က ပြည်ထောင်စုနယ်မြေ အင်ဂျင်နီယာချုပ်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် နေပြည်တော် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ အင်ဂျင်နီယာချုပ် ဦးကိုကိုနိုင်က ပညာသင်ထောက်ပံ့ငွေနှင့် ပစ္စည်းများပေးအပ်ချီးမြှင့်ရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး အင်ဂျင်နီယာချုပ် ဦးကိုကိုနိုင်က မူလတန်းကြိုအဆင့်မှ တက္ကသိုလ်အဆင့်အထိ ပညာသင်ကြားလျက်ရှိသော ကျောင်းသား ကျောင်းသူ ၂၅၅ ဦးကို ပညာသင်ထောက်ပံ့ငွေနှင့် ပစ္စည်းများကို ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။

**မြန်မာ့အလင်း**



## မိုင်းခတ်၌ အထက်တန်းကျောင်းအဆင့် တိုးမြှင့်ဖွင့်လှစ်

**ဗန်းမော် ဇူလိုင် ၆**

ကချင်ပြည်နယ် မိုးမောက်မြို့နယ် မိုင်းခတ်ကျေးရွာတွင် ဇူလိုင် ၅ ရက်က အခြေခံပညာအထက်တန်းကျောင်း(ခွဲ)အဆင့်မှ အခြေခံပညာအထက်တန်းကျောင်း အဆင့်သို့ အဆင့်တိုးမြှင့်ဖွင့်လှစ်ပွဲကျင်းပရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာခွန်ဝင်းသောင်းနှင့် ဗန်းမော်ခရိုင်ပညာရေးမှူး ဦးကျော်သူတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ဗန်းမော်ခရိုင်ပညာရေးမှူး ဦးကျော်သူနှင့် မိုးမောက် မြို့နယ်ပညာရေးမှူး ဒေါ်ရွှယ်အောန်တို့က ပညာရေးဆိုင်ရာကိစ္စရပ်များကို ရှင်းလင်းဆွေးနွေးပြောကြားသည်။ ထို့နောက် အထက မိုင်းခတ် ကျောင်းအုပ်ဆရာမကြီး ဒေါ်ရွှယ်ဂရောင်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။

**ခရိုင်(ပြန်/ဆက်)**


### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄၀ဃ/၉၀၁၅ New Anbo 125 M/C ယာဉ်လက်ဝယ်ရှိသူ ဦးပါတ်လှေနင်း ၄/ဖလန(နိုင်)၀၀၄၈၈၁ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ရုံး (ဟားခါး)**

### ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၄၀ယ/၈၈၇၈၊ Kenbo 125 ယာဉ်လက်ဝယ်ရှိသူ ဦးလာလ်ရွတ်ဆန်း ၄/ဖလန(နိုင်)၀၄၃၂၃၂ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ရုံး (ဟားခါး)**

**သင့်သွေးဖြင့် အသက်ကယ်ပါ**

**ဖခင်အမည်မှန်**

ဦးလွယ်၏သား သံဖြူဇရပ်မြို့ အထက(၁) တက္ကသိုလ်ဝင်တန်းမှ မောင်ဝေယံအောင်၏ ဖခင်အမည်မှန်မှာ ဦးဟလွယ် ၁၀/သဖရ(နိုင်)၀၃၃၈၅၃ ဖြစ်ပါကြောင်း။

**ဦးဟလွယ်**

### ဖခင်အမည်မှန်

သံတွဲမြို့နယ်၊ ကညင်ကွင်းကျေးရွာအုပ်စု၊ လေအိမ်စုရွာနေ မောင်စည်သူအောင်၊ မချစ်သီရိအောင် (သတ္တမတန်း၊ အထက၊ ကျောက်ကြီး)တို့၏ ဖခင် ဦးစိန်သာအောင်၏ အမည်မှန်မှာ ၁၁/သတန(နိုင်)၀၈၉၉၀၃ အရ ဦးဘကြည်ဖြစ်ပါသည်။

**ဦးဘကြည်**

### သန္ဓာအစိဋ္ဌာန်ပြု ရောဂါပြန်သက်တော်ရှည်ဆေး

(ဆေးနည်းစာအုပ်)

မယ်နဲ့မောင်စာပေ၊ ဖုန်း ၂၄၃၆၁၄၊ ၀၉ ၅၁၅၃၆၄၀

City Mark ဆိုင်များနှင့် စာအုပ်ဆိုင်ကြီးများတွင်မေးဝယ်ပါ။

### အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့နေ ဒေါ်အေးရတနာစိုး ၁၁/ဂမန(နိုင်)၀၄၉၇၅၆၏လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

အထက်အမည်ပါရှိသူ ဒေါ်အေးရတနာစိုးသည် လူမှုကွန်ရက်စာမျက်နှာ Facebook တွင် Aye Yadanar Soe အမည်ဖြင့် လေလံမဲစုခြင်း၊ ဝယ်ခြင်း၊ ရောင်းခြင်းများကို လုပ်ကိုင်ခဲ့ရာ ၄င်းထံမှ ငွေကြေးမြောက်မြားစွာ လိမ်လည်ရယူသွားသူများမှ ပြန်လည်ပေးဆပ်ခြင်းမရှိသည့် အတွက် အခက်အခဲများစွာဖြစ်နေရကြောင်း ဒေါ်အေးရတနာစိုး၏ပြောပြချက်အရ သိရှိရပါသည်။ ထိုကဲ့သို့ ငွေကြေးအခက်အခဲကြုံတွေ့နေရသော်လည်း ရရန်ရှိသူများအား ပြန်လည်ပေးဆပ်နိုင်ရန် တစ်ဖက်တွင် ငွေကြေးရှာဖွေနေခြင်း၊ ဒေါ်အေးရတနာစိုးမှ ၄င်းရရန်ရှိသူများထံ ဥပဒေနှင့်အညီတောင်းခံခြင်းတို့ကိုလည်း အမြန်ဆုံးဆောင်ရွက်နေပါသည်။ ထို့ကြောင့် ဒေါ်အေးရတနာစိုးမှ ၄င်းအနေဖြင့် ငွေကြေးရှာဖွေရန် အချိန်အတိုင်းအတာတစ်ခု လိုအပ်ကြောင်း ပြောပြလာသည်ကိုလည်း ထပ်မံသိရှိရပါသည်။

သို့အတွက် ဒေါ်အေးရတနာစိုးမှ ငွေရရန်ရှိသူများကို ၁-၂-၂၀၁၉ရက်မှစတင်၍ တစ်ဖက်မှ ၄င်းရရန်ရှိသည့်ငွေများ ပြန်လည်ရရှိပါက ၄င်းပေးဆပ်ရန်ရှိသူများကို အပြေအကျေပြန်လည်ပေးဆပ်သွားမည်ဖြစ်ကြောင်း ၄င်း၏ဝန်ခံကတိပြု ပြောပြချက်အရ အသိပေးကြေညာအပ်ပါသည်။ ဒေါ်အေးရတနာစိုးအနေဖြင့် ရရန်ငွေများမှာ ငွေကျပ်သိန်း(၁၅၀၀)ကျော်ရှိသည့်အတွက် အဆိုပါငွေများကို အချိန်တိုအတွင်းပြန်လည်ရရှိရန် မလွယ်ကူသည့်အပြင် ဥပဒေနှင့်အညီတောင်းခံနေသောကြောင့် အချိန်ကာလအားဖြင့် အတော်အတန်ကြာမြင့်မည်ဖြစ်သည်ကိုသိရှိလျက်နှင့် လူမှုရေးအရစောင့်ဆိုင်းခြင်းမရှိဘဲ ဒေါ်အေးရတနာစိုးထံသို့လာရောက်ပြီး အတင်းအကျပ်ငွေယုံကြည်အပ်နှံခြင်းဖြစ်ကြောင်း ဟန်ဆောင်စာချုပ် ချုပ်ဆိုခိုင်းခြင်း၊ နေအိမ်သို့ ခွင့်ပြုချက်မရှိဘဲ လာရောက်ခြင်း(သို့မဟုတ်)ဝင်ရောက်ခြင်း၊ ဒေါ်အေးရတနာစိုးအား ကြောက်လန့်စေရန် ခြိမ်းခြောက်ခြင်း၊ မလျော်ညီဇာသုံးခြင်းတို့အပြင် ဒေါ်အေးရတနာစိုးနှင့် ပြုလုပ်ထားသည့်ကိစ္စရပ်များကို မည်သို့မျှ သက်ဆိုင်ခြင်းမရှိသည့် ၄င်း၏မိသားစုဝင်များအား ဂုဏ်သိက္ခာထိခိုက်စေရန် လူမှုကွန်ရက်စာမျက်နှာတွင်သော်လည်းကောင်း၊ ၄င်းနေထိုင်ရာဒေသတွင်သော်လည်းကောင်း ပုတ်ခတ်စော်ကားခြင်းများပြုလုပ်ပါက တည်ဆဲဥပဒေများအရ မလွဲမရှောင်သာ ထိထိရောက်ရောက် တရားစွဲဆိုဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းလည်း သိစေအပ်ပါသည်။

သို့ဖြစ်ပါ၍ အထက်၌ ဖော်ပြထားသည့်အတိုင်း ဒေါ်အေးရတနာစိုးမှ ပေးဆပ်ရန်အတွက် ဝန်ခံကတိပြုပြောကြားထားပြီးဖြစ်ပါသောကြောင့် ဒေါ်အေးရတနာစိုးနှင့် တွေ့ဆုံညှိနှိုင်းလိုပါက ကျွန်ုပ်ထံသို့ဖြစ်စေ ကျွန်ုပ်၏အမှုသည် ဒေါ်အေးရတနာစိုးထံသို့ဖြစ်စေ မိမိတို့၏စာရင်းဇယားများနှင့် ဆက်သွယ်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။ အကယ်၍ ဒေါ်အေးရတနာစိုးအပေါ်တွင် ဥပဒေမဲ့လုပ်ဆောင်သူမည်သူ့ကိုမဆို တည်ဆဲဥပဒေများအရ တရားတထုံးစွဲဆိုသွားမည်ဖြစ်ကြောင်း ထပ်လောင်းအသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ချက်အရ-

**ဦးနေစည်သူဇော်**
**(LL.B)၊ အထက်တန်းရှေ့နေ(စဉ်-၄၇၃၄၆)**
**အမှတ်(၃၁၀/က)၊ အောင်ရတနာလမ်း၊ ကြီးပွားရေးရပ်ကွက်၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၉-၂၆၅၀၂၅၂၁၉**

### ရန်ကုန်စီးပွားရေးတက္ကသိုလ် မဟာဘွဲ့သင်တန်း ဝင်ခွင့်လျှောက်လွှာခေါ်ယူခြင်း ကြေညာချက်

၁။ ရန်ကုန်စီးပွားရေးတက္ကသိုလ်၏ ၂၀၁၈-၂၀၁၉ ပညာသင်နှစ်အတွက် ဖွင့်လှစ်မည့် အောက်ပါမဟာဘွဲ့သင်တန်းသို့ ဝင်ခွင့်လျှောက်ထားနိုင်သည်-

- ဘဏ်လုပ်ငန်းနှင့် ဘဏ္ဍာရေး ပညာမဟာဘွဲ့(Master of Banking and Finance-MBF)

၂။ အဆိုပါ မဟာဘွဲ့သင်တန်းများအတွက် အောက်ပါအရည်အချင်းများနှင့် ကိုက်ညီသူများလျှောက်ထားနိုင်ပါသည်-

(က) အသိအမှတ်ပြု တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီးသူ ဖြစ်ရမည်။
(ခ) ဘဏ်လုပ်ငန်း(သို့) ဘဏ္ဍာရေးဆိုင်ရာလုပ်ငန်းခွင်(အလယ်အလတ်အဆင့် စီမံခန့်ခွဲမှု)၊ အတွေ့အကြုံ(လုပ်သက်)အနည်းဆုံး(၂)နှစ်ရှိသူ ဖြစ်ရမည်။
(ဂ) တက္ကသိုလ်တစ်ခုခုတွင် အခြားသင်တန်းတစ်ခုခုတက်ရောက်နေသူ မဖြစ်စေရ။
(ဃ) သတ်မှတ်ထားသောသင်ရိုးအတိုင်း အချိန်ပြည့်မီစွာ တက်ရောက်နိုင်သူ ဖြစ်ရမည်။

၃။ သင်တန်းနှင့် သက်ဆိုင်သော စာရွက်၊ စာတမ်းများနှင့် သတ်မှတ်ထားသည့် လျှောက်လွှာပုံစံများကို ရန်ကုန်စီးပွားရေးတက္ကသိုလ်(ကမာရွတ်နယ်မြေ)၊ အခန်း(၂၀၆) တွင် ၉-၇-၂၀၁၈ရက် (တနင်္လာနေ့)မှစတင်ရယူပြီး ၃-၈-၂၀၁၈ရက် (သော ကြာနေ့)အထိ နောက်ဆုံးထား၍ လျှောက်ထားနိုင်ပါသည်။

၄။ သင်တန်းဝင်ခွင့်ရေးဖြေစာမေးပွဲများကို ၂၀၁၈ ခုနှစ်၊ ဩဂုတ် ၁၂ ရက် (တနင်္ဂနွေနေ့)တွင် ရန်ကုန်စီးပွားရေးတက္ကသိုလ်(ကမာရွတ်နယ်မြေ)၌ ကျင်းပပါမည်။

၅။ ပြည့်စုံစွာဖော်ပြမှုမရှိသော လျှောက်လွှာများ၊ လုပ်သက်၊ ထောက်ခံချက်မပြည့်စုံသော လျှောက်လွှာများကို လက်ခံစဉ်းစားမည်မဟုတ်ပါ။

၆။ သင်တန်းဝင်ခွင့်ရေးဖြေစာမေးပွဲတွင် အဆင့်မီသူများအားလူတွေ့စစ်ဆေး ရွေးချယ်၍ လက်ခံပါမည်။

၇။ သင်တန်းနှင့်ပတ်သက်၍ ဖုန်းနံပါတ်-၀၁-၅၁၃၄၅၇ (MBF ရုံးခန်း)၊ ၀၁-၅၁၃၅၇၆ (ဝါဏိဇ္ဇဗေဒဌာနရုံးခန်း)တို့တွင် စုံစမ်းနိုင်ပါသည်။

**ဌာနမှူး၊ သင်တန်းရေးရာ**
**ရန်ကုန်စီးပွားရေးတက္ကသိုလ်**

### ဖခင်အမည်မှန်

ရမည်းသင်းမြို့နယ်၊ ပျဉ်းမတော(အလက) ပဥ္စမတန်းမှ မငြိမ်းငြိမ်းအိ၏ ဖခင်အမည်မှန်မှာ ဦးမြင့်ရွှေ ၉/ရမသ(နိုင်)၀၉၆၈၃၄ ဖြစ်ပါကြောင်း။

### အမည်မှန်

စဉ့်ကူးမြို့နယ်၊ နွယ်ရုံကျေးရွာ အထက(ခွဲ) တက္ကသိုလ်ဝင်တန်း(A)မှ မမြင့်မြတ်နန္ဒာစိုး၏ အမည်မှန်မှာ မမျိုးမြတ်နန္ဒာစိုး ဖြစ်ပါကြောင်း။

### ကန့်ကွက်နိုင်ကြောင်းအသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၂)၊ အကွက်အမှတ်(၁၅)ညံတောတောင်ရပ်၊ ဦးပိုင် အမှတ်(၁၄၄-ဃ)၊ မြေယာနံပါတ်(၂၀၄)၊ ဧရိယာ(၀ဒသမ၂၀)ဧကရှိ မြေကွက်အား ဦးသန်းထွေး၁၂/လမတ(နိုင်)၀၁၇၉၃၅က ဦးပိုင်ခွဲ၊ ဂရန်အမည်ပြောင်းပေးရန် လျှောက်ထားပြီးဖြစ်သဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ ၁၄ရက်အတွင်း အထောက်အထားခိုင်လုံစွာဖြင့် ပြင်ဦးလွင်ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက လုပ်ထုံးလုပ်နည်းများနှင့်အညီပြီးစီးအောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ပြင်ဦးလွင်ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

### ရန်ကုန်စီးပွားရေးတက္ကသိုလ် ညနေပိုင်းမဟာဘွဲ့သင်တန်းများ ဝင်ခွင့်လျှောက်လွှာခေါ်ယူခြင်း ကြေညာချက်

၁။ ရန်ကုန်စီးပွားရေးတက္ကသိုလ်၏ ၂၀၁၈-၂၀၁၉ ပညာသင်နှစ်အတွက် ဖွင့်လှစ်မည့် အောက်ပါမဟာဘွဲ့သင်တန်းများသို့ ဝင်ခွင့်လျှောက်ထားနိုင်ပါသည်။

(က) စီးပွားရေးလုပ်ငန်းစီမံခန့်ခွဲမှုမဟာဘွဲ့(EMBA)
(ခ) ပြည်သူ့ရေးရာစီမံခန့်ခွဲမှုမဟာဘွဲ့(EMPA)
(ဂ) ဖွံ့ဖြိုးရေးပညာမဟာဘွဲ့(EMDevs)

၂။ အဆိုပါမဟာဘွဲ့သင်တန်းများအတွက် အောက်ပါအရည်အချင်းများနှင့် ကိုက်ညီသူများ လျှောက်ထားနိုင်ပါသည်။

(က) အသိအမှတ်ပြုတက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီးသူဖြစ်ရမည်။
(ခ) အစိုးရဝန်ထမ်းဖြစ်လျှင် ပြန်တမ်းဝင်အရာရှိလုပ်သက်(၈)နှစ်ရှိရမည်။
(ဂ) ကုမ္ပဏီဝန်ထမ်းဖြစ်လျှင် Executive Level(စီမံခန့်ခွဲမှုအဆင့်) လုပ်သက် (၈) နှစ်ရှိရမည်။
(ဃ) ၁-၉-၂၀၁၈ရက်တွင် အသက်(၃၀)နှစ်ပြည့်ပြီးသူဖြစ်ရမည်။
(င) တက္ကသိုလ်တစ်ခုခုတွင် အခြားသင်တန်းတစ်ခုခုတက်ရောက်နေသူမဖြစ်စေရ။
(စ) သတ်မှတ်ထားသော သင်ရိုးအတိုင်း အချိန်ပြည့်မီစွာ တက်ရောက်နိုင်သူဖြစ်ရမည်။

၃။ သင်တန်းနှင့်သက်ဆိုင်သော စာရွက်စာတမ်းများနှင့် သတ်မှတ်ထားသည့် လျှောက်လွှာ ပုံစံများကို ဖော်ပြပါဌာနများ၌ ၉-၇-၂၀၁၈ရက်မှ စတင်ရယူပြီး ၆-၈-၂၀၁၈ရက် (တနင်္လာနေ့) နောက်ဆုံးထား၍ အဆိုပါဌာနများ၌ ပြန်လည်တင်သွင်းလျှောက်ထားနိုင်ပါသည်။

(က) EMBA သင်တန်းအတွက် စီမံခန့်ခွဲမှုပညာဌာန(ပတ္တမြားဆောင်)၊ ပါရမီလမ်း၊ ရန်ကုန်စီးပွားရေးတက္ကသိုလ်(လှိုင်နယ်မြေ)။
(ခ) EMPA သင်တန်းအတွက် အသုံးချဘောဂဗေဒဌာန(အခန်း-၁၁၂)၊ ရန်ကုန်စီးပွားရေး တက္ကသိုလ်(ကမာရွတ်နယ်မြေ)၊ အင်းလျားလမ်း။
(ဂ) EMDevs သင်တန်းအတွက် ဘောဂဗေဒဌာန (အခန်း-၁၀၆)၊ ရန်ကုန်စီးပွားရေး တက္ကသိုလ်(ကမာရွတ်နယ်မြေ)၊ အင်းလျားလမ်း။

၄။ သင်တန်းဝင်ခွင့်ရေးဖြေစာမေးပွဲကို ၂၀၁၈ခုနှစ်၊ ဩဂုတ်လ ၁၂ရက် (တနင်္ဂနွေနေ့)တွင် အောက်ပါနေရာများ၌ ကျင်းပပါမည်။

(က) EMBA သင်တန်းအတွက် ရန်ကုန်စီးပွားရေးတက္ကသိုလ်(လှိုင်နယ်မြေ)။
(ခ) EMPA နှင့် EMDevs သင်တန်းတို့အတွက် ရန်ကုန်စီးပွားရေး တက္ကသိုလ်(ကမာရွတ်နယ်မြေ)။

၅။ ပြည့်စုံစွာဖော်ပြမှုမရှိသော လျှောက်လွှာများ၊ လုပ်သက်၊ အသက်ထောက်ခံချက် မပြည့်စုံသော လျှောက်လွှာများကို လက်ခံစဉ်းစားမည်မဟုတ်ပါ။

၆။ သင်တန်းဝင်ခွင့်ရေးဖြေစာမေးပွဲတွင် အဆင့်မီသူများအား လူတွေ့စစ်ဆေး ရွေးချယ်၍ သင်တန်းသားဦးရေကန့်သတ်လက်ခံပါမည်။

၇။ သင်တန်းများနှင့်ပတ်သက်၍ ဖုန်း(EMBA ၀၉-၇၇၈၈၁၁၀၁၉၊ ၀၉-၉၆၃၃၅၉၄၅၉၊ ၀၉-၄၄၃၂၆၆၃၈၃) (EMPA-၀၁-၅၁၂၆၃၃၊ ၀၉-၄၃၁၂၇၂၃၆) (EMDevs-၀၁-၅၁၀၂၁၃) တို့တွင် အသေးစိတ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**ဌာနမှူး၊ သင်တန်းရေးရာ**
**ရန်ကုန်စီးပွားရေးတက္ကသိုလ်**

# Facebook လူမှုကွန်ရက် စံနှုန်းများ

မြန်မာပြည်က သုံးစွဲသူတွေဟာ နေ့စဉ်နေ့တိုင်း သူတို့အကြောင်းတွေကို သူငယ်ချင်းတွေနဲ့ မျှဝေဖို့၊ ကမ္ဘာတဝှမ်းက အဖြစ်အပျက်တွေကို အခြားသူတွေရဲ့ အမြင်တွေနဲ့အတူ သိရှိနိုင်ဖို့၊ သူငယ်ချင်းတွေနဲ့ ဆက်သွယ်ဖို့၊ သူတို့ စိတ်ဝင်စားတဲ့ အကြောင်းအရာတွေဖတ်ရှုဖို့အတွက် Facebook ကို အသုံးပြုကြပါတယ်။ ဒီလိုမျှဝေတဲ့အခါ သုံးစွဲသူ အချင်းချင်း လုံခြုံစိတ်ချပြီး လေးစားမှုရှိတဲ့ ပတ်ဝန်းကျင်ဖြစ်နေဖို့ အလွန်ပဲ အရေးကြီးပါတယ်။ ဒါကြောင့် Facebook မှာ ဘယ်လိုအကြောင်းအရာတွေ ခွင့်ပြုတယ်၊ မပြုဘူးဆိုတာတွေကို လူမှုကွန်ရက်စံနှုန်းတွေ အနေနဲ့ ပြဋ္ဌာန်းထားပါတယ်။ Facebook ပေါ်မှာ မရှိသင့်ဘူးလို့ထင်တဲ့ အကြောင်းအရာတွေကိုလည်း Facebook ကို တိုင်ကြားနိုင်ပါတယ်။ တိုင်ကြားချက် အားလုံးကို အမည်လျှို့ဝှက်ထားမှာ ဖြစ်ပြီးတော့ သင်တိုင်ကြားထားတဲ့ အကြောင်းအရာက Facebook ရဲ့ မူဝါဒတွေကို ချိုးဖောက်၊မဖောက် ဆိုတာကိုလည်း ပြန်လည်အသိပေး ပြောကြားပေးသွားမှာ ဖြစ်ပါတယ်။



Facebook ၏ လူမှုကွန်ရက်ဆိုင်ရာ စံနှုန်းများကို သင်သိပါသလား။




ကျေးဇူးပြု၍ အမုန်းစကား မပြောပါနှင့်။



အွန်လိုင်းပေါ်တွင် အခြားသူများအား အနိုင်ကျင့်ခြင်းနှင့် နှောင့်ယှက်ခြင်းကို တားမြစ်သည်။



ကျေးဇူးပြု၍ အကြမ်းဖက်မှုများနှင့် ခြိမ်းခြောက်မှုများ Post မလုပ်ပါနှင့်။




Facebook စည်းမျဉ်း ချိုးဖောက်သည့် အကြောင်းအရာ အားလုံးကိုတိုင်ကြားနိုင်ပါသည်။ စည်းကမ်းချိုးဖောက်သည့် အကြောင်းအရာတွေ တိုင်ကြားနည်းကို သိနားလည်ရန် www.facebook.com/help/reportlinks ကိုဝင်ရောက်ဖတ်ရှုနိုင်ပါသည်။

**facebook** Learn more at: https://www.facebook.com/safety/resources/myanmar

Ma Thel Nu Soe
Ph : 099692252703

# စစ်တက္ကသိုလ်ဗိုလ်လောင်းအလိုရှိသည်

၁။ လျှောက်ထားသူသည်-

(က) ၂၀၁၉ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်နေ့တွင် အသက်(၁၆)နှစ် အောက် မငယ်ရ၊ (၁၈)နှစ်ထက် မကြီးရ။

(ခ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ (လူပျို) ဖြစ်ရမည်။

(ဂ) အနည်းဆုံးအရပ် (၅)ပေ၊ (၃)လက်မနှင့် ကိုယ်အလေးချိန် ပေါင်(၁၀၀)ထက်မနည်းရ၊ပေါင်(၁၄၀) ထက်မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူများ မဖြစ်စေရ။

(င) **၂၀၁၇ခုနှစ်(သို့မဟုတ်)၂၀၁၈ခုနှစ်**တွင် ကျင်းပပြုလုပ်ခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲတွင် ဖြေဆို အောင်မြင်သူ ဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် **၂၀၁၈ခုနှစ်၊ ဇွန်လ (၇)** ရက်နေ့မှစ၍ အခမဲ့ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ် ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(**မူရင်း**)နှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံ ပူးတွဲတင်ပြရမည်။

၄။ လျှောက်လွှာကို **၂၀၁၈ခုနှစ်၊ ဇူလိုင်လ (၂၆)ရက်နေ့** နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူခဲ့သော **တိုင်းစစ်ဌာနချုပ်များ**သို့ ပြန်လည်ပေးပို့ကြရမည်။

၅။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီး အရည်အချင်းပြည့်မီသော လျှောက်လွှာရှင်များသာ စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်း **ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ**ကို ဖြေဆိုကြရမည်။

၆။ စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲတွင် တက္ကသိုလ်ဝင်စာမေးပွဲ သင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်-

(က) အင်္ဂလိပ်စာ။

(ခ) သင်္ချာ။

၇။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၁၈ ခုနှစ်၊ ဩဂုတ်လ (၁၉)ရက်နေ့**တွင် မိမိတို့လျှောက်လွှာ တင်သွင်းရာ တိုင်းစစ်ဌာနချုပ်တည်ရှိသည့်မြို့၌ ဖြေဆိုကြရမည်။

၈။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုရမည့်**နေရာနှင့်အချိန်**ကို သတင်းစာမှ ကြော်ငြာပေးမည်။

၉။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၁၀။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက် အစစ်ဆေးခံရမည်။ တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။

၁၁။ သတ်မှတ်ထားသည့်အချက်အလက်များ တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ မိမိတို့ လျှောက်လွှာတင်သွင်းသည့်ဌာနတွင် ရွေးချယ်ခြင်းခံရသည်/မခံရ သည်ကို သွားရောက်စုံစမ်းမေးမြန်းနိုင်သည်။

**စစ်ရာထူးခန့်ချုပ်ရုံး**

**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

# တပ်မတော်နည်းပညာတက္ကသိုလ်ဗိုလ်လောင်းအလိုရှိသည်

၁။ လျှောက်ထားသူသည်-

(က) ၂၀၁၉ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်နေ့တွင် အသက်(၁၆)နှစ် အောက် မငယ်ရ၊ (၁၈)နှစ်ထက် မကြီးရ။

( ခ ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ (လူပျို)ဖြစ်ရမည်။

( ဂ ) အနည်းဆုံးအရပ် (၅)ပေ၊ (၃)လက်မနှင့် ကိုယ်အလေးချိန် ပေါင်(၁၀၀)ထက်မနည်းရ၊ပေါင်(၁၄၀) ထက်မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူများ မဖြစ်စေရ။

( င ) **၂၀၁၈ခုနှစ်**တွင်ကျင်းပပြုလုပ်ခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲတွင် **သိပ္ပံဘာသာတွဲ(သို့မဟုတ်) ဝိပ္ပံဘာသာတွဲ**ဖြင့် ဖြေဆိုအောင်မြင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် **၂၀၁၈ခုနှစ်၊ ဇွန်လ (၇)** ရက်နေ့မှစ၍ အခမဲ့ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(**မူရင်း**)နှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံ ပူးတွဲတင်ပြရမည်။

၄။ လျှောက်လွှာကို **၂၀၁၈ခုနှစ်၊ ဇူလိုင်လ (၂၆)ရက်နေ့** နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူခဲ့သော **တိုင်းစစ်ဌာနချုပ်များ**သို့ ပြန်လည်ပေးပို့ကြရမည်။

၅။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီး အရည်အချင်းပြည့်မီသော လျှောက်လွှာရှင်များသာ တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်း **ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ**ကို ဖြေဆိုကြရမည်။

၆။ တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်းဝင်ခွင့် အရည်အချင်းစစ်စာမေးပွဲတွင် တက္ကသိုလ်ဝင် စာမေးပွဲ သင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်-

(က) အင်္ဂလိပ်စာ။

( ခ ) သင်္ချာ။

၇။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၁၈ ခုနှစ်၊ ဩဂုတ်လ (၁၈)ရက်နေ့**တွင် မိမိတို့လျှောက်လွှာတင်သွင်းရာ တိုင်းစစ်ဌာနချုပ်တည်ရှိသည့်မြို့၌ ဖြေဆိုကြရမည်။

၈။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုရမည့်**နေရာနှင့်အချိန်**ကို သတင်းစာမှ ကြော်ငြာပေးမည်။

၉။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၁၀။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရမည်။ တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။

၁၁။ သတ်မှတ်ထားသည့်အချက်အလက်များ တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ မိမိတို့ လျှောက်လွှာတင်သွင်းသည့်ဌာနတွင် ရွေးချယ်ခြင်းခံရသည်/မခံရသည်ကို သွားရောက်စုံစမ်းမေးမြန်းနိုင်သည်။

**စစ်ရာထူးခန့်ချုပ်ရုံး**

**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

# တပ်မတော်ဆေးတက္ကသိုလ်ဗိုလ်လောင်းအလိုရှိသည်

၁။ လျှောက်ထားသူသည်-

(က) ၂၀၁၉ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်နေ့တွင် အသက်(၁၆)နှစ် အောက် မငယ်ရ၊ (၁၈)နှစ်ထက် မကြီးရ။

(ခ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ (လူပျို)ဖြစ်ရမည်။

(ဂ) အနည်းဆုံးအရပ် (၅)ပေ၊ (၃)လက်မနှင့် ကိုယ်အလေးချိန် ပေါင်(၁၀၀)ထက်မနည်းရ၊ပေါင်(၁၄၀) ထက်မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူများ မဖြစ်စေရ။

(င) **၂၀၁၈ ခုနှစ်**တွင် ကျင်းပပြုလုပ်ခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲတွင် **သိပ္ပံဘာသာတွဲ**ဖြင့်ဖြေဆို အောင်မြင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် **၂၀၁၈ခုနှစ်၊ ဇူန်လ (၇)** ရက်နေ့မှစ၍ အခမဲ့ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ် ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(**မူရင်း**)နှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံ ပူးတွဲတင်ပြရမည်။

၄။ လျှောက်လွှာကို **၂၀၁၈ခုနှစ်၊ ဇူလိုင်လ (၂၆)ရက်နေ့** နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူခဲ့သော **တိုင်းစစ်ဌာနချုပ်များ**သို့ ပြန်လည်ပေးပို့ကြရမည်။

၅။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီးအရည်အချင်းပြည့်မီသောလျှောက်လွှာရှင်များသာ တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း **ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ**ကို ဖြေဆိုကြရမည်။

၆။ တပ်မတော်ဆေးတက္ကသိုလ်ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲတွင် တက္ကသိုလ်ဝင် စာမေးပွဲ သင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်-

(က) အင်္ဂလိပ်စာ။

(ခ) ဇီဝဗေဒ။

၇။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၁၈ ခုနှစ်၊ ဩဂုတ်လ (၁၇)ရက်နေ့**တွင် မိမိတို့လျှောက်လွှာ တင်သွင်းရာ တိုင်းစစ်ဌာနချုပ်တည်ရှိသည့်မြို့၌ ဖြေဆိုကြရမည်။

၈။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုရမည့်**နေရာနှင့်အချိန်**ကို သတင်းစာမှ ကြော်ငြာပေးမည်။

၉။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၁၀။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက် အစစ်ဆေးခံရမည်။ တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။

၁၁။ သတ်မှတ်ထားသည့်အချက်အလက်များ တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ မိမိတို့ လျှောက်လွှာတင်သွင်းသည့်ဌာနတွင် ရွေးချယ်ခြင်းခံရသည်/မခံရ သည်ကို သွားရောက်စုံစမ်းမေးမြန်းနိုင်သည်။

**စစ်ရာထူးခန့်ချုပ်ရုံး**

**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

## ကြော်ငြာ

ရခိုင်ပြည်နယ်အစိုးရအဖွဲ့၊ အစိုးရရုံးတွင် ရုံးကိုအကြီးစားပြင်ဆင်မည်ဖြစ်ပြီး တင်ဒါစနစ်ဖြင့်ကုမ္ပဏီများကိုရွေးချယ်၍ လုပ်ငန်းလုပ်ဆောင်ခွင့်ပေးသွားမည်ဖြစ်ပါသည်။

ပါဝင်သောလုပ်ငန်းများမှာ

**Lot(1)**

(၁) ရုံးကိုအကြီးစားပြင်ဆင်ခြင်း
- ကြမ်းခင်းလဲခြင်း၊ ပြုပြင်ခြင်း
- အမိုးလဲလှယ်ခြင်း၊ ပြန်မိုးခြင်း
- မျက်နှာကြက်လုပ်ငန်း
- ရေသန့်အိမ်သာဆိုင်ရာလုပ်ငန်း

**Lot(2)**

(၂) လျှပ်စစ်ပိုင်းဆိုင်ရာလုပ်ငန်းများဖြစ်ပါသည်။

စိတ်ဝင်စားသော ကုမ္ပဏီများအနေဖြင့် လျှောက်လွှာကို ရခိုင်ပြည်နယ်၊ တည်ဆောက်ရေးလုပ်ငန်းစိစစ်ရေးကော်မတီရုံးတွင် တင်ဒါပုံစံနှင့် လျှောက်လွှာများကို ဝယ်ယူလျှောက်ထားပြီး ၃၁-၇-၂၀၁၈ရက်တွင် လျှောက်လွှာများပိတ်သိမ်းမည်ဖြစ်ပါသည်။ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၉-၄၀၂၉၀၅၀၁၈၊ ၀၉-၇၇၄၃၁၉၅၆၀ သို့ မေးမြန်းနိုင်ပါသည်။

**ပြည်နယ်တည်ဆောက်ရေးလုပ်ငန်းစိစစ်ရေးကော်မတီ**

## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
## မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းလက်အောက်ရှိ အမှတ်(၄)ဓာတ်မြေဩဇာ စက်ရုံ(မြောင်းတကာ)မှ ယူရီးယားဓာတ်မြေဩဇာ စုစုပေါင်း ၅၀၀၀တန်(တန်ငါးထောင်)ခန့်အား တင်ဒါခေါ်ယူရောင်းချမည်ဖြစ်ရာ အဆိုပြုလွှာ တင်သွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ **တင်ဒါတင်သွင်းရမည့်နောက်ဆုံးရက် အချိန်နှင့်နေရာ** - ၆-၈-၂၀၁၈ရက်(တနင်္လာနေ့)၊ ၁၂:၀၀နာရီ၊ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း(ရုံးချုပ်)၊ ရုံးအမှတ် ၄၄၊ နေပြည်တော်

၃။ **တင်ဒါဖွင့်လှစ်မည့်ရက်နှင့်အချိန်** - ၆-၈-၂၀၁၈ရက် ၁၄:၀၀နာရီ

၄။ တင်ဒါစည်းကမ်းချက်နှင့် တင်ဒါပုံစံများအား လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန Website (www.moee.gov.mm)တွင် ၂၃-၇-၂၀၁၈ရက်မှစ၍ ဝင်ရောက်ကြည့်ရှုပြီး Download ရယူနိုင်ပါသည်။

၅။ အသေးစိတ်သိရှိလိုပါက မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ ကုန်ထုတ်လုပ်မှုဌာန၊ ဖုန်း-၀၆၇-၃၄၁၁၀၈၂၊ ၀၆၇-၃၄၁၁၀၉၃ သို့ရုံးချိန်အတွင်း ဆက်သွယ်၍ မေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း**

## ရန်ကုန်မြို့၊ အဘိဓမ္မာပြန့်ပွားရေးအသင်းကြီး၏(ပထမ)အကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ ဖိတ်ကြားလွှာ

ဤအသင်းကြီး၏(ပထမ)အကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို အောက်ပါအစီအစဉ် အတိုင်း ကျင်းပမည်ဖြစ်ပါ၍ အသင်းသူအသင်းသားများနှင့် ဝါဆိုသင်္ကန်း ဆက်ကပ်လိုသူများ ကြွရောက်နိုင်ပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

**ကျင်းပမည့်နေ့** - ၁၃၈၀ပြည့်နှစ်၊ ဒုတိယဝါဆိုလဆန်း(၁၁)ရက်၊ (၂၃-၇-၂၀၁၈)တနင်္လာနေ့၊
**ကျင်းပမည့်အချိန်** - နံနက် (၉း၀၀)နာရီ၊ [ နံနက် (၁၀း၄၅)နာရီဆွမ်းကပ်ပါမည်။ ]
**ကျင်းပမည့်နေရာ** - အဘိဓမ္မ ရတနာဃရ အဘိဓမ္မာ ဓမ္မဗိမာန်တော်ကြီး၊ ၅ ထပ် - 'ဖွား ၊ ပွင့် ၊ ဟော၊ စံ၊ ဗုဒ္ဓဝင်ခန်းမ'၊ ၄၉/၅၁၊ ကမ္ဘာအေးဘုရားလမ်း၊ ဗဟန်း။

**အခမ်းအနားအစီအစဉ်(အကျဉ်း)**

(၁) ငါးပါးသီလခံယူခြင်း၊ ပရိတ်တရားတော်များနာယူခြင်း၊
(၂) ဝါဆိုသင်္ကန်းများအား အသင်းကြီး၏ဩဝါဒါစရိယဆရာတော်(၁၁)ပါး၊ အဘိဓမ္မ(၇)ကျမ်းစာချဆရာတော်(၅)ပါး၊ အဘိဓမ္မ(၇)ကျမ်းစာတော်ပြန်ပွဲ၌ စာထောက်+စာမ(စာစစ်)ဆရာတော်(၁၂၆)ပါးတို့အား ဝါဆိုသင်္ကန်းများကို အလှူရှင်များမှ ဆက်ကပ်လှူဒါန်းခြင်း၊
(၃) ဒေါက်တာအရှင်ဉာဏိဿရမဟာထေရ်(သီတဂူဆရာတော်)ထံမှရေစက်ချတရားနာယူခြင်း၊
သံဃာတော်အရှင်မြတ်တို့အား ဝါဆိုသင်္ကန်းလှူဒါန်းဆက်ကပ်လိုပါက ဆူးလေ စေတီတော်ရင်ပြင်(အနောက်ဘက်မုခ်) ဤအသင်းကြီး၏ရုံးခန်း၌ ယခုလ(၅)ရက်နေ့မှ(၂၂)ရက်နေ့ ရုံးချိန်အတွင်း ကြိုတင်စာရင်းပေးသွင်းလှူဒါန်းနိုင်ပါသည်။ (ရုံးဖုံး - ၀၁ ၃၇၈ ၄၅၇) **အမှုဆောင်အဖွဲ့**

## ပညာရေးဝန်ကြီးဌာန
## အဆင့်မြင့်ပညာဦးစီးဌာန
## မန္တလေးကွန်ပျူတာတက္ကသိုလ်
## ပထမနှစ်သင်တန်း ဝင်ခွင့်လျှောက်လွှာခေါ်ယူခြင်း

(က) ၂၀၁၈ခုနှစ်တွင် ကျင်းပခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲတွင် စုစုပေါင်း ရမှတ်(၄၅၀)နှင့်အထက် ရရှိအောင်မြင်ခဲ့သူများ လျှောက်ထားနိုင်သည်။ စုစုပေါင်း ကျောင်းသား/ ကျောင်းသူဦးရေ ၂၅၀ ဦး လက်ခံမည်။

(ခ) တက္ကသိုလ်ဝင်စာမေးပွဲတွင် မြန်မာတစ်နိုင်ငံလုံးရှိ စာစစ်ဌာနများမှ သင်္ချာ၊ ဓာတုဗေဒ၊ ရူပဗေဒ၊ ဘာသာရပ်များပါဝင်သည့် ဘာသာတွဲတစ်ခုခုဖြင့် ဖြေဆိုအောင်မြင်သူများ လျှောက်ထားနိုင်သည်။

(ဂ) ဝင်ခွင့်လျှောက်ထားသူသည် တက္ကသိုလ်ဝင်ခွင့်လျှောက်ထားချိန်၌ တည်ဆဲနိုင်ငံသားဖြစ်မှုဥပဒေနှင့် ကိုက်ညီသောနိုင်ငံသားဖြစ်ရမည်။

(ဃ) လျှောက်ထားလိုသူများသည် မန္တလေးကွန်ပျူတာတက္ကသိုလ်သို့ သတ်မှတ်လျှောက်လွှာပုံစံဖြင့် လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှဖြစ်စေ တိုက်ရိုက်လျှောက်ထားနိုင်သည်။ ဝင်ခွင့်လျှောက်ထားသူများသည် အောက်ပါတို့ကို ပူးတွဲတင်ပြရမည်။

(၁) တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်(သို့) အောင်မြင်ကြောင်းထောက်ခံစာ
(၂) အမှတ်စာရင်း(မူရင်း)
(၃) နိုင်ငံသားစိစစ်ရေးကတ်ပြား(မိတ္တူ) (သို့) နိုင်ငံသားလက်မှတ်(မိတ္တူ) (သို့) နိုင်ငံသားဖြစ်ရန်လျှောက်ထားဆဲဖြစ်ပါက သက်ဆိုင်ရာလူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန၏ ထောက်ခံစာမူရင်း

(င) သင်တန်းကာလမှာ (၅)နှစ်ဖြစ်ပြီး အထူးပြုဘာသာရပ်အလိုက် အောင်မြင်ပြီးမြောက်သူများကို အောက်ပါကွန်ပျူတာဆိုင်ရာဘွဲ့များ ပေးအပ်ချီးမြှင့်သွားမည်။

(၁) B.C.Sc (Software Engineering)
(၂) B.C.Sc (knowlege Engineering)
(၃) B.C.Sc (Business Information Systems)
(၄) B.C.Sc (High Performance Computing)
(၅) B.C.Tech (Computer Communication and Networks)
(၆) B.C.Tech (Embedded Systems)

(စ) အဆင့်မီပါက မဟာဘွဲ့သင်တန်းနှင့် ပါရဂူဘွဲ့သင်တန်းများသို့ အဆင့်ဆင့်ဆက်လက်တက်ရောက်ခွင့်ရှိသည်။

(ဆ) တက္ကသိုလ်ဝင်ခွင့်စိစစ်လက်ခံခြင်းကို အောက်ပါအတိုင်း ဆောင်ရွက်မည်။
- **လျှောက်လွှာလက်ခံမည့်ကာလ** ၁၅-၆-၂၀၁၈ရက်မှ ၁၅-၇-၂၀၁၈ရက်ထိ
- **ဝင်ခွင့်ရရှိသူများစာရင်းကြေညာခြင်း** ၁၅-၈-၂၀၁၈ရက်
- **ကျောင်းအပ်လက်ခံခြင်း** ၁၆-၈-၂၀၁၈ရက်မှ ၁၂-၉-၂၀၁၈ရက်ထိ

(ဇ) သင်တန်းဆိုင်ရာ အသေးစိတ်အချက်အလက်များကို မန္တလေးကွန်ပျူတာတက္ကသိုလ် website www.ucsm.edu.mm တွင် ကြည့်ရှုနိုင်ပြီး ဖုန်း-၀၉-၈၉၆၅၀၂၂၁၅နှင့် ၀၉-၇၈၆၅၀၅၀၁၂တို့သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မန္တလေးတိုင်းဒေသကြီး၊ ဥပဒေချုပ်ရုံးမှ ကွန်ပျူတာ (၁၂)စုံ၊ ပရင်တာ (၅)လုံး၊ ဖက်စ် Fax(၁၇) လုံး၊ လေအေးပေးစက် (၂)လုံး၊ E.Government (EDMS) နှင့်စပ်ဆိုင်သည့် စက်ပစ္စည်းကိရိယာ တန်ဆာပလာများဝယ်ယူတပ်ဆင်ခြင်းနှင့် အစည်းအဝေးခန်းမသုံး စားပွဲများဝယ်ယူရန် မန္တလေးတိုင်းဒေသကြီးဘဏ္ဍာရန်ပုံငွေအစီအစဉ်ဖြင့် ၂၀၁၈ ခုနှစ် ဧပြီလမှ စက်တင်ဘာလ (၆လဘတ်ဂျက်)တွင် တင်ဒါခေါ်ယူ၍ ဝယ်ယူဖြည့်တင်းဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၂။ အဆိုပါ စက်ပစ္စည်း၊ ပရိဘောဂများအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ဝယ်ယူမည်ဖြစ်ပါသဖြင့် တင်ဒါလျှောက်လွှာများကို တစ်စုံလျှင် ၂၀၀၀ိ/(ကျပ်နှစ်ထောင်တိတိ)ဖြင့် မန္တလေးတိုင်းဒေသကြီး ဥပဒေချုပ်ရုံး၌ အောက်ပါအတိုင်းဝယ်ယူနိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်-

**(က) လျှောက်လွှာ စတင်ရောင်းချမည့်ရက်** - ၄-၇-၂၀၁၈ရက်

**(ခ) လျှောက်လွှာနောက်ဆုံး အပ်နှံရမည့်ရက်** - ၁၇-၇-၂၀၁၈ရက်

၃။ အသေးစိတ်အချက်အလက်များအား သိရှိလိုပါက မန္တလေးတိုင်းဒေသကြီးဥပဒေချုပ်ရုံး ဖုန်း-၀၂-၆၈၁၅၀၊ ၀၂-၄၀၃၂၀၆၄သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**မန္တလေးတိုင်းဒေသကြီးဥပဒေချုပ်ရုံး**

## ဖခင်အမည်မှန်

ကချင်ပြည်နယ်၊ မိုးမောက်မြို့နယ်၊ အထက မိုင်းခတ်ကျောင်း တက္ကသိုလ်ဝင်တန်း (A)မှ မောင်မြင့်ဦး၏ ဖခင်အမည်မှန်မှာ ဦးလောစီဖြစ်ပါသည်။ **ဦးလောစီ**

## အမည်မှန်

နမ့်ခမ်းမြို့၊ အထက(၂)၊ တက္ကသိုလ်ဝင်တန်း(B)မှ မောင်စိုးဟန်၏ အမည်မှန်မှာ မောင်နိုင်စိုးဟန်ဖြစ်ပြီး ဖခင်အမည်မှန်မှာ ဦးအောင်ထွန်း ၁၃/နခန(နိုင်)၀၅၈၂၇၁ ဖြစ်ပါကြောင်း။

## ကန့်ကွက်နိုင်ပါကြောင်း

ဗန်းမော်မြို့ (၂)မိုင် အောင်သာရပ်ကွက်၊ အကွက်အမှတ်(၆၇)၊ ဦးပိုင်အမှတ်(၅)၊ မြေဧရိယာ(၁.၇၉၀)ဧကရှိမြေကွက်ကို စိန်ဇရီးဂျစ်ဘုရားကျောင်းအဖြစ် လွန်ခဲ့သော နှစ် (၅၀) မှစတင်၍ အဆောက်အအုံဆောက်လုပ်အသုံးပြုလျက်ရှိရာ အဆိုပါမြေကွက်ကို စိန်ဇရီးဂျစ်ဘုရားကျောင်းအမည်ဖြင့် အခွန်လွတ်သာသနာ့မြေ မြေငှားဂရန်သစ် လျှောက်ထားမည်ဖြစ်ပါ၍ ကန့်ကွက်လိုသူရှိပါက အထောက်အထားခိုင်လုံစွာဖြင့် ကြော်ငြာသည့်ရက်မှ (၇) ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက အခွန်လွတ်သာသနာ့မြေ မြေငှားဂရန်သစ် လျှောက်ထားမှုကို ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးဘရန်လီ(ဒု-ဥက္ကဋ္ဌ)**
**သာသနာ့အကျိုးဆောင်၊စိန်ဇရီးဂျစ်ဘုရားကျောင်း**
